www.burmeseclassic.com

# ပြုံးပြုံးနှင်းဆီ

## သားအသက်ကလေး ပြန်ပေးပါ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ယဉ်မိုးပိုင်<br>(ဆောင်းညပြာသို စာပေ)<br>အမှတ်–၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | ဒေါ်နီနီနိုင် (၀၇၁၃၅)<br>သီရိမေရောင်စုံပုံနှိပ်တိုက်<br>အမှတ်(၁၉)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။<br>ဖုံး–၀၁ ၃၉၉၀၆၄ |
| အတွင်းဖလင် | – | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | – | သီရိမေ |
| ကွန်ပျူတာစာစီ | – | (Asia Glory) |
| ပုံနှိပ်ခြင်း | – | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ<br>(ပထမအကြိမ်) |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ |

၈၉၅ . ၈၃

မှုပိုင်နှင်းဆီ

သားအသက်ကလေးပြန်ပေးပါ /မှုပိုင်နှင်းဆီ – ရန်ကုန်

ဆောင်းညပြာသို စာပေ၊ ၂၀၁၄ အောက်တိုဘာ

၂၀၃ စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၇၈ စင်တီ

(၁) သားအသက်ကလေးပြန်ပေးပါ


မင်္ဂလာပါရှင်. . .

ဒီဝတ္ထုလေးအကြောင်း မပြောခင်မှာ ကျွန်မချစ်တဲ့ ပရိသတ်ကြီးတွေကို ဆုတောင်းစကားလေး အရင်ပြောပါရစေနော်. .

လာမဲ့နေ့သစ်တွေမှာ အမျက်ဒေါသတွေ နည်းပါးပြီး စိတ်၏တည်ငြိမ်ခြင်း၊ အေးချမ်းခြင်းနဲ့အတူ ဘယ်ဘက်က တစ်ဆုပ်ကြွလို့ ညာဘက်က တစ်လှည်း ဝင်နိုင်လောက်အောင် စီးပွားရေးတွေ အဆင်ပြေပါစေ။ လှူနိုင်တန်းနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်ရှင်။

လူ့ဘဝမှာ မတူညီတဲ့ စိတ်ထားလေးတွေ ရှိကြစမြဲမို့ ကိုယ့်ခံယူချက်နဲ့ကိုယ် လျှောက်လှမ်းခဲ့ကြတဲ့ မိသားစု နှစ်စုအကြောင်းကို ကျွန်မ ရေးပြပါ့မယ်။

အပြင်မှာလည်း တကယ်နီးနီးကပ်ကပ်ရှိနိုင်တဲ့ character မျိုးပါ။ လူတိုင်းလူတိုင်းဟာ တစ်နေ့တော့သေရမှာပါ။ မသေခင်အချိန်တိုလေးအတွင်းမှာတော့ ကိုယ့်ခံယူချက်အတိုင်း၊ ကိုယ်မှန်တယ်ထင်

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ပြုံမှုနေထိုင်ခဲ့ပေမယ့် နောင်တစ်ချိန်မှာ နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ မရှုနိုင် မကယ်နိုင်ဖြစ်မယ့်အစား ဆင်းရဲချင် ဆင်းရဲပါစေ . . ဘယ်တော့မှ နောင်တမရနိုင်မယ့်ဘဝမျိုးနဲ့ ရှင်သန်နေထိုင်ခွင့်ရခဲ့ရင် . . .

ကျွန်မရဲ့ပရိသတ်တွေရော . . အဲဒီဘဝနှစ်ခုမှာ ဘယ်လိုဘဝမျိုးနဲ့ နေထိုင်ချင်ပါသလဲရှင် . . .။

ဝိုက်ဆံရှိပြီး သိက္ခာမရှိသူတွေအတွက် . . .

မှုပိုင်နှင်းဆီ



(၁)

♫ နေ့လည်း ရိုက် × × ညလည်း ရိုက် × × ဒါဟာ daily duty မနက်လည်း ရိုက် × × ညလည်း ရိုက်မယ် × × × facebook crazy . . . ♫

ဟဲလေးရဲ့သီချင်းကို ထိပ်ဆုံးခရဲ့အထိန်းတော်တွေက ဆိုတတ်သလို ဆိုပေးနေကြသည်။

စာသားတွေက မှန်ချင်မှ မှန်မည်။ ဖေ့စ် ဘုတ်ကို ဖေ့ဘုတ်ဟု ဆိုနေကြသည်။ ဒီသီချင်းကို ထိပ်ထိပ်က အသေကြိုက်တော့ သူတို့ရဲ့ဆိတ်ဦးနှောက်ကလေးတွေက အသေအကြေမှတ်ထားရသည်။ ရအောင် ကျက်ထားရသည်။ အဲဒီသီချင်းဆိုပေးရင် ထိပ်ထိပ်လေးက ဖင်ကုလေး လိမ်လိမ်ပြီး ကတတ်သည်မို့ အားလုံးက ပွဲတွေကျနေကြသည်။

"ဟယ် . . တို့သမီးလေးက တော်လိုက်တာတော့ . . ကတာမှ ဖင်လေးကို လိမ်နေတာပဲ၊ ကြီးလာရင် မင်းသမီးလုပ်လို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကပါဦး ထိပ်ထိပ်ရယ်၊ မမတို့ ပျင်းနေလို့"

ထိပ်ထိပ်မှာ အထိန်းတော် ငါးယောက်တောင်ရှိသည်။

အယ်နီနဲ့အယ်လီဟုခေါ်သည့် ကရင်မကလေး နှစ်ယောက်၊ ထွေးထွေးနဲ့ မိလှိုင်ဟုခေါ်သည့် ကောင်မလေးက နှစ်ယောက်ရှိပြီး ကြီးစိုးဟုခေါ်သည့် အဒေါ်ကြီးက ထိပ်ထိပ်ရဲ့စားရေးသောက်ရေးကို အထူးတာဝန်ယူထားရသည်။

ထိပ်ထိပ်ရဲ့မိဘတွေက နာမည်ကြီးစီးပွားရေးလုပ်ငန်းရှင်ကြီးတွေဖြစ်ကာ တစ်ချိန်လုံး အလုပ်မှအလုပ်၊ ငွေ ‧ ငွေ ‧ ငွေနဲ့ သူတို့ဦးနှောက်ထဲမှာ ငွေပဲ ရှိသည်။ ချမ်းသာလိုက်တာမှ ကျိကျိတက်။ ဒါနဲ့တောင် ဘာကို လောဘတွေကြီးပြီး ငွေကို သဲကြီးမဲကြီးရှာနေသလဲဆိုတာ သူတို့မှပဲ သိမှာ။ သူတို့ဆီမှာပဲ အဖြေက ရှိလိမ့်မည်။

ရွှေတောင်ကြားထဲက ခြံနှင့်အိမ်ကို ကျဉ်းလို့ဆိုပြီး သုဝဏ္ဏဘက်မှာ ခြံအကျယ်ကြီးနှင့် အရမ်းကို ကျက်သရေရှိတဲ့ ခမ်းနားတဲ့ အိမ်ကြီးကို ထပ်ပြီးဝယ်သည်။

မြက်ခင်းစိမ်းစိမ်းလေးတွေနဲ့ ရေကူးကန်နဲ့ ခြံကြီးက ပုံပြင်တွေထဲက နန်းတော်ကြီးတွေလိုပဲ ခမ်းနားလေသည်။

ဒီအိမ်ကြီးမှာတော့ ထိပ်ထိပ်က ဘုရင်မပဲ။ ထိပ်ထိပ်လိုချင်တာဆိုရင် နာရီမဆိုင်း ချက်ချင်းရစေတဲ့ စေတစ်လုံးပိုင်ရှင်မလေးပါ။





ထိပ်ထိပ်ရဲ့အဘိုးအဘွားတွေမှာ တန်ဖိုးကြီးအိမ်ခြံမြေတွေ လက်ဆယ်ချောင်းလောက်တော့ အသာလေး ရှိလောက်သည်။ ပြည်လမ်း၊ အာဇာနည်လမ်း၊ ရှစ်မိုင်၊ ကိုးမိုင်၊ ဗဟန်းဘက်မှာ ခြံတွေ၊ တိုက်တွေ ပိုင်ပြီး လူမနေတဲ့ ခြံနဲ့ အိမ်တွေကိုတော့ နိုင်ငံခြားသားတွေကို ဒေါ်လာနဲ့ငှားစားပြီး ထောနေကြတာ။ ကွန်ဒိုတွေဆိုလည်း ဒီအတိုင်းပဲ။

ဒါနဲ့များတောင် ထိပ်ထိပ်ရဲ့အဘိုး ဦးမင်းခေါင်နဲ့ အဘွား ဒေါ်ကလျာတင်တို့မှာ လောဘကို အတောမသတ်နိုင်အားပါ။ တရားဘာဝနာနဲ့ သံသရာက လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အားမထုတ်နိုင်ကြသေးပါ။ သူတို့သမီး နေဇာမင်းခေါင်လိုပဲ စီးပွားရေးမှာ လောဘကြီးလေသည်။

အဲဒီတော့ သူတို့တွေရဲ့အမွေကိုဆက်ခံမယ့် ထိပ်ထိပ်လေးကတော့ တော်တော့ကို ကံထူးတဲ့ မဟာကံထူးရှင်မလေးပေါ့ ‧ ‧ ‧။

ထိပ်ထိပ်လေးဟာ အားလုံးက ဝိုင်းပြီး အလိုလိုက်ဖူးဖူးမှုတ်ထားလို့ နည်းနည်းတော့ ဆိုးချင်သည်။ သမီးတစ်ယောက်တည်း မွေးထားတော့ တစ်ကိုယ်ကောင်းစိတ်လေးကလည်း ရှိသည်။ အားလုံးရဲ့အချစ်ကို သူတစ်ယောက်တည်းလိုချင်တာမျိုးပေါ့။

ထိပ်ထိပ်ဟာ ငါးနှစ်ပဲ ရှိသေးပေမယ့် အတ္တကလေးနဲ့ ဆို



www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲ။ လူတွေအားလုံးရဲ့ဂရုစိုက်မှုနဲ့ ချစ်ခြင်းမေတ္တာကို တစ်ဦးတည်းမှုပိုင်ယူထားချင်တဲ့ 'ထိပ်ဆုံးခ'လေးပါ။

ထိပ်ထိပ်ရဲ့အမေ 'နေဇာမင်းခေါင်' ဆိုတဲ့. . . မိန်းမဟာ အသက်နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးကာ ဥစ္စာခနေဂုဏ်၊ အလှဂုဏ်၊ ငယ်ဂုဏ်တွေ ပေါင်းစပ်ပြီး ဘဝမှာ မာန်ကလေးတော့ ရှိသည်။ ပြောတာဆိုတာ နေတာထိုင်တာတွေကအစ သာမန်လူတွေထက် ထူးခြားကာ အဆင့်အတန်းရှိသည်။ အဆင့်မြင့်မြင့် ပြောဆို နေထိုင်တတ်သည်။

လုပ်ယူထားတာမဟုတ်ပေမယ့် သူ့ရဲ့ပင်ကိုယ်ဟန်ကိုက ထူးခြားနေသည်။ လမ်းလျှောက်ရင် ကိုယ်ကို မတ်မတ်ထားကာ Self Confidence အပြည့်ဖြင့် သွက်သွက်ကလေးလျှောက်တော့ အရမ်းကို Smart ကျသည်။

အဝတ်အစားဝတ်ရင်လည်း neat & tidy ဖြစ်ပြီး ဥပမာပြောရရင် ယိုးဒယားက ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝတ်ထရာလိုမျိုး နေဇာက ဝတ်တတ်သည်။ နေတတ်သည်။

ယောကျ်ားအပေါ်မှာလည်း ဩဇာညောင်းသေးသည်။ နေဇာရဲ့ယောကျ်ားဂုဏ်ရှိန်က ယောက္ခမတွေ ထူထောင်ပေးထားတဲ့ Construction တစ်ခုမှာ ဦးစီးဦးဆောင်လုပ်နေရတဲ့ ပညာတတ်အင်ဂျင်နီယာတစ်ယောက်ပါ။





နေဇာက 'ထိပ်' Travels & Tour ကုမ္ပဏီထောင်ထားပြီး ပြည်တွင်း၊ ပြည်ပခရီးစဉ်များစွာကို စီစဉ်ပေးနေသူဖြစ်သည်။ အဲဒီတော့ ထိပ်ထိပ်ကလေးဟာ အဖေနဲ့အမေရဲ့မျက်နှာကို ညမိုးချုပ်မှသာ တွေ့နိုင်လေသည်။ တစ်နေကုန် အထိန်းတော်တွေနဲ့ပဲ နေနေရရှာတာ။

ထိပ်ထိပ်က နာမည်ကြီးအင်္ဂလိပ်ကျောင်းတစ်ကျောင်းမှာ KG တက်နေပြီဖြစ်ပေမယ့် အမေဖြစ်တဲ့ နေဇာကတော့ သမီးကို တစ်ခါမှ ကျောင်းအကြိုအပို့ မလုပ်ဖူးပါ။ ထိပ်ထိပ်ရဲ့အဘွား ဒေါ်ကလျာတင်ကသာ သူ့မြေးမလေးကို ကျောင်းအကြိုအပို့လုပ်ပေးသည်။

ကျောင်းမှာလည်း ထိပ်ထိပ်က ဆိုးသတဲ့။ ကျောင်းက ပြန်လာရင် မှတ်ချက်တွေ တစ်သီတစ်တန်းကြီးပါလာပါလေရော။

အတူနေ သူငယ်ချင်းတွေကိုလည်း ညှာတာစိတ် မရှိပါဘူး။ လစ်ရင် လစ်သလို ဆော်ပလော်တီးပစ်လိုက်တာပဲတဲ့။ တစ်ခုခုဆို သူက အရင်ဦးအောင် လုလိုက်တာမျိုးပေါ့။ သူငယ်ချင်းရဲ့ခဲတံတွေ လုလို့ ဆရာမတွေက နေရာပြောင်းပေးရတာလည်း ခဏခဏ။ နောက်ဆို ထိပ်ထိပ်ကို ပြောင်းပေးစရာ ဆရာမကြီးရုံးခန်းပဲ ရှိတော့တယ်လို့ ဆရာမတွေက ပြောတယ်ဆိုပဲ။

ဒါတွေကို ဒေါ်နေဇာတို့က မသိတာမဟုတ်။ သိသိကြီးနဲ့ပဲ အလုပ်တွေဖိစီးကာ သမီးကို ဂရုမစိုက်နိုင်တာဖြစ်သည်။

www.burmeseclassic.com



သမီးကိုသာ အချိန်မပေးနိုင်ရင်နေမယ် နေဇာမင်းခေါင်တို့က ယောက်ျားကိုတော့ သေအောင်အချုပ်တော်တဲ့ မိန်းမ။ အဲဒီပညာတွေကြောင့် ဂုဏ်ရှိန်တို့က နေဇာ့ရှေ့ ရောက်ရင် မနေ့တစ်နေ့ကမှ မင်္ဂလာဆောင်ထားတဲ့ သတို့သမီးလေးလို ဆက်ဆံသည်။ သေအောင်ချစ်လေသည်။

နေဇာက ကွန်ဒိုတစ်ခုမှာဖွင့်လှစ်ထားတဲ့ ကုမ္ပဏီထဲမှ ကျော့ရှင်းလှပစွာ လျှောက်လှမ်းလာပြီး ဓာတ်လှေကားထဲကိုဝင်ကာ ကားပါကင်ရှိရာ မြေညီထပ်သို့ နှိပ်လိုက်လေသည်။

ဓာတ်လှေကားထဲမှထွက်လာတော့ နေဇာက သူမရဲ့ Note 3 ဖုန်းလေးကိုထုတ်ပြီး ဂုဏ်ရှိန့်ဆီ ဖုန်းဆက်လေသည်။ ဖုန်းဝင်သွားတော့ သူမအသံ ပျစ်ချွဲချွဲ အီအီကလေးဖြင့်

"မောင်. . ချစ် ဘယ်ကိုလာခဲ့ရမလဲဟင်. . မောင် စောင့်နေရတာ ကြာသွားရင် sorry နော်၊ မောင့်ဆီရောက်မှ အတိုးနဲ့ ချော့ခြေ့ပါမယ်နော်"

မိန်းမဆိုက အဲဒီလို အီစီကလီအသံလေးတွေပဲ နေ့တိုင်းကြားလာရတာ တစ်ခါမှ အော်ဟစ်ငေါက်ငမ်းပြီး ရန်မဖြစ်ဖူးပါ။ ချိုသာတဲ့စကားတွေ၊ သာယာပြီးချွဲနွဲ့တဲ့ စကားလေးတွေနဲ့ ဒီမိန်းမက သူ့ဘဝကို ရစ်နွယ်ခဲ့တာ ခုနစ်နှစ်ရှိပြီ။





ဒါပေမဲ့ ယောက်ျားစိတ်နဲ့ခံစားပြီး ပွင့်ပွင့်လင်းလင်းပြောရရင် နေဇာ့ကို သူ တစ်ခါမှမငြီးငွေ့ဖူးပါ။ အမြဲတမ်း လိုအပ်နေဆဲဖြစ်သည်။ သူ အဲဒီလို ဖြစ်အောင်လည်း နေဇာက ကျွမ်းကျင်ပါးနပ်စွာ ဆွဲဆောင်ထားနိုင်ဆဲဖြစ်သည်။

"ချစ်. . . မောင်တို့ရဲ့အပန်းဖြေအိမ်လေးကိုပဲ လာခဲ့လေ. . ဒီနေ့ ချစ်နဲ့မောင် ဝိုင်ကောင်းကောင်းလေး သောက်ကြတာပေါ့. . ပြီးတော့ ချစ်ကြိုက်တဲ့ ဆူရှီနဲ့ငါးကင်လည်း မောင်ဝယ်ထားတယ်၊ ဘယ်ရောက်နေပြီလဲဟင်. . မြန်မြန်လာကွာ၊ မောင် မစောင့်နိုင်တော့ဘူး"

မောင့်ရဲ့အဆုံးသတ်မှာ တိုးတိုးလေးပြောလိုက်တဲ့ ခပ်ချွဲချွဲအသံကြောင့် နေဇာက သဘောကျစွာ တခစ်ခစ်ရယ်နေသည်။

"မောင်နော်. . ဘယ်လိုဖြစ်နေလဲ၊ ခု လာနေပြီ သိလား. . သိပ်ကဲတာပဲ၊ အဲဒါတွေကြောင့် မောင့်ကို စိတ်မချတာ သိလား"

နေဇာက သူမရဲ့မာစီးဒီးကားကြီးကို ကျင်လည်စွာ မောင်းထွက်လာရင်း သူမယောက်ျားကို သမီးရည်းစားတွေ အီသလို ကျူကျူလုပ်နေသည်။

ဂုဏ်ရှိန်က ဖုန်းထဲမှာ အသည်းယားစရာကောင်းတဲ့ နေဇာ့အသံလေးကို ကြားပြီး မိန်းမဖြစ်သူရဲ့အလှကို ပုံဖော်ကြည့်နေမိသည်။

ခါးလေးက သေးပြီး ဝမ်းဗိုက်မှာ အဆီပိုမရှိ၊ ချပ်ရပ်နေကာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်မှာရှိသင့်တဲ့ တင်ပါးလုံးလုံးလေးက သူ့ကို ခုချိန်ထိ ဆွဲဆောင်နေဆဲပင်။

ဒါတင်ပဲလားဆိုတော့ ကလေးတစ်ယောက်အမေပါလို့ ကျိန်တွယ်ပြီး ပြောရလောက်အောင် နေဇော့ရင်သားက တင်းရင်းပြီး ဆန့်ကျင်ဘက်ယောကျ်ားတစ်ယောက်ကို သွေးဆူစေသည်၊ နိုးကြွစေသည်။ နေဇော့မျက်ဝန်းအိမ်ကျယ်ကျယ်ကြီးထဲက မျက်လုံးတွေက အမြဲတမ်းရွှန်းလဲ့ကာ သူ့ကို ဖိတ်ခေါ်နေသည်။ မျက်တောင်ကော့ကော့ကြီးတွေက သူများတွေလို မျက်တောင်တုတပ်စရာမလိုပေ။

ပြီးတော့ နေဇော့နှာတံလုံးလုံးလေးနဲ့ ထူအိပြီး ဆွဲဆောင်မှုရှိတဲ့ နှုတ်ခမ်းဖူးဖူးလေး။ သူ ခဏ ခဏ အသည်းယားပြီး နမ်းမိတဲ့ ချစ်ဇနီးရဲ့နှုတ်ခမ်းလေးကို ပြောရင်းနဲ့တောင် လွမ်းချင်လာပြီ။

ဒီလောက်ဆွဲဆောင်မှုရှိတဲ့ မိန်းမကို သူ တစ်နေ့မတွေ့ရရင် မနေနိုင်လောက်အောင် ဖြစ်မိတာ သူ့အပြစ်တော့ မဟုတ်ပါဘူးနော်။

သူတို့နှစ်ယောက်ရဲ့အပန်းဖြေစံအိမ်လေးက သန်လျင်ဘက်တွင်ရှိသော တစ်ထပ်တိုက်လှလှလေး ဖြစ်သည်။ အဲဒီကို တစ်ပတ်နှစ်ကြိမ်လောက်တော့ သူတို့ သွားနေကျ။

ပတ်ဝန်းကျင်က တိတ်ဆိတ်သည်။ ငြိမ်သက်သည်။ နှစ်ယောက်တည်းရှိနေချိန်မှာ အချစ်စိတ်တွေကို ပိုပြီးနိုးဆွစေသည်။





နေဇာဆိုတဲ့ မိန်းမကလည်း ယောကျ်ားဖြစ်သူရဲ့အကြိုက်ကို သိသူပီပီ အလိုလိုက်ကာ အကြိုက်ဆောင်တဲ့နေရာမှာတော့ no one ပါ။ အချစ်နဲ့တွေ့ရင် အိမ်က သမီးကိုပင် မေ့ထားနိုင်လေသည်။

နေဇော့ကားလေးက သန်လျင်ရှိ အပန်းဖြေခြံလေးအတွင်း ကွေ့ဝင်ကာ အိမ်ဆင်ဝင်ရှေ့တွင် ကားကိုရပ်လိုက်လေသည်။

အိမ်ထဲသို့ဝင်လာရင်း

"မောင် ချစ်လာပြီ"

ဟု အသံပြုလာခဲ့သည်။ ဂုဏ်ရှိန်က ဘီဒိုနောက်တွင် ပုန်းကွယ်နေရာမှ နေဇော့ကိုယ်လုံးလေးကို အနောက်မှရုတ်တရက် သိမ်းကြုံးပြီး ဖက်ပစ်လိုက်သည်။

"မောင်. . လန့်သွားတာပဲကွာ၊ သွား. . ဆိုးတယ်"

"ဆိုးတယ်ကွာ. . ဆိုးတယ်. . ဘာဖြစ်လဲ၊ ချစ်က မောင့်ကို အကြာကြီးစောင့်ခိုင်းထားတာကိုး"

ဂုဏ်ရှိန်က နေဇော့ကိုယ်လုံးလေးကို သူနဲ့မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်ပြီး နေဇော့ကို စကားပြောခွင့်မပေးတော့ပေ။ သူစွဲမက်ရလွန်းတဲ့ နေဇော့နှုတ်ခမ်းလေးကို စိတ်ရှိလက်ရှိ နမ်းပစ်နေမိသည်။ ထိုအတူ နေဇော့ရဲ့တုန့်ပြန်အနမ်းများအောက်မှာ သူနစ်မြုပ်နေရင်း နေဇော့လက်ကလေးတွေက သူ့လည်ပင်းကို သိုင်းဖက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တစ်ဖက်က နေဇာ့ခါးကျဉ်ကျဉ်လေးပေါ် တင်းကြပ်စွာ ဖက်ထားရင်း နေဇာ့ဆံနွယ်ခွေခွေလေးတွေကို အနားမရှိ ထိုးဖွနေမိသည်။

အချိန်အတော်ကြာမှ ဂုဏ်ရှိန်က နေဇာ့ကို လွှတ်ပေးလေသည်။

"မောင်. . ချစ်ရေချိုးချင်တယ်. . ငြီးစီစီကြီးဖြစ်နေလို့"

"နောက်မှ ချိုးကွာ. . နော်"

"မောင်ချိုးပေးရမှာနော်"

"ချိုးပေးမှာပေါ့. . ခုတော့ လာ"

ဂုဏ်ရှိန်က နေဇာ့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး ဧွေ့ခနဲ မွေ့ချီကာ အခန်းထဲသို့ ခေါ်ခဲ့လေသည်။ နေဇာက ဂုဏ်ရှိန့် လည်ပင်းကို ယှီးလေးခိုကာ အပျိုဖျန်းကလေးတစ်ယောက်လို တဟားဟားဖြင့် သဘောကျကာ ရင်တွေခုန်နေခဲ့လေသည်။

မွေ့ရာအိအိလေးပေါ် နေဇာ့ကိုယ်လေးကို အသာချစဉ် သူ့လည်ပင်းကို ဖက်ထားတဲ့ နေဇာ့လက်တွေက အားစိုက်ပြီး ဆွဲလိုက်သဖြင့် သူတို့နှစ်ယောက်ရဲ့မျက်နှာတွေ နီးကပ်သွားကြသည်။ ဝင်လေနဲ့ထွက်လေ ထိတွေ့သွားကြသည်။ အမြဲရနေကျ နေဇာ့ရဲ့ရေမွှေးနံ့လေးက သူ့ကို ဆွဲဆောင်နေပြန်သည်။





ဒုတိယအကြိမ် နေဇာ့ကို သူ နမ်းမိပြန်သည်။ ပြီးတော့ သူ မက်မက်မောမောရှိလှတဲ့ နေဇာ့ရဲ့ ဗိုက်သားချပ်ချပ်လေးတွေကနေ တစ်ဆင့် အကြည့်တွေ ရွှေ့မိစဉ်မှာတော့ သူ့ရင်တွေ တဒိုင်းဒိုင်းနဲ့ ဆောင့်ပြီး ခုန်လာသည်။

နှစ်ယောက်တည်းရှိတဲ့ သူတို့ကမ္ဘာမှာ အချစ်ဆိပ်တွေတက်ပြီး အားလုံးကိုမေ့ကုန်သည်။ ထိပ်ထိပ်ဆိုတာလည်း သူတို့ မသိတော့။ ရမ္မက်မီးတောက်တွေက နှစ်ယောက်လုံးကိုဝါးမျိုနေပြီလေ။

သုဝဏ္ဏ VIPရပ်ကွက်မှာ ရှိတဲ့ 'ထိပ်ဆုံးခ'ဆိုတဲ့ အိမ်ကြီးမှာတော့ ထိပ်ထိပ်လေး ဒေါင်းကျန်းလို့ တစ်အိမ်လုံး ပွက်လောရိုက်ပြီး ကျွက်ကျွက်ညံနေကြသည်။

"မာမ့်ကိုခေါ်ပေး. . ခုခေါ်ပေး. . ထိပ်ထိပ် မာမီနဲ့ပဲ အိပ်မယ်. . အီး. . ဟီး"

ထိပ်ထိပ်ရဲ့အထိန်းတော် ကြီးစိုးလည်း အာခေါင်ခြစ်ပြီး ပြလန်အောင် အော်ငိုနေတဲ့ ကောင်မလေးကြောင့် ဇောချွေးတွေပြန်နေပြီ၊ ဘယ်လိုမှကို ချော့လို့မရတာ။

အယ်နီနဲ့အယ်လီ ကရင်မလေးတွေက -

"ထိပ်ထိပ်ရေ. . ဟဲလေးသီချင်းဆိုပေးမယ်. . တို့တွေ အတူ ကကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"တင့်အင်း. . ဟင့်အင်း. . ကဘူး၊ မာမီ့ကိုပဲ ခေါ်ပေး"

ထိပ်ထိပ်က ငိုယိုပြီး ဒေါသပါထွက်လာပုံရသည်။ အနားမှာ ရှိတဲ့ အရုပ်တွေနဲ့ အယ်နီတို့ညီအစ်မတွေကို စိတ်ရှိလက်ရှိ ကောက်ပေါက်လေသည်။

ထွေးထွေးက -

"ကဲ. . ငါမပြောဘူးလား၊ ဒီအချိန်ကျရင် သူ မရတော့ပါဘူးလို့. . . သူ့ကို ဘယ်လိုမှထိန်းလို့မရဘူး"

ထွေးထွေးစကားဆုံးတော့ ဒေါ်ကလျာတင်က အခန်းထဲ ဝင်လာရင်း -

"ထိန်းလို့မရတာ ညည်းတို့တွေ ညံ့လို့ပေါ့အေ၊ ငါ့မြေးအပြစ်မှ မဟုတ်တာ။ လာ. . မြေးလေး၊ ဘွားဘွားတို့ ကာတွန်းကား သွားကြည့်ကြမယ်"

ချော့ကာမှ ထိပ်ထိပ်က ပိုပြီးဆိုးနေသည်။

"မကြည့်ဘူး. . ဘွားဘွားနဲ့လည်း လိုက်ဘူး. . . သွား. . . ဘွားဘွား ထွက်သွား"

အဘွားကိုပါ သူက မောင်းထုတ်နေလေပြီ။

ဒေါ်ကလျာတင်က မြေးမလေးကို ငြိမ်းချောက်ကြည့်သည်။ အငိုများ တိတ်မလားပေါ့။





"ထိပ်ထိပ်. . အဲသလိုဆိုးနေရင် နင့်အမေကို နောက်ကလေးတစ်ယောက် အမြန်ယူခိုင်းလိုက်မှာနော်. . ဘာမှတ်နေလဲ"

"မယူဘူး. . မာမီ ကလေးမယူရဘူး၊ ထိပ်ထိပ်တစ်ယောက်တည်းပဲ နေမယ်. . အီး. . ဟီး. . ဟီး"

ပိုပြီး ငိုကြွေးရှည်လာတော့သည်။

"တွေ့လား. . တွေ့လား. . စိတ်ပုတ်မလေး၊ ဒါလေးပြောမိတာနဲ့ ကောက်ကွေးနေလိုက်တာ. . ဒီနေ့ကျမှ သူတို့ လင်မယားကလည်း နောက်ကျနေလိုက်ကြတာ၊ ကြည့်ရတာ. . dinner သွားတာလား၊ ရုပ်ရှင်ရုံထဲပဲ ရောက်နေပြီလား မသိပါဘူး"

ဒေါ်ကလျာတင်လည်း စိတ်ညစ်လာလို့ ထင်သည်။ ပိုပြီး ပေါက်ပေါက်ဖောက်လာသည်။

သူ့မြေးမကိုလည်း သူ မနိုင်တော့ ဗျစ်တောက် ဗျစ်တောက်နဲ့ သမီးဖြစ်သူကို မျှော်နေလေသည်။

ဦးမင်းခေါင်ကတော့ သွေးအေးသမားပီပီ Sky Net မှာ ပြနေတဲ့ ချဲလ်ဆီးနဲ့ အာဆင်နယ်ပွဲကို စိတ်ဝင်တစား စောင့်ကြည့်နေလေသည်။

မျှော်တဲ့သူက မျှော်နေကြပေမယ့် နေဇာတို့က ရောက်မလာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းခေါင်က ဘောလုံးပွဲ ကြည့်ရတာ ဖီးလ် မလာသဖြင့် လှမ်းပြီး ဆူသည်။

"ဟာကွာ. . ဒီကလေး တစ်ယောက်ကိုတောင် နင်တို့ နိုင်အောင် မထိန်းနိုင်ဘူးလား၊ ဘောလုံးပွဲကို ကောင်းကောင်းမကြည့်ရဘူး၊ နားကိုငြီးနေတာပဲ. . တောက်"

ဒါတွေဟာ 'ထိပ်ခေါင်ခ'ဆိုတဲ့ ခြံကြီးထဲမှာ နေ့တိုင်းကြုံတွေ့နေရတဲ့ ဒုက္ခတွေပဲ။

ပိုက်ဆံ ရှိပေမယ့် အမြဲပူတောင့်ပူဆာ ရှိနေတတ်တာ။ အဲဒီမှာရှိတဲ့လူတွေရဲ့ စိတ်တွေမှာ မီးတွေ တစ်မျိုးမဟုတ် တစ်မျိုး လောင်မြိုက်နေကြလေရဲ့။

ထိပ်ထိပ်လေး မောပြီး အိပ်ပျော်သွားပြီ။

ခြံထဲကို ဂုဏ်ရှိန်နဲ့ နေဇာ့ကားက ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဝင်လာကြသည်။ မျက်နှာမှာ အပြုံးတွေ ဝင့်ထည်လို့ ဟန်းနီးမွန်းခရီးက ပြန်လာသလား ထင်ရလေသည်။

"မောင် အသံတွေတော့ တိတ်ဆိတ်နေတာပဲ၊ ကြည့်ရတာ ထိပ်ထိပ်လေး အိပ်ပြီနဲ့တူတယ်"

ခုတင်ပေါ်မှာ ထိပ်ထိပ်လေးက ခြေပစ်လက်ပစ်နဲ့အိပ်မောကျနေရှာသည်။





သမီးကို တစ်ချက်ကြည့်ပြီး ဂုဏ်ရှိန်နဲ့နေဇာက ညဝတ်အင်္ကျီတွေ လဲဝတ်ကြသည်။ မီးပိတ်ပြီး သမီးဘေးနားမှာ ဝင်အိပ်လိုက်ကြသည်။

ဒါ. . သူတို့မိသားစုရဲ့ တစ်နေ့တာဘဝပါပဲ။

ထိပ်ထိပ်လေးအတွက် ငွေကလွဲလို့ မေတ္တာတရားကို ပုံအောပြီး ပုံးပေါလအော မပေးနိုင်ကြတဲ့ မိဘတွေပါ။

◆



www.burmeseclassic.com

www.burmeseclassic.com

(၂)

ခြံရံတို့အိမ်မှာ ထမင်းစားစားပွဲက အကြီးကြီး။ ကြီးဆို အဖေနဲ့အမေမှာ မွေးထားတဲ့ သားသမီးက ဆယ်ယောက်တောင် ရှိတာ။ နည်းနည်းနောနောမှ မဟုတ်ဘဲ။ ဘောလုံးတစ်သင်းစာနီးနီး ရှိသည်။

တစ်နှစ်ကြီး တစ်နှစ်ငယ်၊ နှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေဆိုတော့ အကြီးဆုံးဖြစ်တဲ့ ခြံရံက အသက်နှစ်ဆယ်ရှိပြီး ဆယ်ယောက်မြောက် အငယ်ဆုံး ညီလေးက ခုမှ မူကြိုတက်နေတုန်း။ ကြားထဲက ညီတွေ၊ ညီမတွေကျတော့ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းတွေရှိသလို မူလတန်းတက်နေတဲ့သူတွေလည်း ရှိပေါ့။

ခြံရံတို့အဖေက သူဌေးမို့လို့ ကျွေးနိုင် မွေးနိုင်လို့ ကလေးတွေ အများကြီး မွေးထားတာလားလို့ တွေးမိရင် လုံးဝလွဲသွားပါလိမ့်မယ်။

အဖေက နာမည်ကြီး အစိုးရကျောင်းတစ်ကျောင်း ရှေ့မှာ သစ်သီးတွေရောင်းတဲ့ ဈေးသည်တစ်ယောက်ပါ။





အမေကတော့ အိမ်မှာ သူ့ကလေးတွေအတွက် အဝတ်အစားတွေ ကိုယ်တိုင်ချုပ်ပေးရင်းနဲ့ သူများတွေ လာအပ်တဲ့ အပ်ထည်လေး မဖြစ်စလောက်ကို ချုပ်ပေးရင်း အပိုဝင်ငွေလေးရအောင် ရှာနေတဲ့သူပါ။

ခြံရံက မိဘတွေ ပိုက်ဆံမရှိတဲ့ကြားထဲက ရုန်းကန်ပြီး ကျောင်းထားပေးတဲ့အတွက် ပညာရေးကို အထူးကြိုးစားခဲ့သည်။ ကျူရှင်မတက်ဘဲနဲ့ တစ်နှစ်တစ်တန်းအောင်လာခဲ့တာ ခုဆို အဝေးသင်နဲ့ အင်းမေဂျာတက်တာ ကျောင်းပြီးလို့ ဘွဲ့တောင်ရပြီးပြီ။ ညီလေးတွေ၊ ညီမလေးတွေကို စာသင်ပေးရင်း အပြင်အလုပ်တစ်ခုကို ရှာနေတာ။

အားလုံးထဲမှာ ညီလေး ထင်လင်းက ပညာပါရမီ နည်းရှာသည်။ သူ့ခမျာ စာတွေကို ကျက်ကျက်ပြီး ခဏခဏ မေ့သွားတတ်သည်။ စိတ်ဓာတ်လည်း ကျလွယ်သည်မို့ ထင်လင်းကိုတော့ ခြံရံက ပို ဂရုစိုက်ပေးရသည်။ ခုလည်း စာကျက်ပြီး မေ့သွားလို့ ယောက်ျားတန်မဲ့ ထိုင်ငိုနေပြန်သည်။

ခြံရံက အမေ့အပ်ထည်အင်္ကျီတွေကို လက်ချုပ်လိုက်ပေးနေရင်း တွေ့သွားလို့ သူ့ညီအနားသို့ထသွားသည်။

"ညီလေး. . ဘာလို့ ငိုနေတာလဲ"

"ကိုကြီး. . သား ဒီစာတွေကို မနေ့ကပဲ ကျက်ထားတာ ခု



www.burmeseclassic.com

www.burmeseclassic.com



မြန်ဆိုကြည့်တော့ မရတော့ဘူး၊ ဟီး. . အဲဒီလို ခဏခဏမေ့နေရင် စာမေးပွဲကျမှာ ကြောက်တယ်. . . အီး. . ဟီး"

ခြောက်တန်းပဲ ရှိသေးတဲ့ ထင်လင်းက စာမေးပွဲ ကျမှာကို ကြောက်ရှာသည်။ သူ့စိတ်ထဲမှာ ဘာတွေတွေးနေသလဲဆိုတာ ခြံရံ သိတာပေါ့။

စာမေးပွဲကျရင် မိဘတွေ အခေါ်ခံရမယ်၊ သူ့ကြောင့် မိဘတွေ စိတ်ဆင်းရဲမှာကို ကြောက်နေရှာတာ။ ထင်လင်းလိုစိတ်ဓာတ်မျိုး ကျန်တဲ့ ညီတွေ ညီမတွေမှာလည်း အပြည့်ရှိလို့ သူဂုဏ်ယူသည်။

သူတို့ ညီအစ်ကိုမောင်နှမတွေအားလုံး မိဘကို သိတတ်ကြသည်။ ဒါဟာ. . လောကမှာ ငွေပေးပြီးဝယ်လို့မရတဲ့ မေတ္တာတရားနဲ့ နားလည်သိတတ်မှုပါပဲ။

အဖေနဲ့အမေကလည်း သားသမီးတွေကို ဆုံးမတဲ့အခါမှာ အကျိုးသင့်အကြောင်းသင့်သာ ပြောပြပြီး ဆုံးမသည်။ တစ်ခါမှတုတ်ကိုင်ဖူးတာ မတွေ့ရ။

ခြံရံဆို အသက်နှစ်ဆယ် ရှိပြီ။ တစ်ခါမှ အရိုက်မခံရဖူးပါ။ အဲဒါတွေကြောင့် မေတ္တာဆိုတာ. . ရောင်ပြန်ဟပ်တယ်လို့ပဲ သူ ထင်သည်။

"မင်း. . ယောက်ျားမဟုတ်ဘူးလား ညီလေးရာ၊ ကိုယ့်ကိုယ်





ကိုမှ ယုံကြည်မှုမရှိရင် ဘယ်သူက ယုံတော့မလဲကွ. . ပြစမ်း. . ကိုကိုကြီး ရှင်းပြမယ်. . စာတစ်ပုဒ်ကို ဘယ်တော့မှအလွတ်မကျက်ရဘူး၊ အလွတ်ကျက်နေပြီး အဓိပ္ပာယ်ကိုနားမလည်ရင် ခလုတ်တိုက်ရင် မေ့သွားမှာပဲ. . ကိုကိုကြီးပြောတာ ဟုတ်လား၊ မဟုတ်ဘူးလား. . ကဲ. . ပြော၊ ညီလေး ဘာကိုမရှင်းတာလဲ"

ထင်လင်းက ငိုတာရပ်သွားပြီး အားတက်လာပုံရသည်။

"ဇဖင်ကာအကြောင်း နားမလည်ဘူး ကိုကိုကြီး"

"ဩော်. . ဇဖင်ကာ ဆိုတာ အရင်တုန်းက ပေါ်တူဂီလူမျိုး ကြေးစားစစ်ဗိုလ်ပေါ့၊ ကြေးစားဆိုတာ သိတယ် မဟုတ်လား. . အခကြေးငွေပေးပြီး ငှားထားတာလေ. . သူ့နာမည်က ဒီဗရစ်တို. . တဲ့။ နောက်ကျတော့ ဒီကောင်က သန်လျင်မှာ ခံတပ်အခိုင်အမာချပြီး မင်းမူတော့တာပဲ၊ ကုန်သင်္ဘောတွေဆီကနေ အခွန်အခတွေ မတရားယူပြီး ကြီးပွားနေတာ၊ သူ့ကို ဥရောပနိုင်ငံတွေကလည်း ငွေကြေးနဲ့လက်နက်တွေ ထောက်ပံ့ပေးထားတော့ အကောင်ဖြစ်နေတာပေါ့ကွာ၊ အဲဒီအချိန်တုန်းက ငါတို့ညီအစ်ကိုတွေ မမွေးသေးလို့ပေါ့ကွာ. . ဒီကောင်တွေ သူများနိုင်ငံကို လာပြီး မင်းမူနေတာ. . တောက်. ."

ထင်လင်းလေး အာရုံ ပြောင်းသွားပြီ။ စစ်တိုက်တဲ့ဘက်ကို ရောက်သွားတော့ လေသံက ကျယ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်. . . သားတို့သာ ရှိရင် ဒီကောင့်ကို ဖွဲ့ပစ်လိုက်မှာ"

ဒေါ်ကြည်ဝင်းက သူ့ရဲ့စက်အိုလေးကို တကုပ်ကုပ်နင်းနေရင်းမှ သားနှစ်ယောက်ကို ပြုံးပြီးကြည့်နေသည်။ ခြံရံအောက်က ညီမလေး ချူးပွင့်က မီးဖိုထဲမှထွက်လာကာ ရေအိုးမှ ရေတစ်ခွက်ကို ခပ်သောက်ပြီး

"ထမင်းစားကြတော့မလား အမေ၊ ကန်စွန်းရွက်ကြော်တော့ ရပြီ"

"အရည်သောက်လေး ပါရဲ့လား သမီး၊ နင့်အဖေက အခုတလော ထမင်းစားရင် နင် နင်နေလို့"

"အဖေ ကြိုက်တဲ့ ကင်ပွန်းချဉ်ရွက်ဟင်းချို ချက်ထားတယ် အမေ"

မိဘနှစ်ယောက်၊ သားသမီးက ဆယ်ယောက်ဆိုတော့ ခြံရံတို့အိမ်ခန်းလေးမှာ တကယ့်ကို ငါးချဉ်သိပ်ထားသလိုနေနေရသည်။

အိမ်ပိုင်မရှိလို့ ငှားနေရတဲ့ဒုက္ခကလည်း မသေးလှ။ တစ်နှစ်တစ်နှစ်ကို အခန်းခဖိုးတင် ဆယ်သိန်းကျော်လောက် ပေးနေရတာ။ ကျောတစ်ခင်းစာဟာ ဘယ်လောက်ထိ တန်ဖိုးကြီးတယ်ဆိုတာ ခြံရံတို့ တစ်မိသားစုလုံးက သိပြီးသားပါ။

*ဆောင်းညပြာသို စာပေ*



ဆယ့်နှစ်ပေခွဲ ပေခြောက်ဆယ်အခန်းလေးဟာ မိသားစု ဆယ့်နှစ်ယောက်အတွက်တော့ ကျဉ်းလွန်းပါသည်။ ဒါတောင် ရှစ်လွှာမှာပဲ ဒီဈေးနဲ့ရတာ။ တစ်လ တစ်သိန်းဆိုတဲ့ ငွေပမာဏဟာ အဖေ့အတွက်တော့ ဝန်ထုပ်ဝန်ပိုးတစ်ခုလို့ ခြံရံထင်သည်။

ခြံရံအောက်က ညီလေး ညီမလေးတွေဟာ ကျောင်းဝတ်စုံကို လက်ဆင့်ကမ်းပြီး ဝတ်သွားရတာ။ လူဆယ့်နှစ်ယောက်စာ စားအိုးကြီးအတွက် တစ်လ အသုံးစားရိတ် တစ်သိန်းပဲ အဖေ ပေးနိုင်တာ။ ဒါတောင် အဖေက ညဘက်တွေမှာ Taxi ထွက်ဆွဲလို့ရတာ။ ခြံရံက သားအကြီးဆိုတော့ ညဘက်တွေမှာ အဖေ့ကို စိတ်မချလို့ အဖော်လိုက်ပေးရသည်။

ခုတောင် အဖေ ကားမောင်းသင်ပေးထားလို့ ခြံရံ မောင်းတတ်နေပြီ။ အုံနာခ ခြောက်ထောင်နုတ်ပြီး ငါးထောင်လောက်တော့ အိမ်ကိုပါအောင် ရှာရသည်။

အဖေ ကားမထွက်ခင် ထမင်းစားပြီးတာနဲ့ မိသားစုတွေအားလုံး အိမ်ဦးခန်းက ဘုရားစင်ရှေ့မှာ ဝိုင်းထိုင်ပြီး ဘုရားဝတ်ပြုကြသည်။ ငါးပါးသီလ ခံယူပြီး သစ္စာအဓိဋ္ဌာန်ပြုကာ တရားရှုမှတ်ရသည်။ ဆယ်မိနစ်တန်သည်၊ ဆယ့်ငါးမိနစ်တန်သည်ပေါ့။

တရား ဖြုတ်ပြီးတာနဲ့ မေတ္တာပို့ကြသည်။ အထက် ဘဝဂ်၊

*ဆောင်းညပြာသို စာပေ*

www.burmeseclassic.com

www.burmeseclassic.com



အောက် အဝီစိမကျန် ရေမှာနေ ဆယ်ကုဋေ၊ ကုန်းမှာနေ ကိုးကုဋေ အားလုံးသောသတ္တဝါတွေကို မေတ္တာပို့ဖို့ အဖေက သင်ပေးထားသည်။ အဖေပြောနေကျ လက်သုံးစကားလေးက လောကမှာ အကောင်းဆုံးဆေးက သစ္စာနဲ့မေတ္တာတဲ့။ အထိရောက်ဆုံးလက်နက်ကလည်း သစ္စာနဲ့မေတ္တာပဲတဲ့။

ခြံရုံက အဖေ့အကြောင်း တွေးနေတုန်း အမေက လှမ်းပြောသည်။

"သားကြီးရေ. . အဖေနဲ့ ကျန်တဲ့ ကလေးတွေခေါ်ကွယ်. . ထမင်းစားရအောင်"

ဈေးရောင်းပြီး ပြန်လာတဲ့ အဖေဟာ. . ရေမိုးချိုးပြီးတာနဲ့ အညောင်းအညာပြေဆိုပြီး အငယ်လေးတွေကို ခေါ်ကာ လမ်းထွက်လျှောက်တတ်သည်။ ငါးဆယ်တန်မုန့်လေး တစ်ယောက် တစ်ထုပ်လောက် အဖေက ဝယ်ကျွေးတယ်ဆိုရင်ပဲ သူတို့မှာ ပျော်လို့မဆုံးတော့။

"သား သွားခေါ် လာခဲ့မယ်၊ အမေလည်း နားတော့လေ. . ထိုင်နေတာ ကြာပြီ. . တော်ကြာ အညောင်းမိနေဦးမယ်"

အမေ့ကို သတိပေးစကားပြောပြီး ခြံရုံ အောက်သို့ ဆင်းခဲ့သည်။

ဟော. . အဖေနဲ့ သူ့ကလေးတစ်သိုက်ကို မုန့်ဆိုင်ရှေ့မှာ





တွေ့ပါပြီဗျာ။ အငယ်လေးတွေက မုန့်ဝယ်ပြီး ခွဲတမ်းချနေကြတာကို အဖေက တကြည့်ကြည့်လုပ်ပြီး ကြည်နူးနေရှာတာ။

ခုနစ်ယောက်မြောက် ညီမလေးမိစူးက အရမ်းစေ့စပ်တာဆိုတော့ မုန့်ဝယ်တာကအစ စိစစ်တတ်သည်။ သူ့အောက်က ညီမလေးနှင်းဝေကို ဆရာကြီးလုပ်နေသည်။

"ညီမလေး. . သကြားလုံးတွေ မစားနဲ့နော်. . အမေ ဆူလိမ့်မယ် သိလား. . ဟောဒီ ကိတ်မုန့်လေးက တစ်ရာတဲ့၊ အဲဒါပဲ ယူပြီး မမတို့ တစ်ယောက်တစ်ဝက် စားရအောင်"

နှင်းဝေလေးက ခေါင်းညိတ်ပြသည်။ ခြံရုံက သူ့ညီမ နှစ်ယောက်ကို ကြည့်ပြီး သနားသွားသည်။ သူ အလုပ်ရလာတဲ့တစ်နေ့ ကျရင် ဆိုင်ကြီးတွေက တစ်သောင်းတန် ကိတ်အကြီးကြီးဝယ်ပြီး ညီလေးတွေ ညီမလေးတွေကို ကျွေးဖြစ်အောင်ကျွေးမည်ဟု အားခဲထားလိုက်သည်။

မူကြိုတက်နေတဲ့ အငယ်ဆုံးညီလေး နေနေက အဖေ့ကိုကပ်ပြီး တိုးတိုး တိုးတိုးနဲ့ ဘာပူဆာနေသလဲ မသိပါဘူး။

"အဖေ. . ထမင်းစားဖို့ အမေခေါ်နေပြီ၊ သားသား. . လာ၊ ကိုကြီးဆီကို လာ"

သားသားက သူ့လက်ကို လာဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီးရေ. . ညကျရင် မင်းအမေ သောက်ဖို့ လက်ဖက်ရည်တစ်ထုပ်လောက် ပါဆယ်ဆွဲခဲ့ကွာ၊ သိတဲ့အတိုင်းပဲ. . မင်းအမေက ငါတို့ပြန်မလာမချင်း မအိပ်ဘဲ စက်ချုပ်ရင်း စောင့်နေမှာ"

အဖေပြောတဲ့အတိုင်းပင်။ အမေက ကားမောင်းတဲ့အလုပ်ကို အန္တရာယ်များတယ်လို့ ထင်နေသည်။ ညအက်ဆိုတော့ လူဆိုးတွေနဲ့များ တွေ့မလားပေါ့။ သားအဖနှစ်ယောက်လုံး အိမ်ပြန်လာတဲ့အချိန်ကျမှ အမေက စိတ်ချသည်။

ဒါပေမယ့် ချက်ချင်းမအိပ်သေးဘဲ အငယ်လေးတွေအတွက် ကျောင်းသွားရင် အဆင်သင့်ဖြစ်အောင် စီစဉ်ပေးရသေးသည်။ ညီမလေး မြူးပွင့်က ညဦးကတည်းက ဟင်းတစ်ခွက်တော့ ဖြစ်အောင် စီစဉ်ပေးထားသည်။ ဒါမှ မနက်ကျရင် ထမင်းချိုင့်တွေ မီမှာလေ. . ။

အိမ်မှာက မနက်တိုင်း ထမင်းကြော် ကြော်ရသည်။ လူများတော့ ကျန်တဲ့မုန့်တွေကို လက်မလှမ်းနိုင်ပါဘူး။ မုန့်ဟင်းခါးဆိုလည်း ကျောင်းပိတ်ရက်တွေမှာ အမေ ချက်ကျွေးမှ ဖောဖောသီသီစားကြရတာ။ ကျန်တဲ့ရက်တွေကတော့ ပဲပြုတ်နဲ့ထမင်းကြော်ပဲ။

တစ်ခါတလေကျရင် အဖေက ကားသိမ်းတာနဲ့ သူ့သားသမီးတွေစားဖို့ အကြော်စုံလေးတစ်ထောင်ဖိုးလောက် ဝယ် ဝယ်သွားတတ်သည်။





ကားဆွဲကောင်းတဲ့နေ့တွေဆိုရင်တော့ အသုပ် တစ်ယောက်တစ်ပွဲစီ ပါဆယ်ဝယ်သွားပြီး ကျွေးတာ။

အဖေနဲ့ အမေဟာ ခြံရံအတွက်တော့ စံပြပါပဲ။ ငွေကြေးမတတ်နိုင်တာကလွဲလို့ သားသမီးအပေါ်မှာ မေတ္တာ အပြည့်ထားနိုင်တာလည်း အဖေနဲ့ အမေပါပဲ။

"အဖေ တက်နှင့်လေ၊ သား ဝယ်ပြီး လိုက်ခဲ့မယ်"

"အေး. . အေး. . ဒါနဲ့ သား၊ နေ့ခင်းက အိပ်ရေးဝအောင် အိပ်ထားရဲ့လား"

"သား အိပ်ပြီးပါပြီ အဖေ. . သားက အဖေ့ကိုပဲ စိုးရိမ်နေတာ. . အဖေက အသက်ကြီးပြီလေ. . အဖေအိပ်ရေးဝမှ ဖြစ်မှာ"

"ရပါတယ်ကွာ. . ငါ့သားတွေသမီးတွေ ငါ့ဘေးနားမှာရှိနေရင် အလိုလိုအားရှိပြီးသားကွ"

"ဟား. . ဟား. . သားတို့က အဖေ့ရဲ့အားဆေးတွေပေါ့. . ဟုတ်လား"

"ဒါပေါ့ကွ"

ညီလေး ညီမလေးတွေ ဝိုင်းပြီး ရယ်နေကြသည်။ ဒီနေ့ည ကောင်းကင်မှာ ကြယ်တွေ လတွေ စုံနေလိုက်တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ခြံရုံတို့ရဲ့ ထမင်းဝိုင်းကြီးမှာ လူတွေ စုံနေသည်။ ထမင်းကို အားပြုပြီး အသီးအရွက်နဲ့အာလူးကို အားထားကာ နေ့တိုင်းအသက်ဆက်နေရတဲ့ ဘဝပါ။

ဒါတောင်မှ သူတို့မိသားစုဟာ ဘယ်တော့မှ အပြုံးမပျက်။ ဟင်းမကောင်းတဲ့ထမင်းဝိုင်းမှာ ဂျီကျတဲ့သူ၊ ငိုယိုတဲ့သူ တစ်ယောက်မှမရှိပါ။

သူတို့ရဲ့ထမင်းဝိုင်းမှာ ရယ်သံတွေ အမြဲဝေစည်နေသည်။ ဟင်းကောင်းကောင်းတစ်ခွက်မှမရှိဘဲ ဒီလိုရယ်နိုင်၊ စားနိုင်တာ မထူးဆန်းဘူးလား။ ထမင်းစားတယ်ဆိုတာ တကယ်တော့ အသက်ရှင်ဖို့ အသက်ဆက်ဖို့ပဲ မဟုတ်ဘူးလား။

တစ်နေ့တာ ကြုံတွေ့ခဲ့သမျှ အတွေ့အကြုံလေးတွေကို နှီးနှောဖလှယ်ရင်း သူတို့ထမင်းဝိုင်းလေးဟာ အမြဲတမ်းအသက်ဝင်နေသည်။

"သားကြီး နိုင်နိုင်. . ဒီနေ့ သူငယ်ချင်းတွေကို ဘာဟာဒယ ရွှင်ဆေးတွေ တိုက်ကျွေးခဲ့သေးလဲ၊ အဖေ့ကို ပြောပါဦး"

သားနိုင်နိုင်က ဒီအိမ်မှာ ဟာသဉာဏ်အရွှင်ဆုံး၊ ပျော်ပျော်နေပြီး ရယ်စရာအပြောဆုံးကလေး ဖြစ်သည်။

"သားတို့ ပုပ္ပားကို ပြန်တုန်းက မျောက်ကို မျက်စိနောက်





အောင် လိုက်စ,လွန်းလို့ အဲဒီမျောက်က ခဲလုံးကောက်ကိုင်ပြီး သားကို လိုက်ပစ်တာ ပြောပြတော့ အားလုံးက ဝိုင်းရယ်ကြတယ် အဖေရဲ ဘာတဲ့ . မျောက်ကတောင် မျက်စိနောက်တဲ့ကောင် တဲ့. . ပြောသေးတယ်"

ဒေါ်ကြည်ဝင်းနဲ့ ကျန်တဲ့ကလေးတစ်သိုက်က ဝိုင်းပြီးရယ်ကြသည်။ အဖေက ပုပ္ပားဇာတိမို့ တစ်ခါတလေ ကျောင်းပိတ်ရက်တွေဆို ပုပ္ပားကို ပြန်လေ့ရှိသည်။

အမျိုးတွေအိမ်မှာ ခြံရုံတို့မိသားစု လူစုံခဲ့ပြီး တည်းရသည်။ တစ်ခါသွားရင် နှစ်ပတ်လောက်နေပြီး ဘုရားဖူးပြီးမှ ပြန်လာကြသည်။

"ကိုကိုကြီးက မျောက်နဲ့လောက်နဲ့စပ်ကျထားတာလို့ ပြောလိုက်ပေါ့"

မိစူးက သူ့အစ်ကိုကို လှမ်းစ,တော့ နိုင်နိုင်က မိစူးခေါင်းကို လှမ်းပြီး ခေါက်သည်။

"ငါက မျောက်ဆို နင်လည်း မျောက်ညီမလေး မျောက်မပေါ့ ဟုတ်လား. . "

"ဟုတ်တယ်. . ဟုတ်တယ်. . မမစူးက မျောက်နဲ့တူတယ်၊ မျောက်ကို ဂါဝန်ဝတ်ပေးလိုက်ရင် မမစူးနဲ့ တစ်ပုံစံတည်းပဲ"

အငယ်ဆုံး ညီလေး နေနေက ပြောတော့ မိစူးမျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



စူကာ မျောက်အိုမလေးလို အိုသွားသည်။ မိစူးရုပ်ကို ကြည့်ပြီး ရယ်ချင်လာလို့ အဖေက တဟားဟားအော်ပြီး ရယ်လေသည်။

"မောင်လေးနော်. . နင် ငါ့ကို ပြောရင် နင့်အကြောင်းတွေ ငါဖော်ကောင်လုပ်လိုက်မှာ သိလား၊ ညဆို အိပ်ရာထဲမှာ သေးပေါက်ချတာ ဘယ်သူလဲ"

မိစူးက မေးတော့ နေနေလို့ ချစ်စနိုးခေါ်တဲ့ မင်းနေက မျက်လုံးလေး အဝိုင်းသားနဲ့ ဟိုလူ့ကြည့် ဒီလူ့ကြည့်လုပ်ကာ -

"သား. . သား. ."

ဟု ဝန်ခံလေသည်။ ရယ်သံတွေနဲ့ ပွဲကျသွားကြသည်။ နေနေက မုသား လုံးဝမသုံးတတ်တဲ့ ကလေးလေးပါ။ ဘယ်တော့မှ မလိမ်ညာတတ်တဲ့ ကလေးမို့ တစ်မျိုးချစ်စရာကောင်းလေသည်။

စားပွဲအလယ်မှ ကန်စွန်းရွက်ကြော်ပန်းကန်ကလည်း တက်တက်စင် ပြောင်သွားလေပြီ။ ဟင်းချိုထည့်ထားတဲ့ဇလုံကြီးထဲမှာလည်း ဟင်းရည်တွေ တစ်စက်မှမကျန်တော့လောက်အောင် ဝိုင်းပြီး အားပေးလိုက်ကြတာ။

"ကဲ. . ကဲ၊ ကိုညိုတို့သားအဖ ကားထွက်ရတော့မယ် မဟုတ်လား. . ကျန်တဲ့ကလေးတွေ စားပြီးရင် စာကျက်ကြတော့နော်"

"ဟုတ်ကဲ့ပါ အမေ"





အားလုံးက အမေပြောရင် တစ်ခွန်းပါပဲ။ ဘုရားက ပေးထားတဲ့ ရတနာလေးတွေလို့ ဒေါ်ကြည်ဝင်းက ယုံကြည်သည်။

"အမေကြီး. . ညကျရင် အိပ်ပျော်အောင် အိပ်လိုက်ဦးနော်၊ စက်ပဲ ကုန်းချုပ်မနေနဲ့. . ကြားလား၊ ဟိုမှာ. . သားကြီး ဝယ်လာတဲ့ လက်ဖက်ရည်လေး သောက်လိုက်ဦးလေ"

ခြံရဲက အဖေနဲ့အမေကို စ,ချင်လာသဖြင့်

"အယ်. . သား ဘယ်မှာ ဝယ်လို့လဲ. . အဖေပဲ မင်းအမေအတွက် ဝယ်ပေးလိုက်ပါဆို. . ဟဲဟဲ. . ခုမှ ရှက်ရှက်နဲ့ သားကို လွှဲချနေတယ်"

"ခွေးကောင်လေး"

အဖေက သူ့ကို ချစ်စနိုးဖြင့်ဆဲပြီး ကားသော့ယူကာ အောက်ထပ်သို့ဆင်းသွားလေသည်။

ခြံရဲ အဖေ့နောက်ကိုလိုက်ဖို့အတွက် ရေဘူးယူကာ အဆင်း ညီလေးတွေ ညီမလေးတွေက ဝိုင်းပြီး နှုတ်ဆက်နေကြသည်။

"ကိုကိုကြီးရေ. . မနက်ကျရင် မုန့်ဝယ်လာခဲ့နော်"

နေနေလေးက သူ့ကို လက်ယပ်ပြီး ခေါ်နေသည်။

"ကိုကိုကြီး. . လာဦး"

"ဘာလဲ ညီလေးရ"



www.burmeseclassic.com

www.burmeseclassic.com



နေနေက ဘာမပြော ညာမပြောဖြင့် သူ့ပါးကို ဘယ်ပြန်ညာပြန် နမ်းလေသည်။

"အမယ်လေးဗျာ. . ငါ့ညီလေးက ငါ့ကို အာဘွားတွေ ဘာတွေ ပေးလို့ပါလား. . ကဲ. . ပြောစမ်း ဘာလိုချင်လို့လဲ"

"ပေါက်စီစားချင်လို့ ကိုကိုကြီး ဝယ်ခဲ့ပေးနော်"

"လူလည်လေး. . ကိုကိုကြီး ဝယ်ခဲ့မယ်နော်၊ စောစောအိပ်ကြားလား. . ကဲ. . အားလုံးပဲ တာ့တာ"

"တာ့. . . တာ"

မေတ္တာတရားတွေ ဖုံးလွှမ်းနေတဲ့အိမ်. . .

သံယောဇဉ်တွေနဲ့ နှောင်ဖွဲ့ထားတဲ့အိမ်. .

ငြိမ်းချမ်းတဲ့ စံအိမ်. . .

အေးမြတဲ့ အရိပ်စစ်နဲ့

ငါတို့ရဲ့နေအိမ်. . .

◆



(၃)

အခွင့်အလမ်းရှာနယ်ထဲမှာ အိမ်စီးကား မှောင်းရန် ကျွမ်းကျင်သော အမျိုးသားယာဉ်မောင်း အလိုရှိသည်တဲ့။ မြဲရဲက ပေးထားသည့် လစာနှင့် သွားရမည့်ခရီးကို ချိန်ကြည့်လိုက်သည်။

မဆိုးပါဘူး။ တစ်ပတ်မှာ တစ်ရက် ပိတ်ပေးထားသေးတာမို့ သွားလျှောက်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် သားအကြီးဆုံးဖြစ်တဲ့ သူက အိမ်အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာပေးနိုင်ရင် အဖေနဲ့အမေ အသက်ရှုချောင်မှာပေါ့။ ညီမလေးညီမလေးတွေ ကျူရှင်လေးဘာလေး တက်နိုင်မယ်၊ အသားဟင်းလေးတွေ အမြဲပါအောင် စားနိုင်မယ်ဆိုရင် သူငွေရှာရကျိုးနပ်ပါပြီ။ လောလောဆယ် အဲဒီအလုပ်လေးရပါစေလို့ ဆုတောင်းပြီး သွားလျှောက်ရမှာပဲ။

*   *   *



www.burmeseclassic.com

www.burmeseclassic.com



ခြံရုံက သုဝဏ္ဏ VIP ရပ်ကွက်မှာရှိတဲ့ လူကုံထံတွေနေတဲ့ အရပ်မှာ ထိပ်ဆုံးခ ဆိုတဲ့ ခြံကြီးကို ရှာပြီးလာခဲ့လေသည်။

ခြံကြီးက နည်းနည်းနောနောအကျယ်မဟုတ်။ တစ်ကေနီးနီး လောက်တော့ အသာလေးရှိလောက်သည်။ ခြံထဲမှာရှိတဲ့အိမ်ကြီးက လည်း ရုပ်ရှင်တွေထဲကလို တခမ်းတနားနဲ့ ငေးကြည့်ချင်စရာကောင်း အောင် သားနားလေသည်။

ခြံရုံက ခြံဝမှာရပ်ပြီး လူခေါ်ဘဲ(လ်)ကို နှိပ်လိုက်သည်။

ခြံစောင့်အဘိုးကြီးတစ်ယောက် တံခါးလာဖွင့်ပေးသည်။ ပြီး တော့ သူ့ကို စေ့စေ့ကြည့်ပြီး မေးလာသည်။

"ဘာလဲ မောင်ရင်. . ဘာကိစ္စလဲ"

သူက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး

"ဒီမှာ ယာဉ်မောင်းအလိုရှိတယ်ဆိုလို့ လာလျှောက်တာပါ အဘ"

"အေး. . အေး. . မင်းမှာ CV Form ပါရင် ထားခဲ့လေ"

သူ့မှာ ပါလာတဲ့ Form လေးကို တရိုတသေနဲ့ထုတ်ပေးနေ တုန်း ခြံထဲကို ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက် ငိုယို ပြီး ပြေးဆင်းလာတာကြောင့် ခြံစောင့်အဘကြီးလည်း ပျာပျာသလဲ ဖြစ်သွားလေသည်။





"မသွားဘူး. . ထိပ်ထိပ် ကျောင်းမသွားဘူး. . ဘွားဘွားနဲ့ လည်း သွားဘူး၊ မာမီနဲ့မှ သွားမယ်. . မာမီကို ခေါ်ပေး. . ခုခေါ်ပေး ဟီး. . ဟီး. . "

ငိုလည်းငို၊ ခြံထဲမှာလည်း ပတ်ပြီးပြေးနေတဲ့ ကောင်မလေး ဟာ သူ့ညီအငယ်ဆုံး နေနေ့လောက်သာ ရှိဦးမည်။ အနောက်က လိုက်လာတဲ့ အထိန်းတော်တွေလည်း ကောင်မလေးကို နိုင်ပုံမရပါ။ ကြည့်ရတာတော့ အကုန်လုံး မောဟိုက်နေပုံရပါသည်။

ကောင်မလေးက ခြံထဲမှာ ပတ်ပြီးပြေးနေရာမှ သူ့ဆီ တည့် တည့်ပြေးထွက်လာပြီး လမ်းပေါ်ထွက်ပြေးလေသည်။ ခြံရုံက ရုတ်တ ရက် ကောင်မလေးလက်ကို ဆွဲပြီး ကောက်ချီပစ်လိုက်သည်။

"ညီမလေး. . ကားတွေ လာနေတယ်လေ. . အပြင်မထွက် ရဘူး"

ကောင်မလေးက သူ့ကို စူးစူးရဲရဲကြည့်ကာ ပက်ခနဲပြန်မေး သည်။

"ဦးဦးက ဘယ်ကိုလာတာလဲ"

ခြံရုံက ကောင်မလေးကို အပြုံးလေးနဲ့ကြည့်ကာ

"သမီးဆီကို လာတာပေါ့"

"တကယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ သမီးရဲ့၊ မယုံဘူးလား ဦးဦး သမီးနဲ့ အတူတူ ဆော့ပေးမယ်လေ"

ကောင်မလေး မျက်နှာလေး ဝင်းလက်သွားသည်။ မျက်လုံးလေးတွေ အရောင်လက်လာသည်။

"အခု ဆော့မှာလား"

"ရတယ်လေ. . ဦးဦးက ရယ်ဒီပဲနော်"

ကောင်မလေးက သူ့ကိုယ်ပေါ်မှပြေးဆင်းကာ သူ့လက်ကို ဆွဲပြီး ခေါ်သည်။

"လာ. . ဦးဦး. . ခြံထဲ လိုက်ခဲ့လေ၊ ထိပ်ထိပ်နဲ့ အတူတူ စိန်ပြေးတမ်းဆော့မယ်လေ"

ဘယ်လောက်တောင် အဖော်မဲ့နေသလဲ မသိပါဘူး။ ကလေးလေးက သူ့ကို ခြံထဲ အတင်းဆွဲခေါ်သွားသည်။

ခြံစောင့်အဘိုးကြီးလည်း မတားရဲ၊ အထိန်းတော်တွေလည်း တားရဲတဲ့ပုံ မပေါ်တော့ ဒီကလေးဟာ ဒီအိမ်မှာ ဗိုလ်တကာ့ထိပ်ခေါင် ဆိုတာ သူသိလိုက်ရပါပြီ။

ခြံအကျယ်ကြီးထဲက သစ်ပင်ပေါင်းစုံအောက်မှာ ထိပ်ထိပ်လေးက ပတ်ပြေးကာ စိန်ပြေးတမ်းဆော့နေသည်။

"ကဲ-ဦးဦးလာပြီနော်၊ လွတ်အောင်ပြေးမယ် သမီးလေးရေ"





ကလေးထိန်းတာလောက်တော့ ခြံရံတို့က အပျော့ပေါ့. . တိုယ့်အောက်က ညီတွေ ညီမတွေချည်း ကိုးယောက်တောင် ထိန်းလာတာဆိုတော့ ထိပ်ထိပ်လေးရဲ့အထာကို ခဏလေးအတွင်းမှာ သူသိသွားပြီ။

"မိတော့မယ်ဟော့. . သမီးလေးကို မိတော့မယ်. . ပြေးထားနော်. ."

မိခါနီးမှာ သူက ကလေးကို တမင်လွှတ်ပေးထားလိုက်တော့ ထိပ်ထိပ်လေးဟာ တခစ်ခစ်နှင့် သဘောတော်ကျလို့ မဆုံးပါ။

"ဦးဦးက မိလည်းမိဘဲနဲ့ အလကားလူကြီး၊ ဝေပါကြီး"

ထိပ်ထိပ်ရဲ့အထိန်းတော် ကြီးစိုးက မဝံ့မရဲလေးဖြင့်

"သမီးရယ်. . လူကြီးကို အဲဒီလိုမပြောရဘူးလေ"

"ဘာဖြစ်လဲ. . ပြောတော့ ဘာဖြစ်လဲ. . ကြီးစိုးလည်း အရှုးကြီး"

"ဟယ်. ."

ဒီကလေးက စကားပြောတာ ကလေးနဲ့မတူပါလား။ ဆုံးမသွန်သင်မဲ့သူ မရှိလို့ ဒီလိုရိုင်းသွားတာလား မသိပါဘူး။ သူ သိလိုက်တာတစ်ခုက ဒီအိမ်မှာ သူအလုပ်ဝင်ရင်တော့ ဒင်းလေးနဲ့တည့်အောင် ပေါင်းမှ မြဲမယ်ဆိုတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး . . လိုက်လေ၊ ဘာလုပ်နေတာလဲ"

သူက လိုက်တော့ ကောင်မလေးက တခစ်ခစ်နဲ့ ခြံထဲမှာ ရယ်သံတွေ ဆူညံသွားသည်။ အယ်နီနဲ့အယ်လီ ကရင်ညီအစ်မ နှစ်ယောက်ရော၊ ထွေးထွေးပါ ဝင်ပြီး ဆော့နေကြပြီ။ ခြံကြီးထဲမှာ ဆော့ကစားရင်း အသံပေါင်းစုံ ဆူညံနေကြသည်။

"နေစမ်းပါဦး . . ဒါက ဘယ်လိုဖြစ်နေကြတာလဲ . . တဟီးဟီး တဟားဟားနဲ့၊ ဟိုမာလီကောင် . . ခြံထဲကို လူစိမ်းပေးဝင်ပြီး ဝါ့မြေးနဲ့ပေးဆော့ရဲတယ်ပေါ့လေ၊ အလုပ်ပြုတ်ချင်ပြီနဲ့တူတယ် ဟုတ်လား"

မာလီကောင်တဲ့။ အင်မတန်မှရင့်သီးတဲ့ အသုံးအနှုန်းပါလား။ အဲဒီလူကြီးမှာ နာမည်တော့ရှိမှာပါလေ။ ကိုယ့်ကြောင့် သူတစ်ပါးထိခိုက်မှာကို မလိုလားသူပီပီ ခြံရုံက ဝင်ပြီးရှင်းပြမိသည်။

"အဲဒီဦးမှာ အပြစ်မရှိပါဘူး အန်တီ၊ ဒီက ညီမလေး ခြံပြင်ကို ပြေးထွက်လာလို့ ကျွန်တော် ခေါ်လာခဲ့တာပါ၊ ပြီးတော့ . . ညီမလေးက သူနဲ့အတူတူကစားပေးပါဆိုလို့"

ခြံရုံစကားဆုံးတော့ ကြီးစိုးက

"ဟုတ်ပါတယ် မမ၊ ထိပ်ထိပ်လေးက သူနဲ့ ကစားပြီး ပျော်နေတာ"

မာလီကြီးဦးမြင့်ဆွေက မဝံ့မရဲဖြင့်

*ဆောင်းညပြာသိစာပေ*



"ဟုတ်ပါတယ် အစ်မကြီး . . ဒီကလေးက ဒီမှာ ကားမောင်းလို့တဲ့၊ လာလျှောက်တာ"

ဒေါ်ကလျာတင်က ခြံရုံကို ခြေဆုံးခေါင်းဆုံး လှမ်းကြည့်ပြီး –

"နေစမ်းပါဦး . . မင်းအသက်က ငယ်ငယ်လေး ရှိသေးတာပဲ . . တခြား ဘယ်မှာ မောင်းဖူးသေးလဲ"

"ကျွန်တော် ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ် အန်တီ၊ ညဖက်တွေဆို အဖေနဲ့အတူတူ Taxi လိုက်မောင်းပါတယ်၊ တခြားဘယ်မှာမှတော့ မမောင်းဖူးပါဘူး"

ဒီခြံထဲမှာ ဆက်ပြီး မနေသင့်တော့ဘူး ထင်လို့ . . ခြံရုံက ထိပ်ထိပ် ဆိုတဲ့ ကောင်မလေးကို နှုတ်ဆက်လိုက်သည်။

"ညီမလေး . . ကျောင်းသွားတော့နော် . . ဦးဦး ပြန်တော့မယ် သိလား"

ထိပ်ထိပ်တို့ သောင်းကျန်းချေပြီ။ အာပြဲကြီးနဲ့အော်ငိုပြီး သူ့လက်ကိုလည်း အသည်းအသန်ဆွဲထားလေသည်။

"ဦးဦး မပြန်ရဘူး . . ထိပ်ထိပ် ဦးဦးနဲ့ပဲ ကျောင်းသွားမှာ . . ဟီး . . ဟီး . . "

ဒုက္ခတော့ ရောက်ပြီ။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူ့ကို အရောက်ပို့နေပေပြီ။

ကြီးစိုးတို့ အထိန်းတော်တစ်အုပ်ကြီးက ကောင်မလေးကို ဝိုင်းပြီး ချော့နေကြသည်။

"သမီးလေး မငိုရဘူးလေကွယ်. . ဘွားဘွားကြီးက သမီးကို ပို့ပေးမှာပေါ့"

"ဘွားဘွားနဲ့လည်း မသွားဘူး၊ ထိပ်ထိပ်က ဦးဦးနဲ့ပဲ သွားမှာ. . ဦးဦးလိုက်ပို့မှ သွားမယ်"

သူ့လက်ကို အားကိုးတကြီးဆွဲထားတဲ့ ကလေးရဲ့လက်နုနုလေးကို ဆွဲဖယ်ပစ်နိုင်တဲ့အင်အား သူ့မှာ မရှိလေတော့ သူဌေးမကြီးဆီမှာ တောင်းဆိုမိလေသည်။

"အန်တီ. . ဒီတစ်ရက်တော့ ညီမလေးကို ကျွန်တော်ကျောင်းလိုက်ပို့ပေးပါရစေ"

အဘွားကြီးက နာရီတကြည့်ကြည့်လုပ်ပြီး

"အေးလေ. . ဒီလိုပဲ လုပ်ရတော့မှာပေါ့၊ ထိပ်ထိပ်တို့ကျောင်းကလည်း ကျောင်းနောက်ကျလို့ နေ့တိုင်း ပြောစရာဖြစ်နေပြီ၊ ကဲ. . မြေးလေး အင်္ကျီသွားလဲတော့လေ. . ဟဲ့. . ဘာကြည့်နေကြတာလဲ၊ မြန်မြန်လုပ်ပေးကြလေ"

အင်္ကျီလဲဖို့ ခေါ်တော့ ကောင်မလေးက ရစ်ပြန်သည်။





"ထိပ်ထိပ် အင်္ကျီသွားလဲနေရင် ဦးဦးက ထွက်သွားမှာပေါ့၊ ဒီမှာပဲ ဦးဦးကို လဲခိုင်းမယ်၊ အင်္ကျီသွားယူလာပေး"

ဉာဏ်တော့ အင်မတန်များတဲ့ ကလေးမ။

"ကဲ. . ကဲ. . သူ့သဘောအတိုင်းသာ လုပ်ပေးလိုက်တော့ဟေ့၊ ဒီမြေးတစ်ယောက်နဲ့ ကြာရင် ငါလည်း အသက်တိုလိမ့်မယ်"

"အန်တီ ကားထဲမှာပဲ ထိုင်နေပါ၊ ကျွန်တော် လဲပေးပြီး ခေါ်လာခဲ့ပါ့မယ်"

ခြံရံက ပြောလည်းပြော၊ ကားသော့တောင်းပြီး စက်နှိုးကာ Air con: ပါ ဖွင့်ပေးထားလိုက်သည်။

ဒေါ်ကလျာတင်က ခြံရံ့ကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ကားပေါ်မှာပဲ ထိုင်ပြီး စောင့်နေလေသည်။

အိမ်ဖော် ကောင်မလေး ယူလာပေးတဲ့ ကျောင်းအင်္ကျီကို ယူပြီး လဲပေးတော့ ထိပ်ထိပ်ကလေးက အသာတကြည်ပဲ ဝတ်လေသည်။

"လှလိုက်တာကွာ. . သမီးလေးက မင်းသမီးလေးဖြစ်သွားပြီ၊ ဒီလောက်လှတဲ့ မင်းသမီးလေးကို ဘာလုပ်ရမလဲ သိလား"

"ဘာလုပ်ရလဲဟင်"

'ကျောင်းက ဆရာမတွေ၊ သူငယ်ချင်းတွေကို သွားပြီးကြွား



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့. . ဦးဦးသမီးလေးက ဒီနေ့ ကျောင်းမှာ အလှဆုံးဖြစ်မှာ သေချာတယ်. . ကဲ. . လွယ်အိတ်နဲ့မုန့်ခြင်း ယူပြီးရင် ဒိုးမယ်"

ခြံရံက လွယ်အိတ်ကို တစ်ဖက် လွယ်ပြီး ကောင်မလေးကို ပွေ့ချီကာ ခြင်းတောင်းကို တစ်ဖက် ကိုင်ပြီး

"အားလုံးပဲ တာ့တာလို့ နှုတ်ဆက်လိုက်ပါဦး၊ စန္ဒီးပိုက်လေး ကျောင်းသွားပြီလို့. . "

ထိပ်ထိပ်က ခြံရံ ပြောခိုင်းတဲ့အတိုင်း တစ်လုံးမကျန် လိုက်ပြောလေသည်။ မျက်နှာလေးကလည်း သကာဆမ်းထားသလို ချိုလို့ မြလို့. . .

"အားလုံးပဲ တာ့. . တာ့. . စန္ဒီးပိုက်လေး ကျောင်းသွားပြီ ခစ်. . ခစ်. . . "

ရယ်ရယ်မောမောနဲ့ ကျောင်းသွားဖို့ ကားပေါ်တက်လာတဲ့ မြေးမလေးကို ဒေါ်ကလျာတင်က အံ့ဩစွာ အထူးအဆန်းဖြစ်ပြီးကြည့်မိသည်။

ကြီးစိုးတို့တစ်သိုက်မှာလည်း -

"ဟယ်. . . ကျားသားမိုးကြိုးတော့. . ဒီကောင်လေးနဲ့ကျမှ လိမ္မာနေလိုက်တာ. . ငါတို့ကျတော့ နေ့တိုင်းရစ်နေတဲ့ ကောင်မလေး"

"ကြီးစိုး. . အဲဒီ အစ်ကိုကြီးက စိတ်ရှည်ပုံရတယ်နော်"





"ဟုတ်တယ်ဟဲ့. . သူ ဒီမှာ အလုပ်ရသွားရင် ကောင်းမှာပဲ၊ ဒါမှ ငါတို့လည်း သက်သာမှာ"

ဒေါ်ကလျာတင်က ခြံရံ့ကို တစ်လမ်းလုံး အကဲခတ်လာခဲ့သည်။ ကားမောင်းတာလည်း သေသေသပ်သပ်နဲ့ ညင်ညင်သာသာ မောင်းသလို စိတ်လည်း ရှည်ပုံရသည်။ ပြီးတော့. . ကောင်လေးက ရည်ရည်မွန်မွန်နဲ့ လူကြီးသူမကို ရိုသေပုံလည်း ရသည်။ ထိပ်ထိပ်လေး မေးသမျှကိုလည်း တစ်လမ်းလုံး မညည်းမညူနဲ့ဖြေလာခဲ့တာ။

ဒေါ်ကလျာတင်တို့ ခြံရံ့ကို အင်တာဗျူး စလေပြီ။

"မင်းနာမည်က. . . "

"ခြံရံပါ အန်တီ"

"ပညာအရည်အချင်းက. . "

"ကျွန်တော် အီးမေဂျာနဲ့ ကျောင်းပြီးသွားပြီ အန်တီ"

ကောင်လေးက ဘယ်ဆိုးလို့လဲ။ ဆယ်တန်းလောက်ပဲ ကိုယ်က တွက်တာ။ သူက ဘွဲ့ရပညာတတ်ပဲ။

"ထိပ်ထိပ်လည်း ဦးဦးလို ကျောင်းပြီးချင်လိုက်တာ"

"ဒါဆို သမီးလေးက ကျောင်းတက်မပျင်းရဘူးလေ. . နော်၊ နေ့တိုင်း ကျောင်းတက်မှ သမီးက ပညာတတ်ကြီးဖြစ်မှာလေ၊ ပညာမတတ်ရင် မျက်နှာငယ်တယ် ညီမလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးတစ်ယောက်ကို နူးညံ့ညင်သာတဲ့ အသုံးအနှုန်းတွေနဲ့ နားဝင်အောင် ချော့ပြီး ပြောတတ်တာကို ဒေါ်ကလျာတင် သဘောကျသွားသည်။

ထိပ်ထိပ်လေးကို လူကြီးတစ်ယောက်လို လိမ္မာလာအောင်၊ ရင့်ကျက်လာအောင် ဆုံးမပဲ့ပြင်ပေးနိုင်မယ့်သူမျိုးကို အလိုရှိနေတာ ကြာပြီ။

"ထိပ်ထိပ်က ဆရာဝန်မကြီးဖြစ်ရင် ဦးဦးက ဘာလက်ဆောင် ပေးမှာလဲဟင်"

ဆိုင်းမဆင့် ဗုံမဆင့် မေးလိုက်တဲ့ မြေးလေးရဲ့စကားကြောင့် ဒေါ်ကလျာတင်တို့ အမှန်တကယ်ကို မျက်လုံးပြူးသွားပါသည်။ ဆရာဝန်လုပ်ချင်တယ်လို့ အိမ်မှာ တစ်ခွန်းမှ မဟာခဲ့ဖူးတဲ့သူက အခု ဘာစိတ်ကူးတွေ ပေါက်ပြီး ပြောနေပါလိမ့်။

အင်း. . . ထူးတော့ ထူးဆန်းနေပါပြီလေ။

"ဟာ. . ထိပ်ထိပ်က ဆရာဝန်မကြီး တကယ်လုပ်မှာလား. . ဒါဆိုရင် ဦးဦးက သမီးလေးဝတ်ဖို့ ဂျူတီကုတ်နဲ့ ဒေါက်ဖိနပ်လှလှလေး လက်ဆောင်ပေးရမှာပေါ့. . ကြိုးစားနော် ထိပ်ထိပ်. . ဒိုက်တင်း"

ထိပ်ထိပ်ကပါ လိုက်ပြီး ပြောသည်။

"ဒိုက်တင်း"





အပေးအယူတွေလည်း တည့်၊ အတိုင်အဖောက်တွေလည်း ညီနေလိုက်ကြတာ။

"ဟော. . ကျောင်းရောက်ပြီ ဦးဦး. . ညနေကျရင် လာကြိုရမယ်နော်"

"မင်းသမီးလေးကို လာကြိုရမှာပေါ့. . ကဲ. . လာ. . ဦးဦး ချီပြီး ပို့ပေးမယ်"

"မရဘူး. . တီချယ်တွေ့ရင် ဆူလိမ့်မယ်. . ထိပ်ထိပ်တာသာ သွားတော့မယ်"

ထိပ်ထိပ်က ကျောပိုးအိတ်ကို လွယ်ပြီး ခြင်းလေးကိုင်ကာ ဝင်ဖို့ ပြင်သည်။

"သမီးလေး. . ထမင်းတော့ ကုန်အောင် စားရမယ်နော်. . ထမင်းမကုန်ရင် ဦးဦးက လာမကြိုတော့ဘူး"

"ထိပ်ထိပ် ထမင်းကုန်အောင်စားမယ်. . ဦးဦး လာကြိုရမယ်နော်"

"ဘွားဘွားကို နှုတ်ဆက်ဦးလေ"

ထိပ်ထိပ်က ဦးရဲ့စကားဆို တစ်ခွန်းပဲ။ သူ့အဘွားဆီ ပြေးလာပြီး ပါးကို ရွှတ်ခနဲနမ်းကာ

"ထိပ်ထိပ်သွားပြီနော်. . ဘွားဘွား. . တာ့. . တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီးနှုတ်ဆက်သလို သူ့ဆီကို တစ်ခါလာပြီး လက်သန်းချင်း ချိတ်ကာ ကတိတောင်းလေသည်။

"ကတိနော် ဦးဦး. . လာကြိုရမယ်နော်"

"ကတိ. . ကတိ. . လာကြိုမှာ စိတ်ချ၊ ကဲ. . သမီး နောက်ကျနေပြီ သွားတော့နော်"

ထိပ်ထိပ်လေး ပြေးဝင်သွားတာကို ကြည့်ပြီး ဒေါ်ကလျာတင်က -

"အမယ်လေး. . ဒီနေ့တော့ မိုးရွာတော့မယ်နဲ့တူပါရဲ့ကွယ် မောင်ခြံရံ. . မင်းကို အန်တီ ကျေးဇူးသိပ်တင်တာပဲကွယ်. . နို့မို့ဆို သူ့ကို ကျောင်းပို့တိုင်း အန်တီ သွေးတွေတိုးနေရတာ. . ဒီနေ့တစ်နေ့ပဲ အသက်ရှူဝတော့တယ်ကွယ်"

ခြံရံက တစ်ချက်ပြုံးကာ

"ရပါတယ် အန်တီရယ်၊ ကလေးဆိုတာမျိုးက အချော့ကြိုက်ကြတယ်လေ. . သူတို့ရဲ့စိတ်ကို နားလည်အောင် ဖတ်ဖို့ပဲ လိုတာ. . ဖတ်တတ်ရင် လွယ်သွားပြီလေ. . ကျွန်တော့်ဆီမှာ. . ညီမလေးတွေ အများကြီးရှိတယ် အန်တီရဲ့"

"ဟုတ်လား. . အားလုံး ဘယ်နှယောက်တောင်ရှိလဲ"

"ကျွန်တော်အပါအဝင် ဆယ်ယောက် အန်တီ"





"ဟေ. . . တကယ်. . ."

"တကယ်ပြောတာပါ"

"အံ့ပါရဲ့ကွယ်. . . ငါတို့အိမ်မှာတော့ ထိပ်ထိပ်လေး တစ်ယောက်နဲ့တင် ချာပလတ်လည်ပြီး ချားစီးသလို မူးနေကြတာ"

ခြံရံက ဘာမှစောဒကမတက်တော့ဘဲ သာသာလေး ပြုံးနေလိုက်မိသည်။

ညီလေးတွေ ညီမလေးတွေ လိမ္မာတဲ့အကြောင်း ခုနေပြောပြလည်း အဘွားကြီးက ယုံချင်မှယုံမှာလေ။

"အန်တီ. . ကျွန်တော် ဘယ်ကိုမောင်းပေးရမလဲခင်ဗျ"

ထိပ်ထိပ်ကျောင်းက ဘုရင့်နောင်ဘက်မှာ ဆိုတော့ ဒေါ်ကလျာတင်က ကျောင်းပို့ပြီးအပြန် ဈေးဝယ်ချင်သဖြင့် -

"သိရိမင်္ဂလာဈေးမှာ ခဏရပ်ပေးပါကွယ်. . ဈေးဝယ်သွားချင်လို့"

ဈေးရှေ့မှာ ကားရပ်ပြီးတော့ ခြံရံက ဒေါ်ကလျာတင်နောက်မှလိုက်ကာ ဝယ်သမျှပစ္စည်းတွေကို ဒိုင်ခံပြီး ဆွဲပေးလေသည်။ ဒေါ်ကလျာတင်ရဲ့စိတ်ထဲမှာတော့ ခြံရံ့ကို အမှတ်တွေ ပေးနေမိသည်။

ကောင်လေးက မဆိုးဘူးပဲ။ အလိုက်တော့သိသား။

"ဒီဈေးက အသီးအရွက်ပေါတယ်လေကွယ်. . အသား၊ ငါး

www.burmeseclassic.com



က အိမ်မှာ သူတို့ဝယ်ထားပြီသားဆိုတော့ ကျောင်းပို့ရင်းနဲ့ အန်တီက အသီးအရွက်တွေ ဝယ်. . ဝယ်သွားတာ. . ပြီးတော့ ထိပ်ထိပ်က အသီးအနှံအရမ်းကြိုက်တာ. . သူ့အတွက် အမြဲဝယ်ပြီး ရေခဲသေတ္တာထဲ ထည့်ထားရတယ်"

ပြောလည်း ပြော၊ တွေ့သမျှလည်း ဝယ်တာမို့ သူ့လက်ထဲမှာလည်း ပစ္စည်းတွေ ပြည့်နေပြီ။ ဈေးက ပြန်လာတော့ ကားပေါ်မှာတင် ခြံရံတို့ အလုပ်ရသွားသည်။

"မောင်ခြံရံ. . ဒီနေ့ကစပြီး မင်းကို အန်တီ အလုပ်ခန့်လိုက်ပြီ. . ဆန်းဒေး ပိတ်ရက် တစ်ရက်ပေးမယ်. . ကျန်တဲ့ နေ့တွေတော့ မနက် ခုနစ်နာရီခွဲအရောက်လာရမယ်. . ဟုတ်ပြီလား၊ လစာကတော့ မင်း form ထဲမှာ ပါတဲ့အတိုင်း ပေးမှာပါ၊ အဓိကက အန်တီ့မြေးလေးကို စိတ်ရှည်ရှည်ထားပြီးသည်းခံပေးပါ. . သူစိတ်ချမ်းသာဖို့က နံပါတ်တစ်ပဲကွယ့်. . ကျန်တာတွေက သိပ်ပြဿနာမရှိပါဘူး"

ပျော်လိုက်တာ. . .

ဒီနေ့ပဲ အလုပ်လာလျှောက်တာ၊ ဒီနေ့ အလုပ်တန်းပြီးရတယ်ဆိုတော့ ညီမလေးထိပ်ထိပ်ကို ကျေးဇူးတင်ရမှာပဲ။

ဒီကလေးသာ သူ့ကိုတွယ်ကပ်မနေရင် သူ အလုပ်ရဖို့ ဝေးနေပါဦးမည်။ အိမ်လခလေး သူရှာပေးနိုင်ပြီဆိုတော့ အမေ နည်းနည်း





အသက်ရှုချောင်တာပေါ့။ အမေ့ကို ညဘက် ကားမမောင်းစေချင်တော့ဘူး။ ညတိုင်း အိပ်ရေးပျက်နေရင် ကျန်းမာရေးထိခိုက်လာမှာ စိုးသည်။

ထိပ်ဆုံးခြံကြီးထဲကိုရောက်ပြီး ထမင်းစားချိန်ရောက်တော့ ထမင်းဘူးပါမလာသည့်အတွက် အန်တီ့ဆီမှာ ခွင့်တောင်းကာ ထမင်းထွက်စားဖို့ ပြင်သည်။

"အန်တီ. . ကျွန်တော် ဒီနေ့ ထမင်းဘူးပါမလာလို့ အပြင်မှာ ခဏသွားစားလို့ရမလားခင်ဗျ"

"သွားစားမနေပါနဲ့. . ဒီမှာပဲစား၊ မင်း ဦးမြင့်ဆွေအဆောင်မှာ စောင့်နေ၊ ထမင်းချိုင့်လာပို့ပေးလိမ့်မယ်"

"ဟုတ်ကဲ့. . ကျေးဇူးတင်ပါတယ် အန်တီ"

အမှန်တော့ သူ့စိတ်ထဲမှာ ညနေကို မြန်မြန်ရောက်ချင်လှပြီ။ အိမ်က မိဘတွေနဲ့ ညီလေး ညီမလေးတွေကို ကြွားချင်လှပြီလေ။

ထမင်းချိုင့်လာပို့တော့ သူတို့အိမ်မှာ ဆယ်ရက်နေမှ တစ်ကြိမ်လောက်တွေ့ရသည့် ကြက်သားဟင်းနဲ့ငါးဖယ်ဟင်း နှစ်မျိုးတောင်ပါလာသည်မို့ ဗိုက်ဆာဆာနှင့် စားပစ်လိုက်တာ ချိုင့်ထဲမှာ ထမင်းတွေတက်တက်စင်အောင် ပြောင်သွားလေသည်။ ဒီနေ့ ဒီအိမ်မှာ သူအလုပ်စဝင်ပြီ။ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ ထပ်ပြီးတွေ့ရဦးမလဲဆိုတော့. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ဒီည မိသားစုထမင်းဝိုင်းမှာ လူတွေ စုံတုန်း ခြံရံက လည်ချောင်းတစ်ချက်ရှင်းကာ -

"အဖေနဲ့အမေ . . ဒီနေ့ သားမှာ သတင်းကောင်းပါတယ်"

အဖေက စားခါနီး ထမင်းလုတ်ကို ပါးစပ်ထဲမသွင်းသေးဘဲ သူ့ကို ပြုံးပြုံးကြီးကြည့်ကာ -

"ဘာလဲ . . ကောင်မလေးဆီက အဖြေရလာလို့လား"

ဟု ချစ်စနိုး ကျီစယ်သည်။

"ဟား . . ဟား . . ကောင်မလေးဆိုတာတော့ မှန်တယ် . . ခုမှ ငါးနှစ်လောက်ပဲ ရှိဦးမယ်၊ အဲဒီသူဌေးမ ပိစိလေးကို ကျောင်းပို့ပေးရမှာ . . သား အလုပ်ရသွားပြီ"

အမေ့မျက်နှာလေး ဝင်းလက်သွားသည်။

"ဟယ် . . သားကြီး အလုပ်ရပြီ၊ ဝမ်းသာလိုက်တာ သားရယ်"





ကလေးတွေကလည်း ပျော်ပြီး ထအော်ကြသည်။

"ဝေး . . ကိုကိုကြီး အလုပ်ရပြီကွ . . ကိတ်မုန့်အကြီးကြီးစားရတော့မယ်"

"ခေါက်ဆွဲကြော်စားရတော့မယ်"

ထင်လင်းက ကျန်တဲ့သူတွေလို အစားအသောက်ကို မပူဆာ။ အစ်ကို့မျက်နှာကို မဝံ့မရဲလေး ကြည့်ပြီး -

"ကိုကိုကြီး . . သားကို ကျောပိုးအိတ်အသစ်လေး တစ်လုံးလောက် ဝယ်ပေးပါနော် . . ကိုနိုင့်အိတ်ကို သားလွယ်တာ အမွေးတွေ ဖွာနေပြီ"

ခြံရံက ခေါင်းညိတ်ပြပြီး ထင်လင်းဆံပင်လေးတွေကို အသာအယာ ထိုးဖွကာ -

"ဝယ်ပေးမှာပေါ့ ညီလေးရ . . စိတ်ချနော်၊ ကိုကိုကြီး လစာထုတ်တဲ့ရက်ကျရင် လိုချင်တာအားလုံး ဝယ်ပေးမယ်"

အဖေက သူ့ကို စိတ်ပူပြီး သတိတွေ ပေးနေသည်။

"သားကြီး၊ သူတို့က ကိုယ့်ကိုယုံကြည်လို့ အလုပ်အပ်တယ်ဆိုမှတော့ သားမှာ လုံးလုံးတာဝန်ရှိသွားပြီ . . အဲဒီတော့ကာ . . စိတ်ရှည်ပါ၊ သည်းခံပါ၊ အလျင်မလိုနဲ့၊ အထိအခိုက်မရှိစေနဲ့ . . ကြားလား ရှင်းရှင်းပဲ ပြောမယ်ကွာ . . သူတို့ပေးတဲ့ပိုက်ဆံဆိုတာ သူတို့အသက်



www.burmeseclassic.com

www.burmeseclassic.com



ကို သားလက်ထဲအပ်တဲ့အတွက် ပေးတာ၊ ဥပမာကွာ. . ကားမောင်းရင်း တစ်စုံတစ်ခုထိခိုက်ဒဏ်ရာရရင် ဘယ်တော့မှ သူ့ရဲဘောကြောင်ပြီး ထွက်ပြေးမလာနဲ့. . အသေခံစရာ ရှိရင် ကိုယ်ပဲ အသေခံရမယ်ကြားလား. . ကျန်တဲ့သူတွေကို ရအောင်ကယ်ရမယ်"

"သားနားလည်ပါတယ် အဖေ"

အမေက မျက်လုံးကြီးပြူးပြီး

"အဖေကြီး. . မဦးမချွတ် ကလေးကို ရှင် ဘာတွေပြောနေတာလဲ. . စကားကို ဆင်ဆင်ခြင်ခြင်ပြောစမ်းပါရှင်၊ ကျွန်မ ရင်တွေထိတ်လိုက်တာ"

"အကြည်. . တို့သားကို တာဝန်သိတဲ့သူဖြစ်အောင် ဆုံးမတာလေကွာ. . သူများကျွေးတဲ့ ထမင်းစားပြီး သူများလစာ အချောင်ယူတဲ့အထဲမှာ တို့သားသမီးတွေ ဘယ်တော့မှမပါစေရဘူး"

ညီမလေးခြူးပွင့်က

"ကဲ. . ကဲ. . စကားပြောတာလည်း ပြောကြပေါ့. . ထမင်းတွေ ဟင်းတွေလည်း အေးကုန်ပါပြီ၊ စားလိုက်ကြဦး"

ဒီနေ့ ခြူးပွင့် ချက်ထားတဲ့ဟင်းက ငါးပိကို ပုစွန်ခြောက်လေးနည်းနည်း ထည့်ပြီး မန်ကျည်းရည်နဲ့ အစိုကြော်ကာ သရက်သီးစိမ်းသခွားသီးတို့စရာနဲ့ ကြာရိုးဟင်းခါးပူပူလေးဆိုတော့ စားရတာ အရမ်း





ကောင်းပြီး ထမင်းမြိန်လှသည်။ ဒါကြောင့်မို့. . ခြံရှံက ညီမလေးကို ကျေးဇူးတင်စကားပြောမိသည်။

"ကျေးဇူးပဲ ညီမလေးရာ. . ဒီနေ့ ထမင်းစားရတာ စားလို့ကောင်းလိုက်တာ"

ညီမလေးခြူးပွင့်က သူ့လက်မောင်းကို လာဖက်ကာ -

"ကျေးဇူးတင်ရင် ညီမလေးကို ဝမ်းဆက်လေး တစ်စုံလောက်ဝယ်ပေးပါနော် ကိုကို. . ရှေ့လကျရင်လေ ညီမ်လေးသူငယ်ချင်းကသူ့အစ်မမင်္ဂလာဆောင် ဖိတ်ထားလို့"

"ဝယ်ပေးမယ်. . ကိုကို ဝယ်ပေးမယ်. . ညီမလေး သွားရမယ်နော်. . စိတ်ချ"

ခြူးပွင့်လေး ပျော်သွားသည်။

အမေက -

"သားကြီးရေ. . မနက်အစောကြီးဆိုတော့. . ညီမလေးကို ထမင်းချိုင့်ပြင်ခိုင်းလိုက်မယ်လေနော်. . ဘာဟင်းစားချင်လဲ"

"မထည့်နဲ့ အမေ. . သူတို့အိမ်မှာပဲ စားတဲ့. . သားအတွက် ဘာမှမပူနဲ့တော့"

ထမင်းစားပြီး အဖေက ကားထွက်မလို့ ပြင်သည်။ ထုံးစံအတိုင်း ခြံရှံက ရေဘူးဆွဲကာ လိုက်မလို့ပြင်တော့



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး . . ဒီည မင်း မလိုက်နဲ့တော့ကွာ . . မနက်လည်း အစောကြီးသွားရဦးမှာ . . အိပ်ရေးဝအောင် အိပ်၊ ဟုတ်ပြီလား"

"သား အဖေ့ကို စိတ်မချပါဘူး . . လိုက်ခဲ့မယ်၊ နောက်ဆို . . အဖေ နေ့ဘက်ပြောင်းပြီး မောင်းပါလား . . ဈေးမထွက်နဲ့တော့လေ၊ ညဘက်တော့ အိပ်ရေးဝအောင် အိပ်ပါ အဖေရာ၊ သားလည်း အလုပ်ရနေပြီပဲ . . အမေရေ . . အဖေ့ကို ပြောပေးပါဦး"

"ဟုတ်သားပဲ အဖေကြီးရယ် . . သားကြီးပြောတာ ကောင်းပါတယ်"

"အေးလေ . . အဲဒီလိုပဲ လုပ်ကြတာပေါ့"

ခြံရဲ အရမ်းဝမ်းသာသွားသည်။ သူ့ရဲ့ဝင်ငွေကြောင့် မိသားစုဘဝလေး အေးချမ်းသွားမှာ၊ အတည်တကျဖြစ်သွားမှာ၊ အဆင်ပြေသွားမှာကို တွေးပြီး ပီတိဖြစ်ရသည်။

ဒီညတော့ သူ စောစော အိပ်ရာဝင်ပြီး မနက်ဖြန်အတွက် အားတွေ မွေးရဦးမည်။

◆



(၅)

"ထိပ်ဆုံး ခ"ခြံကြီးထဲမှာ အရာအားလုံးက တိတ်ဆိတ်နေသည်။ ဦးမြင့်ဆွေက ပန်းပင်တွေကို ရေလောင်းနေသည်။ အိမ်ကြီးထဲမှာတော့ ကောင်မလေးတစ်ယောက် အမှိုက်တွေ လှဲနေတာ တွေ့ရသည်။ နောက်တစ်ယောက်ကတော့ ဖုန်သုတ်စက်နဲ့ ကော်ဇောပေါ်မှာ သုတ်နေသည်။

ခြံရဲက ကားတစ်စီးလုံး ပြောင်လက်နေအောင် ဆေးကြောပြီး သ,နေမိသည်။

ဦးမြင့်ဆွေနဲ့လည်း ခင်နေပြီမို့ ဦးမြင့်ဆွေက

"ကောင်လေး . . မင်း ဘာစားလာပြီးပြီလဲ"

ဟု လှမ်းမေးသည်။

"ထမင်းကြော်နဲ့ ပဲပြုတ် စားလာတယ် ဦး၊ ဒါနဲ့ ဦးက ဒီမှာ အိပ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေကွာ. . ငါက ညဖက်တွေ ခြံနားကို လူမကပ်အောင် စောင့်ပေးရတာဆိုတော့ ဒီမှာပဲ အိပ်ရတာပေါ့. . ဟိုးက. . ဂိုဒေါင်လေးပေါ်မှာအိပ်တာ၊ အိပ်တယ်ဆိုလို့ မနက်လေးနာရီလောက်မှ အိပ်ရတာလေကွာ. . ပြီးတော့ အခု ပြန်ထရတယ်၊ နေ့လယ်နေ့ခင်းကျရင် တရေးပြန်အိပ်ပေါ့၊ ဒါနဲ့ မင်း တပိုတပါးသွားချင်ရင် ဂိုဒေါင်အောက်ထပ်မှာ သွားလို့ရတယ်နော်"

"ဟုတ်ကဲ့ပါ. . ဦးရော ဘာစားပြီးပြီလဲ"

"ငါတို့အိမ်က ကျေးဇူးရှင်လေး ကျောင်းသွားပြီးမှ လက်ဖက်ရည်နဲ့ အီကြာကွေး သွားစားမလို့ကွ"

သူတို့နှစ်ယောက် စကားကောင်းနေစဉ် အသက် သုံးဆယ်လောက်ရှိမည့် ရုပ်ဖြောင့်ဖြောင့် ယောကျ်ားတစ်ယောက်နှင့် အရမ်းလှပြီးကျက်သရေရှိလှတဲ့ အသက်နှစ်ဆယ်ကျော် မိန်းမတစ်ယောက် လက်ချင်းတွဲပြီး ထွက်လာတာတွေ့လိုက်ရတော့ ဦးမြင့်ဆွေက လက်ကလေး နောက်ပစ်ပြီး အရိုအသေပေးကာ ရပ်နေတာမို့ သူပါရောပြီး ထိုအတိုင်း ရပ်နေမိသည်။

ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်က သူတို့နားမှာ ရပ်သွားပြီး

"ဦးမြင့်ဆွေ. . မာမီပြောနေတဲ့တစ်ယောက်က သူလား"

"ဟုတ်ပါတယ် မမလေး"





သူ့မေးမလေးအမေးကို ဖြေရင်း ဦးမြင့်ဆွေက သူ့ဘက်လှည့်ကာ လေသံတိုးတိုးဖြင့်

"ကောင်လေး. . နှုတ်ဆက်လိုက်လေ"

"ကျွန်တော့်နာမည် ခြံရုံလို့ ခေါ်ပါတယ်ခင်ဗျ"

ထိုမိန်းမက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ သူ့အမျိုးသားဘက် လှည့်ပြီး

"တော်တော် ငယ်သေးတာပဲနော်. . မောင်. . သမီးလေးအတွက် အဆင်ပြေပါ့မလား"

ဟု လှမ်းပြောသည်။ ဒါ. . ထိပ်ထိပ်ရဲ့မိဘတွေပဲလို့ သူသိလိုက်ရသည်။ ထိပ်ထိပ်ရဲ့အဖေဖြစ်သူက -

"မင်း. . ကားမောင်းသက် ဘယ်နှနှစ်ရှိပြီလဲကွ"

"ခြောက်နှစ်ရှိပါပြီ၊ ကျွန်တော် ဆယ့်ငါးနှစ်သားကတည်းက ကားမောင်းတတ်နေတာပါ. . . ညဘက်တွေ အဖေ Taxiဆွဲရင် လိုက်မောင်းနေကျပါ ခင်ဗျ"

ထိပ်ထိပ်ရဲ့အမေဖြစ်သူက -

"ဒီမှာ. . ကောင်လေး၊ မင်းကို အမိကမှာချင်တာက ဒီအိမ်မှာ အလုပ်လုပ်မယ်ဆိုရင် နံပါတ်တစ်က ငါ့သမီး စိတ်ချမ်းသာအောင်ထားရမယ်. . သူ သွားချင်တဲ့နေရာကို လိုက်ပို့ပေးရမယ်၊ ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



မပြုစုရဘူး. . မငေါက်ရဘူး. . ကြားလား၊ အေး. . အဲဒီလိုလုပ်တဲ့နေ့ဟာ မင်း အလုပ်ပြုတ်တဲ့နေ့ပဲ"

လှပသောရုပ်ရည်လေးနဲ့မလိုက်စွာ စကားကို တင်တင်စီးစီး ပြောတတ်တဲ့ မိန်းမပဲ။

"မာမီ. . ထိပ်ထိပ်လည်း လိုက်မယ်နော်"

ဘယ်အချိန်က နိုးလာမှန်းမသိတဲ့ ထိပ်ထိပ်က ပြေးထွက်လာပြီး သူ့အမေလက်ကို ဆွဲထားသည်။ ထိပ်ထိပ်ရဲ့အဖေဖြစ်သူက လေသံမာမာဖြင့် -

"လူကြီးတွေအလုပ်မှာ ဝင်မစွက်နဲ့လို့ ပြောထားတယ်လေ. . သမီး ဘယ်နှခါလိုက်ရဖူးလို့လဲ"

လို့ ငေါက်လိုက်တော့ ထိပ်ထိပ်က သူ့အဖေကို ရန်လိုနေတဲ့ အကြည့်ဖြင့် ကြည့်ကာ

"သွား. . ဒယ်ဒီ့ကို မချစ်ဘူး၊ မာမီ့ကိုလည်း မချစ်တော့ဘူး။ သူများမိဘတွေဆို သူတို့သမီးကို ကျောင်းလည်း ပို့ပေးတယ်. . မုန့်လည်း လိုက်ကျွေးတယ်. . ဆိုဖို့မိဘတွေက ဆိုဖို့ကို ကစားကွင်းလည်း ပို့ပေးတယ်. . တစ်ပတ် တစ်ကြိမ် ရုပ်ရှင်လည်း လိုက်ပြသေးတယ်. . ဒယ်ဒီတို့ကျတော့ ထိပ်ထိပ်ကို အမြဲထားခဲ့ပြီး နှစ်ယောက်တည်းပဲ သွားတယ်. . မုန်းတယ်. . ဒယ်ဒီတို့ကို မုန်းတယ်. . ဟီး. . ဟီး. . ဟီး"





ထိပ်ထိပ်လေးဟာ ဆွဲထားတဲ့ သူ့အဖေလက်ကို ဆတ်ခနဲ ဖြုတ်ပစ်လိုက်ပြီး ငိုယိုကာ ထွက်ပြေးသွားတော့သည်။

ဒီကလေးလေးငိုသွားတာကိုကြည့်ပြီး သူ့ရင်ထဲမှာ မကောင်းလိုက်တာ။

မိဘတွေကိုလည်း အံ့ဩမိပါရဲ့။ ကိုယ့်ကလေးကို မခေါ်နိုင်ရင်လည်း မခေါ်နိုင်တဲ့အကြောင်း ချော့မော့ပြီး ပြောပြရမှာပေါ့။ အခု သူမြင်နေရတာက ကလေးတစ်ယောက်ရဲ့ရင်ထဲက ပွင့်ထွက်လာတဲ့ ခံစားချက်တွေကိုပါ။

ဒီလိုအရွယ်လေးနဲ့ ဒီလောက်ခံစားနေရတယ်ဆိုရင် သူ့ရင်ထဲက ခံစားချက်တွေက တဖြည်းဖြည်း ထုထည်ကြီးလာပြီး အစိုင်အခဲဖြစ်သွားရင် သွားပြီ။

ကလေးတွေရဲ့နှလုံးသားဟာ ထိလွယ် ရှလွယ်တဲ့ အရမ်းနူးညံ့တဲ့ ပန်းလေးတစ်ပွင့်လိုပါပဲ။

သူတို့ခံစားချက်နဲ့သူတို့ရင်ဖွင့်စကားတွေကို အလေးထားပြီး နားထောင်ပေးသင့်တယ်။

ပြီးတော့ ကလေးတွေအတွက် မိဘတွေက အချိန်ပေးသင့်တယ်. . မိဘပေးတဲ့အချိန်ဟာ သူတို့အတွက် ပျော်စရာနိဗ္ဗာန်ပါပဲ။

"ဦးမြင့်ဆွေ. . မာမီ အဆင်သင့်ဖြစ်ရင် ဒီကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပို့ခိုင်းလိုက်တော့ . . အလကား လိုက်ရှုပ်နေတယ်၊ ကလေးက ကလေးလိုမနေဘူး၊ သွားခါနီး စိတ်အနှောင့်အယှက်ဖြစ်အောင်"

ထိပ်ထိပ်အမေက ပွစိပွစိ လုပ်ပြီး မျက်နှာလေးက စူသွားတော့ အဖေဖြစ်သူက -

"ကဲပါကွာ. . သမီးအစား မောင်ကပဲ တောင်းပန်ပါတယ်. . ဟုတ်ပြီလား. . မျက်နှာလေးတော့ မစူလိုက်ပါနဲ့ကွာ. . မောင့်မိန်းမလေး အလှပျက်သွားမှာစိုးလို့၊ လာ. . သွားကြတာပေါ့"

ဒီလူက သူ့မိန်းမကိုတော့ အတော်ချစ်ပုံရသည်။ တစ်ချက်လေးမှ မျက်နှာအညိုမခံဘဲ ပျာပျာသလဲ လက်ဆွဲပြီး ကားပေါ် ခေါ်သွားလေသည်။

သူတို့ဘဝ သူတို့ကမ္ဘာမှာ နှစ်ယောက်တည်းရှိသည့်အလားထင်ရသည်မို့ ခြံရုံက သက်ပြင်းလေးကို မသိမသာချမိသည်။ ထိပ်ထိပ်လေးအတွက် စိတ်မကောင်းလို့ပါ။

ကျောင်းပို့ရမှာဆိုတော့ သူက ကားပေါ်မှာပဲ အဆင်သင့်စောင့်နေမိသည်။

သိပ်မကြာပါ၊ အိမ်ကြီးထဲမှာ ထိပ်ထိပ်ပျောက်လို့ ပွက်လောရိုက်နေကြပြီ။ အယ်နီဆိုတဲ့ ကရင်မလေးက ခြံထဲကိုပြေးထွက်လာပြီးရှာသည်။





ဦးမြင့်ဆွေဆီကို အမောတကောဖြင့် ရောက်ချလာပြီး

"ဦးလေး. . ထိပ်ထိပ်လေးကို တွေ့မိသေးလား၊ အိမ်ထဲမှာလည်း မရှိဘူး. . ခြံထဲမှာလည်း မတွေ့ဘူး. . အပြင်ထွက်သွားတာလားဟင်. . . လုပ်ပါဦး. . ဝိုင်းကူပြီးရှာပေးကြပါဦး"

လို့ပြောတော့ ဦးမြင့်ဆွေက

"ကောင်မလေး အိမ်ထဲ ပြေးဝင်သွားတာလေ. . အိမ်ထဲမှာပဲ ရှိမှာပေါ့၊ နင်တို့ သေချာရှာကြည့်ကြပါဦးဟာ. . အပြင်ထွက်လာတာ မတွေ့ရပါဘူး၊ မယုံရင် ခြံရုံလည်း ရှိတယ်၊ သွားမေးကြည့်"

ကောင်မလေးက ခြံရုံ့ဆီကို လာပြီး စစ်ကူတောင်းလေသည်။

"အစ်ကိုကြီးခြံရုံ. . ထိပ်ထိပ်လေးကို ဝိုင်းရှာပေးပါဦး"

"အိမ်ထဲမှာ. . တစ်နေရာရာမှာ ပုန်းနေတာ ဖြစ်မှာပါ. . သူဘယ်နေရာတွေမှာ ပုန်းတတ်သလဲဆိုတာ သိလား"

"ဒါဆို. . ကျွန်မ သွားရှာကြည့်လိုက်ပါဦးမယ်"

အယ်နီက အိမ်ထဲ ပြန်ဝင်ပြေးသွားပြန်သည်။ ခဏနေတော့ ထိပ်ထိပ်ရဲ့အဘွား ဒေါ်ကလျာတင်ရဲ့အသံက ဟိန်းပြီးထွက်လာပြန်သည်။

"နင်တို့တွေ တစ်ကောင်မှ ‌ေ-ာက်သုံးမကျဘူး၊ ဒီကလေး



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်တောင် ကြည့်မထားနိုင်ဘူးလားဟင်. . . ငါ့မြေး ပျောက်သွားရင် ဘယ့်နှယ်လုပ်ကြမလဲ"

ခြံရံ ခေါင်းထဲကို အိမ်ကြီးရဲ့အနောက်ဘက် ခြံထဲမှာရှိသည့် ရေတိုင်ကီထားတဲ့ စင်ကြီးက ရုတ်တရက်ဝင်လာသည်။ မနေ့တုန်းက ထိပ်ထိပ်နဲ့သူ တူတူပုန်းတမ်း ဆော့တုန်းက တွေ့ခဲ့တာ။

လှေခါးလည်း ရှိနေတော့ အိမ်အနောက်ဘက်ကနေ ထွက်ပြီး အဲဒီစင်ကြီးပေါ် တက်မနေဘူးလို့ ဘယ်သူပြောနိုင်သလဲ။

"ဦးမြင့်ဆွေ. . ကျွန်တော် ခြံအနောက်ဘက်မှာ ခဏ သွားကြည့်လိုက်ဦးမယ်"

ခြံရံက ခြံနောက်ကို အပြေးတစ်ပိုင်း ဝင်သွားမိသည်။

ဟော. . ရေစင်ကြီးကိုတွေ့ပါပြီ။

ရေစင်ကြီးပေါ်မှာ မျက်လုံးစိမ်းစိမ်း အကြည့်စူးစူးတွေနဲ့ အောက်ကို ငုံ့ကြည့်နေတဲ့ ကောင်မလေးတစ်ယောက်ကို အတွေ့မှာ သူ့ရင်တွေ ထိတ်သွားသည်။

ရေစင်နဲ့ မြေပြင်ဟာ မမြင့်ဘူးဆိုရင်တောင်. . ဆယ့်ငါးပေလောက်တော့ မြင့်မှာပါ။

"သမီး. . ထိပ်ထိပ်၊ အောက်ကိုဆင်းလာခဲ့လေ. . အဲဒီမှာ ဘာလုပ်နေတာလဲ"





အော်သာ ပြောနေရတာ သူ့အသံတွေက ပြာနေပြီ။ ကလေးတစ်ခုခုဖြစ်သွားမှာတွေးပြီး တုန်လှုပ်နေမိပြီ။ ထိပ်ထိပ်လေးက သူ့ကိုမြင်သွားကာမှ အရှေ့ကို ခြေတစ်လှမ်း ထပ်ပြီးတိုးလာသည်။

"မလာဘူး. . ထိပ်ထိပ်က အောက်ကိုခုန်ချမှာ. . ဒီအိမ်ကြီးမှာ မနေတော့ဘူး. . သူတို့နဲ့ မနေတော့ဘူး"

ပိုပြီး ကြောက်စရာကောင်းလာပြီ။ ထိပ်ထိပ်က ငိုလည်းမငိုဘဲ စကားကို အထစ်အငေါ့ မရှိ၊ အစီအစဉ်တကျ ပြောနေတာ။ ပြီးတော့. . သူ့ပုံစံက တကယ်လုပ်မည့်ပုံမျိုး။

အော်သံတွေ ကြားလို့ ထင်သည်။ အိမ်ထဲက လူတွေ ပြေးထွက်လာကြသည်။ ထိပ်ထိပ်ရဲ့အဘွားဖြစ်သူက သူ့မြေးမလေးကိုတွေ့ပြီး shock ရသွားပုံ ရသည်။

"အမယ်လေး. . ငါ့မြေးလေးကို ခေါ်ကြပါဦး၊ ပြုတ်ကျလာရင် ဘယ့်နှယ်လုပ်မလဲ. . အမယ်လေး. . ဘုရား. . ဘုရား"

ဒေါ်ကလျာတင် တစ်ကိုယ်လုံး ပျော့ခွေပြီးလဲကျသွားသည်မို့ အိမ်ဖော်တွေအားလုံး ပျာယာခတ်သွားကြသည်။

ထိပ်ထိပ်က ဒါကို ဂရုစိုက်ပုံမရပါ။ ဘယ်လိုပဲ ချော့ပြီး ခေါ်ကြပါစေ၊ အောက်ကို လုံးဝဆင်းမလာဘဲ ခုန်ချမယ် တကဲကဲလုပ်နေတာမို့ ခြံရံက -



www.burmeseclassic.com

www.burmeseclassic.com



"သမီး ခဏစောင့်ဦး၊ ဦးဦးနဲ့အတူတူ လေထီးခုန်တမ်းဆော့ကြမယ်နော်. . ဟိုးအမြင့်ကြီးကနေ ခုန်ချမယ်လေ. . ဦးဦးလာခဲ့မယ်နော်. . ခဏလေး စောင့်ဦး"

ကြီးစိုးက သူ့စကားကြားပြီး ရင်ဘတ်ကို လက်နဲ့ဖိကာ-

"မောင်ခြံရဲ့. . . ကလေးကို ဘာတွေပြောနေတာလဲ၊ မထိတ်သာ မလန့်သာနဲ့ကွယ်. . ကျေးဇူးပြုပြီး အောက်ကိုပြန်ခေါ်လာခဲ့ပေးပါနော်"

သူက ကြီးစိုးကို မျက်စိတစ်ဖက်မှိတ်ပြပြီး လှေကားကနေ ရေစင်အပေါ်ကို ပြေးတက်သွားသည်။ ပြီးတော့မှ ထိပ်ထိပ်အနားကို အသာလေးကပ်သွားကာ ပန်းကို ခပ်တင်းတင်းဆုပ်ထားပြီး အနောက်ကိုဆွဲခေါ်လိုက်သည်။

"ဦးဦးက လိမ္မာတယ်၊ ဒယ်ဒီနဲ့မာမီက မလိမ္မာဘူး သိလား။ ထိပ်ထိပ်ကို အမြဲတမ်းတစ်ယောက်တည်းထားတယ်"

ဒီကောင်မလေးရင်ထဲမှာ စိတ်ဒဏ်ရာရနေတာ သေချာပြီ။

"သမီးလေးက ချစ်စရာလေးကွာ. . ဦးဦး ခဏဖက်ထားချင်လို့နော်"

သူဖက်ထားတော့ ထိပ်ထိပ်က မငြင်းရှာပါ။ သူ့ပခုံးပေါ်မှာ ခေါင်းလေး တင်ပြီး ငိုနေရှာသည်။





သူက ထိပ်ထိပ်ကို ပွေ့ချီပြီး လှေကားပေါ်မှ ပြန်ဆင်းလာခဲ့သည်။

"ထိပ်ထိပ် သူတို့ဆီ မသွားဘူးနော် ဦးဦး"

"အေးပါကွာ. . ဒီနေ့ ကျောင်းက ပြန်လာရင် ဦးဦးနဲ့ ကစားကွင်းတွေ လျှောက်သွားမယ်. . မိုးချုပ်ရင် ချုပ်ပစေကွာ၊ ငါတို့ဘုရင်မလေး သွားချင်တဲ့နေရာကို လိုက်ပို့ပေးမယ်နော်"

"တကယ်နော် ဦးဦး"

"တကယ်ပေါ့ကွ. . . အခုတော့ ကျောင်းနောက်ကျနေလို့ ကျောင်းဝတ်စုံလေး လဲလိုက်ပါဦး. . မနက်စာကိုတော့ ကားပေါ်မှာပဲ စားတော့နော် ဘုရင်မလေး"

"ထိပ်ထိပ်ကိုများ ဘုရင်မလေးတဲ့. . အဟိ"

ထိပ်ထိပ်ကို ပြန်ခေါ်လာနိုင်လို့ အားလုံး ဒဓပူလုံးတွေ ကျသွားကြသည်။

ဒေါ်ကလျာတင်လည်း သက်သာလာပြီမို့ သူ့ကို ကျေးဇူးတင်ကြောင်း ပြောလာသည်။

"ကျေးဇူးတင်လိုက်တာ မောင်ခြံရုံရယ်. . အန်တီဖြင့် သွေးတွေ ဆောင့်တက်သွားပြီ ထင်တာပဲကွယ်"

"အန်တီ. . . နေမကောင်းရင် အေးအေးဆေးဆေး နားပါ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ၊ ဒီနေ့တော့ ထိပ်ထိပ်လေးကို ကျွန်တော်ပဲ ကျောင်းလိုက်ပို့ပေးလိုက်ပါ့မယ်. . ကြီးဒိုးဖြစ်ဖြစ်. . ကောင်မလေးတစ်ယောက်လောက် လိုက်ခဲ့ရင် ရပါတယ်"

"အေးပါကွယ်. . အဲဒီလိုပဲ လုပ်ရတော့မှာပဲ. . သူတို့ကတော့ ဘာမှ သိမှာမဟုတ်ဘူး. . ငါ့မြေးလေးကို ဆဲဆိုပြီး ထွက်သွားကြပြီ၊ နောက်ဆုံးကျတော့ ငါတို့ပဲ ခံရတာပဲအေ. . ကဲ. . ကဲ. . အယ်လီက ညီမလေးနဲ့လိုက်သွား. . ထမင်းဘူးတွေ လွယ်အိတ်တွေ အဆင်သင့် ဖြစ်ပြီလား"

"ဖြစ်ပါပြီ အန်တီကြီး"

"သွား. . သွား. . . ကလေးကို ကျောင်းဝတ်စုံ လဲပေးလိုက်တော့"

လိုတရ တ,တိုင်း ရ,တဲ့ဘဝမှာ နေနေရပေမယ့် သူတို့တွေ မပျော်ကြဘူးလား။ ဘာလို့များ ပူလောင်နေရတာလဲ။

ထိပ်ထိပ် ဆိုတဲ့ကောင်မလေးက သူ့အသက်ခြောက်နှစ်မှာ လိုချင်တာ မရှိ ဟိုးအမြင့်ကနေ ခုန်ချဖို့ ကြံရွယ်နေတာ မထူးဆန်းဘူးလား။ တကယ်ဆို. . ထိပ်ထိပ်နဲ့ နေနေက အသက် မတိမ်းမယိမ်းလောက်ပဲရှိမှာ. . အိမ်က ညီအငယ်ဆုံး နေနေကတော့ အခုချိန်ထိ ကလေးစိတ်နဲ့ အမေ့ရင်ခွင်ထဲမှာ ကပ်ပြီး ခွဲတုန်း။





ကားပေါ်မှာ ထိပ်ထိပ်က တူနာဆင်းဒ်ဝစ်ချ်တွေကို အားရ ပါးရစားနေလေရဲ့။ မနက်စောစောစီးစီး အိမ်ကလူတွေကို ဒုက္ခပေးပြီး ဆန္ဒဖော်ထုတ်လိုက်ရလို့ မောသွားသလား မသိပါဘူး။

အယ်လီက ထိပ်ထိပ်ကိုချော့မော့ပြီး နို့သောက်ခိုင်းနေသည်။ ထိပ်ထိပ်က သူ့ကိုကြည့်ပြီး မေးလာသည်။

"ထိပ်ထိပ် နို့သောက်ရင် beach ပို့ပေးမှာလား၊ ထိပ်ထိပ် beach အရမ်းသွားချင်နေတာ"

မြတ်စွာဘုရား။

ငယ်ထိပ်ကို မွေးပြီ တက်ပေါက်သလား. . . အုန်းသီးပဲ ကြွေကျလာသလား မသိပါဘူး. . . အရက်မသောက်ဘဲ လူတောင် မူးချင်လာပြီ။

"ပို့ပေးမယ်. . ဒါပေမဲ့ ဒီနေ့တော့ မဟုတ်ဘူးနော်၊ ကျောင်းပိတ်တဲ့နေ့ကျရင်. . ဦးဦးက သမီးကို ညောင်ချောင်းသာ beach ကို လိုက်ပို့ပေးမယ်. . သမီးအိမ်က လူတွေပါ အကုန်ခေါ်သွားမယ်လေ၊ ကောင်းဘူးလား"

ထိပ်ထိပ်လေးက ခဏလောက်ငြိမ်ပြီး စဉ်းစားနေပုံရသည်။

"ဒါဆို ဒယ်ဒီနဲ့မာမီပါ လိုက်မှာလား. . သူတို့ကို မခေါ်ဘူးနော် ဦးဦး၊ သူတို့အလှည့်ကျ ထိပ်ထိပ်ကိုခေါ်တာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ. . သမီးကြိုက်တဲ့လူကို ခေါ်ဗေ၊ အခုတော့ နို့သောက်လိုက်ဦးနော်"

"ဟုတ်"

နို့ဘူးထဲက နို့ကို ပိုက်နဲ့ အသက်မရှူတမ်းသောက်နေလိုက်တာ. .

ဒီကောင်မလေးက လိမ္မာချစ်ရဲ့သားနဲ့ သူတို့မိဘတွေ အကိုင်အတွယ်မတတ်လို့ ဆိုးနေတာ နေမှာ။

◆



# (၆)

ဒီည ခြံရုံတို့အိမ်က ထမင်းဝိုင်းမှာ ဆွေးနွေးစရာ topic က ထိပ်ထိပ်အကြောင်း ဖြစ်လို့နေသည်။ ဒိတ်ဒိတ်ကြဲ ကျိုက်စ်တက် မိသားစုအသိုင်းအဝိုင်းမှာ နေရတဲ့ ကလေးတစ်ယောက်ဆီမှာ ဒီလိုပေါက်ကွဲတတ်တဲ့စိတ်တွေရှိနေလို့ အမေက အံ့သြပြီး ပြောလို့မဆုံးတော့။

"သားပြောလို့သာ အမေ ယုံလိုက်ရတာကွယ်. . ဒီကလေးလေးက ဒီလို ခုန်ချဖို့အထိ ကြံစည်တယ်. . ဟုတ်လား. . ဘယ်လိုအကြောင်းတရားတွေကြောင့် သူ့စိတ်တွေ ခက်ထန်ကုန်သလဲ မသိဘူးနော်၊ ကလေးစိတ်ဆိုတာ အမေ့ သိသလောက်တော့ အဖြူထည်လေးပါကွယ်. . သူ့စိတ်တွေ အဲဒီလောက်ထိ စွန်းပေသွားတယ်ဆိုရင် သနားစရာတယ်. . အရောင်ဆိုးတဲ့လူတွေက သူ့မိဘတွေ ဖြစ်မှာပဲ"

အမေ့သုံးသပ်စကားကို အဖေကလည်း အပြည့်အဝထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သေချာတာပေါ့ အမေကြီးရယ်. . ပိုက်ဆံတွေ ငွေတွေ ဘယ်လောက်ပဲ ရှိရှိ. . သားသမီးအပေါ် ထားရမယ့် မေတ္တာ၊ ပေးရမယ့်အချိန်တွေတော့ ပျက်ကွက်လို့မဖြစ်ဘူးလေ. . သူတို့မှာဆို ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ၊ ငွေလည်း အသည်းအသန်ရှာစရာမှမလိုတာ. . ကိုယ်ပေးနိုင်တဲ့အတိုင်းအတာထက် ပိုပြီးပေးနိုင်ရမှာပေါ့"

ပျော်ပျော်နေတတ်တဲ့ နိုင်နိုင်တောင်မှ စိတ်ဝင်တစားနဲ့ဝင်ပြီး ဆွေးနွေးလာသည်။

"ဒီပုံစံအတိုင်းဆို အဲဒီကလေးမှာ ဆိုက်ကိုရှိနေပြီ ကိုကို. . အချိန်မရွေး တစ်ခုခုကြံစည်သွားနိုင်တယ်. . ကိုကိုက ပိုပြီး ဂရုစိုက်ပေးပေါ့"

ခြံရှင်က မုန်လာဥချဉ်ဟင်းကို တစ်ဇွန်းခပ်သောက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါကြောင့် သူ့ကို စိတ်ချမ်းသာအောင် ထားနေရတာပေါ့လေ. . ခက်တာက တစ်အိမ်လုံး သူ့ကို ဘယ်သူမှမနိုင်ကြဘူး၊ ထိုးမြင်တာတော့ ဒီကလေးက သူ့အမေနဲ့ အဖေကို တော်တော်လေး သံယောဇဉ်ကြီးတာ. . သိပ်ပြီး ချစ်ပုံပဲ၊ သူချစ်သလို ဟိုဘက်က ပြန်ပြီး response မလာတော့ တော်တော်ခံစားသွားရတယ် ထင်တာပဲ သနားတော့ သနားစရာလေးပါ"





နှင်းဝေတို့၊ မိစုတို့က သူတို့ ကံကောင်းတဲ့အကြောင်းတွေ အချင်းချင်းပြောနေကြသည်။ နှင်းဝေက -

"ဒါဆို မမတို့က ကံကောင်းတာပေါ့နော်. . ပိုက်ဆံမရှိတာကလွဲရင် မိဘတွေက မေတ္တာအပြည့်ပေးပြီး ချစ်ကြတယ်. . မိသားစုတွေ များပြီး ဘယ်လောက်ပျော်ဖို့ ကောင်းလဲ"

"ဒါပေါ့ မမရဲ့၊ အမေဆို ကြည့်ပါလား. . သားသမီးတွေနားက တစ်ဖဝါးမှ မခွာဘဲ အရိပ်တကြည့်ကြည့်နဲ့ နေတာ. . သမီးတို့က များများအချစ်ခံရလို့လား မသိဘူး. . တစ်ခါမှ အားမငယ်ဖူးဘူးနော်၊ ဘယ်လိုပြောရမလဲ. . သိမ်ငယ်စိတ်မဝင်ဘူးပေါ့"

နားထောင်နေတဲ့လူတွေအားလုံး မိစုစကားကြောင့် ဝိုင်းရယ်ကြသည်။

"အမယ်လေးဟဲ့. . လူနဲ့စကားနဲ့ မလိုက်ဘူး၊ တကယ်ပဲ. . နင်ကြီးလာရင် စာရေးဆရာမ လုပ်စားပါလား"

ခြူးပွင့်က ပြောတော့ စကားနည်းတဲ့ ထိန်လင်းက ထောက်ခံသေးရဲ့။

"ဟုတ်တယ်. . ဟုတ်တယ်. . သူက စကားကြီးစကားကျယ် သိပ်ပြောတာ. . အလုံးနဲ့ လူနဲ့ မလိုက်ဘူး၊ ကြီးလာရင် ရှေ့နေမကြီး ဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မီစူးက ချက်ချင်းပြန်ပြီး ချေပနိုင်သည်။

"ဒါပေါ့. . . မီစူးက ရှေ့နေမကြီး ဖြစ်ရင်. . ကိုကိုထိန်လင်း အတွက် အလကားအမှုလိုက်ပေးမယ်လေ"

"ဖွဟဲ့. . လွဲပါစေ ဖယ်ပါစေ၊ ငါက ဘာလို့အမှုဖြစ်ရမှာလဲ"

"ကဲ. . ကဲ. . ရန်ဖြစ်မနေကြနဲ့၊ ထမင်းကို မြိန်အောင်စား၊ စားပြီးရင် သရက်သီးနဲ့လက်ဖက်သုပ် ရှိတယ်၊ အချိုတည်းကြတာပေါ့"

"ဝေး. . ."

အားလုံး ပျော်သွားကြသည်။ ခြံရံ အလုပ်ရသွားပြီဆိုတော့ အဖေက ကားကို နေ့ဘက်ပြောင်းပြီး ဆွဲသည်။ ညဘက် အိမ်မှာ လူ ပိုပြီး စုံသွားတာပေါ့။

မိသားစုတစ်စု ဒီထက်ပိုပြီး စည်းလုံးဖို့၊ ဒီထက်ပိုပြီး ပျော်ရွှင်ဖို့၊ ခိုင်မြဲဖို့ဆိုရင် သန့်-တည်-ပွားက ဆရာဦးမြင့်လွင် ပြောခဲ့ဖူးသလိုပဲ. . မိသားစုထဲမှာ စုပေါင်းပြီး နေထိုင်ကြတဲ့ မိသားစုဝင်တွေအားလုံး 2Tနဲ့ 2F ဆိုတာလေးကို လိုက်နာကျင့်သုံးနိုင်ရင် ပိုပြီးအဆင်ပြေမှာပါ။

2Tဆိုတာက Transparency(ပွင့်လင်းမြင်သာရှိမှု)နဲ့ Trust (အမှန်တရား)ဖြစ်ပြီးတော့ 2F က Free (လွတ်လွတ်လပ်လပ်)နဲ့ Fair (မျှတမှုရှိဖို့) တကယ်လိုအပ်ပါတယ်။

အိမ်ထောင်ဦးစီးဖြစ်တဲ့ အဖေ့ရဲ့အုပ်ထိန်းမှုအောက်မှာ အဖေ





ချပေးခဲ့တဲ့ မျိုးစေ့ကလည်း ဆရာဦးမြင့်လွင် ပြောတာနဲ့ အတူတူဖြစ်လို့နေပါတယ်။

ခြံရံတို့ မိသားစုမှာ အားလုံးက ပွင့်ပွင့်လင်းလင်းနဲ့ အမှန်အတိုင်း ပြောဆိုကြတယ်၊ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်နဲ့ မျှမျှတတဖြစ်အောင် နေကြတယ်။ အရာရာအားလုံးဟာ အံဝင်ခွင်ကျနဲ့ ကျေနပ်စရာတွေပါပဲ။

ကျေးဇူးတင်ပါတယ် ဆရာ။ လူ့ဘဝမှာ နေတတ်အောင်၊ ဘယ်လိုနေရင် အသင့်တော်ဆုံးလဲဆိုတာ တရာပြပြီး အလင်းတံခါး ဖွင့်ပေးတဲ့အတွက် ဦးထိပ်ပန်ဆင်ပြီး အမြဲနာခံပါ့မယ်လို့ ကတိပေးပါတယ်။

အမေ တည်ခင်းထားတဲ့ လက်ဖက်သုပ်ဇလုံထဲမှာ ဇွန်းက ငါးချောင်းပဲ ထည့်ထားတော့ တစ်ယောက် စားနေရင် နောက်တစ်ယောက်က စောင့်နေရတာပါ။ ရှေ့က စားနေတဲ့လူက ဇွန်းကို လက်က မချနိုင်အောင် ဖြစ်နေတော့ နံပါတ်ကိုး ညီမလေး ခတ္တာက စပြီး အော်ပါသည်။

"နံပါတ်လေး ကိုကိုပေါက်စီ. . ဇွန်းချပါဗျို့၊ သမီးတို့အလှည့် ပေးပါဦး"

မီစူးအောက်က ညီမလေး ခတ္တာက တစ်တန်းတက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မခံ ဆတ်ဆတ်ကြဲမလေးမို့ စလို့ အလွန်ကောင်းသည်။ ခတ္တာ တို့ မိစုံတို့က အချွဲလည်း တော်တော့ အဖေ့အသည်းကျော်လေးတွေ ပေါ့။

"ဟုတ်သားပဲ သားရယ်. . ညီမလေးတွေ စားပါစေဦး"

အမေက ရယ်ပြီး ဝင်ပြောတော့ ပေါက်စီက ဘာပြောတယ် မှတ်လဲ။

"အမေက ဘာလို့ ရှယ်သုပ်လာတာလဲ. . . စားလို့ အရမ်း ကောင်းတော့ ဗွန်းက ပါးစပ်မှာ ကပ်နေတာပေါ့"

နံပါတ်ခြောက် ညီမလေး မြတ်နိုးက လက်သွက်သွက်ဖြင့် လက်ဖက်ဇလုံကို ဆွဲလုလိုက်ပြီး ပြောသည်။

"အဟဲ. . ကိုကို့ဗွန်းက ပါးစပ်မှာ ကပ်နေတာဆိုတော့. . ဒီ ဇလုံထဲက လက်ဖက်တွေ ညီမလေးတို့ပဲ စားလိုက်တော့မယ်"

အဖေကတော့ ပက်လက်ကုလားထိုင်လေးမှာ သတင်းစာ ဖတ်နေရင်း ပြုံးပြုံးကြီးနဲ့ 'လက်ဖက်သရဲတွေ' လို့ ပြောနေသည်။

သားအကြီးဆုံးဖြစ်တဲ့ ခြံရကာ အငယ်တွေအတွက် အမြတ်တနိုး စံပြဖြစ်အောင်နေသူပီပီ အဖေ့နားမှာ ဝင်ထိုင်ပြီး ခြေထောက်တွေကို စိတ်လိုလက်ရ နှိပ်ပေးနေမိသည်။ အဖေက အနင်းအနှိပ်မကြိုက်သော် မယ့် သားသမီးတွေ ကုသိုလ်ရအောင် အနှိပ်ခံပါသည်။





"သားကြီး. . အဖေ မညောင်းပါဘူးကွာ သွားနားချေတော့၊ သားလည်း တစ်နေကုန် ပင်ပန်းလာတာပဲ၊ ဟိုအိမ်မှာ သက်သောင့် သက်သာရှိရဲ့လား သား"

"ရှိပါတယ် အဖေရဲ့. . သားက ခြံစောင့် ဦးမြင့်ဆွေ နေတဲ့ ဂိုဒေါင်မှာ နားလို့ရတယ်. . အပေ့ါအပါးသွားဖို့ အိမ်သာလည်း ရှိတယ် ဆိုတော့ အဆင်ပြေတယ်လေ"

အချိုပွဲစားပြီးတော့ ကျန်တဲ့မောင်နှမတွေ အဖေ့နားမှာ ဝိုင်း အုံလာကြသည်။

နံပါတ်စဉ်အလိုက် တစ်ယောက် တစ်လှည့် နှိပ်ပေးနေကျမို့ ခြေမှုပွင့်က -

"ကဲ. . ကိုကို့အလှည့်ပြီးရင် ညီမလေးအလှည့်နော်၊ ကုသိုလ် တွေ ဝေမျှပေးပါဦး"

အဖေက ကျေနပ်ပြီး ပြုံးနေရှာသည်။ ပြီးတော့ အမေ့ကို ရှက်ခုံးပင့်ပြကာ -

"ကဲ. . အမေကြီး၊ သားသမီးများတာ ဘယ်လောက်ဇိမ်ကျ သလဲ၊ တွေ့တယ်နော်. . တို့ရဲ့အဖိုးတန်တဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာ လေးတွေ"

အမေက အဖေ့ကို မျက်စောင်းတစ်ချက်ရွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော်. . လိုက်လည်း လိုက်တဲ့ သားအဖတွေ၊ ကျွန်မပြောဖို့လည်း ချန်ထားပါဦး. . ဆယ်ယောက်စလုံး ဗိုက်အနာခံပြီး မွေးခဲ့ရတာ၊ သားတို့ သမီးတို့ ငယ်ငယ်တုန်းကဆို တစ်ယောက်ဖျားရင် နောက်တစ်ယောက်ပါ လိုက်ပြီးဖျားလို့ အမေ့မှာ ထိုင်တောင်ငိုယူရတယ်. . ဖျားတာတောင်မှ စည်းစည်းလုံးလုံးနဲ့ တစ်ပြုံတစ်မကြီးဆေးခန်းသွားကြတာ"

အမေ့ရဲ့သားသမီးတွေ အားလုံးက ငယ်ငယ်တုန်းက ရှေးဟောင်းနှောင်းဖြစ်တွေကို အမြဲတမ်းမေးတတ်ကြသည်။ နားထောင်ဖို့ စိတ်အားထက်သန်ကြသည်။

"ဒါဆို အမေ ပိုက်ဆံတွေ အများကြီးကုန်မှာပဲနော်"

ခြူးပွင့်က ဝင်မေးတော့ အမေက အတိတ်ကို ပြန်ပြီး တူးဆွလာသည်။

"ဘယ်ပြောကောင်းမလဲ သမီးရယ်. . အမေ့နားကပ်လေးဆို အပေါင်ဆိုင်နဲ့ မိတ်ဆွေတွေဖြစ်လို့၊ ခဏခဏ ပေါင်လိုက် ရွေးလိုက်နဲ့ပေါ့"

ခြံရဲ့ အမေ့ကိုသနားသွားသည်။ သားသမီးအတွက်ဆို ကြီးမားတဲ့မေတ္တာတွေသာ ပေးခဲ့တဲ့ အမေ. . သူပိုင်တဲ့အချိန်တွေကို ပေးပြီး သူ့ဘဝကြီးတစ်ခုလုံးကို စတေးခဲ့သူ။





ပင်ကိုယ်စိတ်ထား သိမ်မွေ့ နူးညံ့သော်ငြား. . သားသမီးအတွက်ဆို မာကြောတဲ့ ကျောက်ဆောင်ကျောက်သားတွေလို ကြံ့ခိုင်တဲ့ အမေ။

စိတ်ချပါ အမေ၊ အမေ့မေတ္တာတွေ အလဟဿ မဖြစ်စေရပါဘူး။ သားသမီးပြောသမျှယုံတဲ့ အမေ့မျက်လုံးတွေ စိုလုံးတော့မကန်းစေရပါဘူး။

ပေးဆပ်ခဲ့သမျှ အမေ့အချိန်တွေ တန်ဖိုးရှိစေရပါမယ်။

"Mother(အမေ)ရဲ့အဓိပ္ပာယ်ကို ဘယ်သူသိသလဲ"

ဆိုင်းမဆင့်ဗုံမဆင့်မေးချလိုက်တဲ့ သူ့စကားကြောင့် အငယ်လေးတွေက အလုအယက်ဖြေကြလေရဲ့။

"အမေ. . ပါ"

"အမေကတော့ လူတိုင်း သိတာပေါ့. . လူတိုင်း မသိနိုင်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်လေးက သတ်သတ်ရှိသေးတယ်။ ကဲ. . အားလုံးလိုက်မှတ်ထားကြနော်. . Mother ဆိုတာ M က Mercy တဲ့၊ သနားကြင်နာတတ်တဲ့ နှလုံးသားရှိသူပေါ့၊ O ကတော့ hOnour ဂုဏ်ပြုထိုက်သူလို့ အဓိပ္ပာယ်ရတယ်၊ T က Tender တဲ့၊ တောင်းဆိုသမျှ လိုက်လျောသူပေါ့. . H က Hero ပေါ့၊ စံပြုလောက်သောဂုဏ်နှင့်ပြည့်စုံတဲ့သူလို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ခြံရှံက တံတွေးကို မျိုချရင်း ခဏနားလိုက်တော့ ထိန်လင်းက -

"ကိုကြီး . . အမ် အို တီ အိပ်ချ်၊ ပြီးတော့ E က ဘာလဲဟင်"

"E ဆိုတာ . . Eternal လို့ ပြောတာ ညီလေးရဲ့ . . အဆုံးမရှိ တုနှိုင်းမရတဲ့ မေတ္တာတွေကို ပိုင်ဆိုင်ထားသူလို့ အဓိပ္ပာယ်ရတယ် . . R ကကျတော့ Righteous တဲ့၊ မဖောက်မပြန် တရားမျှတတဲ့သူ လို့ ပြောတာ၊ ကဲ . . အားလုံးပဲ အမေ့ရဲ့အဓိပ္ပာယ်ကို နားလည်ကြပြီနော်"

ခြံရှံက မေးတော့ အားလုံးက သံပြိုင်ညီညာနဲ့ ဖြေကြသည်။

"နားလည်ပါပြီ ကိုကိုကြီး"

"နားလည်ရင် အမေ့ကို ဘာလုပ်ရမလဲ"

"ဖက်ပြီး နမ်းရပါမယ်"

အမေ . . ကျွန်တော်ချစ်တဲ့အမေက သားသမီးတွေ အလှည့်ကျ နမ်းနေတာကို ငြိမ့်ညောင်းတဲ့ ဂီတသံလို အပြုံးနဲ့ ကျေကျေနပ်နပ်ကြီး ပြုံးနေလေရဲ့။

"သားကြီး . . မင်းက Mother ရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုပြီးသွားပြီ၊ အဖေ့ကျတော့ ဘာလို့ မပြောတာလဲကွ"

အဖေက ကလေးဆိုးကြီးလို ဂျီကျနေလို့ ခြံရှံက တစ်ချက်ရယ်လိုက်ပြီး





"ဟို . . အဲဒါကလေ . . အမေများနေ့မှာ ဂျာနယ်တွေထဲမှာ ပါလို့ သားက မှတ်ထားတာ၊ အဟဲ . . အဖေများနေ့ကျမှ Father ရဲ့ အဓိပ္ပာယ်ကို ရှာပြီး မှတ်ထားလိုက်မယ်လေနော် . . အဖေ"

"အေးပေါ့လေ . . ဘာမိလို့မှ မရှိတာ . မိဘပဲ ရှိတာဆိုတော့ ခံလိုက်ဦးပေါ့"

ရယ်သံလေးတွေက အခန်းကျဉ်းလေးထဲမှာ ပျံ့လွင့်လို့သွားသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

# (၇)

Barbie ကာတွန်းကား ကြည့်ချင်တယ်ပြောလို့ ဖွင့်ပေးထားပေမယ့် ထိပ်ထိပ်လေးက တီဗီကိုမကြည့်ဘဲ ခြံထဲက သစ်ပင်လေးတွေကို ငေးပြီး ကြည့်နေသည်။

ကြီးစိုးက သတိထားမိသွားတော့ အဃ်နီနဲ့ ထွေးထွေးကို လက်တို့ပြီး ပြသည်။

"သမီးလေး. . ကာတွန်းကား မကြည့်ဘူးလား၊ ဘာတွေငေးနေတာလဲကွဲ့"

"ထိပ်ထိပ် ပျင်းလို့"

"ဟင်. . ဒါဆို ကြီးစိုးတို့ ဘာလုပ်ပေးရမလဲ. . သမီးလေးပြောလေ"

ကြီးစိုးအမေးကို ထိပ်ထိပ်က ခေါင်းခါပြသည်။

"ဘာမှမလုပ်ချင်ဘူး"

"ပုံပြောပြရမလား ညီမလေး"





အယ်လီက မေးပြန်သည်။

"ဟင့်အင်း. . နားထောင်ချင်ဘူး"

"ထိပ်ထိပ်. . ညီမလေးတစ်ယောက်တည်း ပျင်းနေရင် မာမီ့ကို နောက်ထပ်ကလေးတစ်ယောက် ထပ်ပြီး မွေးခိုင်းလိုက်ပါလား"

ထိပ်ထိပ်ဟာ အလိုက်ကန်းဆိုးမသိ၊ အရိပ်သုံးပါးနားမလည်တဲ့ ထွေးထွေးရဲ့စကားကိုကြားပြီး မီးဟုန်းဟုန်းတောက်စေမယ့်မျက်လုံးဖြစ်လာသည်။ ဒေါသတွေအလိပ်လိုက်တက်လာပြီး အာခေါင်ခြစ်ကာ အော်ပါတော့သည်။

"မလိုချင်ဘူး ဘယ်သူမှမလိုချင်ဘူး၊ ထိပ်ထိပ်တစ်ယောက်တည်းပဲ နေချင်တယ်. . မာမီနဲ့ဒယ်ဒီလည်း ထိပ်ထိပ်ကိုပဲ ချစ်ရမယ်။ နောက်တစ်ခါ ထပ်ပြောရင် ထွေးထွေးကို အလုပ်ထုတ်ပစ်မယ်"

စိတ်တိုင်းကျအော်ဟစ်သောင်းကျန်းနေတဲ့ ထိပ်ထိပ်ကိုကြည့်ပြီး ကြီးစိုးက ထွေးထွေးကို ဆူသည်။

"ဟုတ်သားပဲ ထွေးထွေးရယ်. . နင်တော့ ရှာပြန်ချင်ပြီနဲ့တူတယ်. . နောက်တစ်ခါ တို့သမီးလေး မကြိုက်တာပြောလို့ကတော့ နင့်အထုပ်သာ တစ်ခါတည်းပြင်ထား ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ပါ ကြီးစိုး. . နောက်တစ်ခါဆို မပြောတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှ . . ထိပ်ထိပ်လေးက ဒေါသပြေသေးပုံ မရပါ။ Breakfast မစားဘဲ ဆန္ဒပြနေသည်။ အထိန်းတော်တွေက သူတို့မနိုင်တော့ ခြံရှံဘက်ကို စင်ကူတောင်းဖို့ ပြင်သည်။

"ဟဲ့ . . ခြံရှံ မရောက်သေးဘူးလား၊ ဒီမှာ ထိပ်ထိပ်လေး စိတ်ကောက်နေလို့ လာချော့ပါလို့ ပြောလိုက်. . မြန်မြန်သွားခေါ်ခဲ့လေ"

ခြံရှံက ခြံထဲမှာ ကားရေဆေးနေရင်း ဒီနေ့ ဆီဖြည့်ရဦးမှာပဲဟု တွေးနေမိသည်။ အယ်လီ ဆိုတဲ့ ကရင်မလေးက အလောသုံးဆယ်နိုင်စွာ ပြေးလာပြီး

"အစ်ကိုကြီးခြံရှံ. . ညီမလေး ထိပ်ထိပ်လေ စိတ်ကောက်ပြီး သောင်းကျန်းနေလို့၊ အဲဒါ. . လိုက်ချော့ပေးပါဦး"

ခြံရှံက နာရီကို တစ်ချက်ကြည့်ပြီး

"ဒီနေ့ ကျောင်းပိတ်ရက်ပဲဟာ. . ထိပ်ထိပ်က အစောကြီးနိုးနေတာလား"

"သူကလေ. . မနက်ဆို သူ့အဖေနဲ့အမေ ထွက်သွားမှာစိုးလို့ အစောကြီး ထပြီး စောင့်နေတာ. . သနားပါတယ်"

"ကျောင်းပိတ်နေတာပဲဟာ. . ခေါ်မသွားဘူးလား၊ ဒါမှမဟုတ် ကလေးသွားချင်တဲ့နေရာ လိုက်မပို့ပေးဘူးလား"

အယ်လီက မျက်နှာလေးမဲ့ပြီး ခေါင်းခါပြသည်။





"တစ်ခါမှ မခေါ်ဘူး. . သူတို့ဟာသူတို့ အပျိုလုပျိုလုပ်ပြီးပဲ သွားကြတာ. . အဲဒါကြောင့် ထိပ်ထိပ်လေးက သနားစရာကောင်းပါတယ်လို့ပြောတာ"

"နေဦး. . ငါ နှင်တို့ကို မှာစရာရှိသေးတယ်. . ထိပ်ထိပ်ကို အလွတ်မပေးနဲ့နော်. . သေချာစောင့်ကြည့်မှဖြစ်မှာ. . သူ့ကြည့်ရတာ ခံစားချက်က သိပ်ပြီးပြင်းထန်ပုံပဲ. . ငါပြောတာ သဘောပေါက်လား၊ မနေ့ကလို ထပ်ဖြစ်မှာစိုးလို့ ပြောနေတာ"

"စိတ်ချပါ အစ်ကိုကြီး"

"လာလေ. . သွားမယ်"

ခြံရှံ အိမ်ကြီးထဲကို ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။

ခမ်းနားလိုက်တာ. . မှန်ချပ်တွေကို ဖောက်ပြီးဝင်လာတဲ့ နေရောင်ကြောင့် ညှိခန်းတစ်ခုလုံးကို ရှင်းလင်းစွာ မြင်နေရသည်။

အဖြူနဲ့အနက်ရောစပ်ထားတဲ့ ဆိုဖာခုံတွေက အမွေးနုနုလေးတွေနဲ့မို့ ထိုင်ချင်စရာကောင်းနေသည်။ နှင်းဆီအဖြူနဲ့အနီကို ရောစပ်ပြီး ထိုးထားတဲ့ ပန်းအိုးလေးက စားပွဲပေါ်မှာ လှချင်တိုင်းလှနေသည်။

အယ်လီနောက်မှ လိုက်ခဲ့ရင်း အပေါ်တက်မည့်လှေကားဆီအရောက်မှာ ဗီရိုအကြီးကြီးတစ်ခုကိုတွေ့လို့ လှမ်းကြည့်လိုက်တော့ အားပါး. . ဗီရိုထဲမှာ နည်းနည်းနောနောဖိနပ်တွေမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမစီး လေဒီရှူးဖိနပ်မျိုးစုံ၊ တန်ဖိုးကြီးမည့် စိန်စီ၊ကျောက်စီ ဒေါက်ဖိနပ်မျိုးစုံ၊ အဆင်စုံ၊ အရောင်စုံပါလား။ မရှိဘူးဆိုရင်တောင် အရံ တစ်ရာကျော်လောက်သည်။ သူ့ငွေးတွေဆိုတော့လည်း စီးနိုင်မှာပေါ့လေ. .

အယ်လီက ထိပ်ထိပ်အခန်းရှေ့ရောက်တော့

"ထိပ်ထိပ်ရေ. . ဒီမှာ ဘယ်သူပါလာလဲ၊ ကြည့်ပါဦး"

ထိပ်ထိပ်က အယ်လီနောက်မှာ ပြုံးပြုံးကြီးရပ်နေတဲ့ ခြံရှင်ကို တွေ့တော့ မျက်နှာလေးက ချက်ချင်းပြုံးလာသည်။

"ဟာ. . ဟုတ်သားပဲ၊ ဒီနေ့ ဦးဦးက beach ပို့ပေးမယ်လို့ ကတိပေးထားတယ်လေ. . သွားရတော့မလားဟင်"

ကြီးစိုးက ပျာပျာသလဲ ဝင်ပြီးမေးသည်။

"ဟုတ်ရဲ့လား မောင်ခြံရှင်ရယ်၊ ဒါဆို ပစ္စည်းတွေသိမ်းရတော့မှာလား. . နေပါဦး. . လူဘယ်နှယောက် လိုက်ရမှာလဲ၊ ဘာတွေထည့်သွားရမှာလဲ. . လုပ်ကြပါဦးဟဲ့"

"ထိပ်ထိပ်အမေကတော့ သူ့သမီး သွားချင်တဲ့နေရာ ပို့ပေးလို့ ပြောထားပါတယ်. . ဒါပေမယ့် အန်တီ့ကိုတော့ ခွင့်တောင်းရမယ် ထင်တယ်. . ကြီးစိုးပဲ သွားပြောပေးပါဦး၊ ညောင်ချောင်းသာက အခု တလော လူတွေအများကြီးသွားနေတဲ့ နေရာပါ. . ညောင်တုန်းမြို့တင်





ဆိုတော့ သိပ်လည်း မဝေးဘူးလေ. . ဒါနဲ့ တစ်လက်စတည်း ဆီထည့်ဖို့ ပိုက်ဆံလေးပါ တောင်းခဲ့ပေးပါလား"

"အေး. . အေး. . ကြီးစိုး သွားပြောလိုက်ဦးမယ်"

ထိပ်ထိပ်က သူ့လက်ကိုလာဆွဲပြီး -

"မဆိုးဘူး၊ ဦးဦးတော်တယ်. . ကတိလည်း တည်တယ်၊ ဆီထည့်ဖို့ ပိုက်ဆံ ထိပ်ထိပ် ပေးမယ်လေ. . ဘယ်လောက်ကျလဲ"

ချာတိတ်မလေးက ငွေစကားပြောလို့ပါလား။

"လေးသောင်းလောက်တော့ ကျမှာပေါ့"

"ရော့"

ထိပ်ထိပ်က သူ့အိတ်သေးသေးလေးထဲကနေ တစ်သောင်းတန် လေးရွက်ကို ထုတ်ပေးလာသည်။ ကလေး သေးသေးလေးကို ပိုက်ဆံတွေ အများကြီးပေးကိုင်ထားပါလား။

"တွေ့လား. . ဒါမျိုးတွေ ထိပ်ထိပ်မှာ အထုပ်လိုက်ရှိတယ်"

ခြံရှင်က ထိပ်ထိပ်ပခုံးလေးကို သူ့လက်နှစ်ဖက်နဲ့ကိုင်ပြီး

"သမီး. . တွေ့ကရာလူကို ဒီအတိုင်း ပိုက်ဆံပိုက်ပေးနေလို့ မဖြစ်ဘူးနော်၊ အန္တရာယ်များတယ် သိလား. . သမီးအတွက်ပြောတာ"

"မပေးပါဘူး. . ထိပ်ထိပ်က ဦးဦးကိုပဲ ပေးတာ. . ထိပ်ထိပ်ကို ပို့ပေးမယ်ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိုးက ဝမ်းသာအားရ အချက်ပြလာသည်။

"ကဲ့ . အားလုံးပဲ ပြင်ကြဆင်ကြပေ့၊ permit ရလာပြီ"

"သမီးတို့ အကုန်လိုက်ရမှာလားဟင်"

"အေး . . အကုန်ခေါ် သွားတဲ့၊ နင်တို့ညီမလေးအတွက် ဘောကွင်းတွေ ရေကူးဝတ်စုံတွေ သေချာထည့်ခဲ့ဦး၊ အကျီအပိုပါ သုံး လေးစုံလောက် ထည့်၊ မျက်နှာသုတ်ပဝါ မမေ့စေနဲ့နော့် . နေဦး . . ကားထဲမှာ အဲယားကွန်းက အေးတယ်၊ အနွေးထည်ပါ ယူခဲ့၊ တစ်ယောက်က အဝတ်အစားသိမ်းရင် နောက်တစ်ယောက်က မုန့်တွေ၊ အအေးဘူးတွေ၊ ရေဘူးတွေကို ခြင်းတစ်လုံးနဲ့ထည့် . ကြားလား၊ အယ်နီက ညီမလေးကို ရေချိုးပြီးအဝတ်အစားလဲပေးလိုက်တော့၊ ဟဲ့ . ထိပ်ထိပ်လေး မနက်စာ မစားသေးဘူး မဟုတ်လား"

"မစားဘူး ကြီးစိုး၊ အစ်ကိုကြီးခြံရံကို ကျွေးခိုင်းမှ စားမယ်ထင်တယ်"

ကြီးစိုးက ခြံရံကို အားနာသလိုကြည့်ပြီး

"သားရယ် . သားညီမလေးကို ချော့ပြီးကျွေးကြည့်ပါဦး . . ကြီးစိုး ထမင်းချိုင့်သွားထည့်လိုက်ဦးမယ် . ရော့ . ဒီမှာ ဆီဖိုး လေးသောင်း"

"ရတယ် ကြီးစိုး၊ သား ခွံ့ကျွေးလိုက်ပါ့မယ်၊ ကဲ . ကဲ . .





သမီးလေး . မနက်စာ သုံးဆောင်တော်မူမည်၊ ဘာနဲ့စားချင်ပါသလဲ ခင်ဗျာ"

ထိပ်ထိပ်က သူ့အပြောကို သဘောကျပုံရသည်။ ရှေ့က သွားကျိုးလေးပေါ်အောင် ရယ်ပြီး -

"ခေါက်ဆွဲသုပ်နဲ့ နံပြားထောပတ်သုပ် စားမယ်"

"ရပါမယ် ခင်ဗျ၊ မင်းသမီးလေး ရေချိုးနေတုန်း ဦးဦး သွားဝယ်လာပေးပါ့မယ်၊ အဆင်သင့်စောင့်နေတော်မူပါ"

ခြံရံက လမ်းလျှောက်ပြီး ခေါက်ဆွဲသုပ် အရှာထွက်လာခဲ့သည်။ ဦးမြင့်ဆွေ ညွှန်ပြလိုက်တဲ့ လက်ဖက်ရည်ဆိုင်လေးကို တွေ့လို့သာ တော်တော့သည်။

ထိပ်ထိပ်အတွက် ခေါက်ဆွဲသုပ် တစ်ပွဲနဲ့ နံပြားထောပတ်သုပ် တစ်ပွဲမှာပြီး လက်ဖက်ရည်တစ်ခွက်ကို မြန်မြန်မော့သောက်ပစ်လိုက်သည်။ လက်ဖက်ရည်ကို ကစ်ငုံချင်း ဇိမ်ခံပြီးသောက်နေဖို့အချိန်မှ မရတာ။

မှာထားတာတွေ ရတော့ အိမ်ကို သုတ်ခြေတင်ပြီး ပြန်လာခဲ့သည်။ အိမ်အဝင်ဝမှာ ဒေါ်ကလျာတင်က ရပ်စောင့်နေပြီး

"မောင်ခြံရံ . အန်တီ့မြေးလေးကို သေသေချာချာဂရုစိုက်ပါနော် . . မင်းလက်ထဲကို ဝကွက်အပ်လိုက်ပြီ၊ ရေထဲဆင်းရင် ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြည့်ပေးပါကွယ်၊ အန်တီတို့မျိုးဆက်မှာ သူတစ်ယောက်ပဲရှိတာ၊ သူ့အမေကလည်း နောက်တစ်ယောက် မမွေးတော့ဘူးလို့ ပြောထားပြီးသား"

"စိတ်ချပါ အန်တီ၊ ထိပ်ထိပ်လေး အန္တရာယ်ကင်းဖို့၊ ဘေးကင်းဖို့က ကျွန်တော့်တာဝန်ပါ. . အခု သူ့ကို မနက်စာကျွေးပြီးရင် သွားတော့မယ်နော်"

ဒေါ်ကလျာတင် မလိုက်နိုင်ဘူးဆိုတာ သူသိလိုက်ပြီပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရွှေပုံပေါ်မှာစံပြီး အဖော်မဲ့နေတဲ့ ထိပ်ထိပ်လေးအတွက် ဒီနေ့တော့ ပတ်ဝန်းကျင်အသစ်မှာ စိတ်ပျော်ရွှင်မှုရအောင် ဖန်တီးပေးရမှာက သူ့တာဝန်ပဲလို့ ခံယူထားပါသည်။

◆

(၈)

နေဇာရဲ့အတွင်းရေးမှူးမလေးက နေဇာ လက်မှတ်ထိုးရမည့် စာရွက်စာတမ်းတွေကို ယူလာပြီး အခန်းထဲ ဝင်လာသည်။

အေးစိမ့်နေတဲ့ အဲယားကွန်းခန်းထဲမှာ နေဇာတစ်ယောက် မှုးဝေပြီး ပျို့အန်ချင်နေသည်။ ဖျားလည်း မဖျား၊ အစာမကြေ ဖြစ်ရအောင်လည်း မနက်ကတည်းက အန်ချင်နေလို့ ကော်ဖီ တစ်ခွက်တောင် မသောက်ဖြစ်ပါ။

နေဇာ့အခြေအနေကိုကြည့်ပြီး စင်သီယာက -

"မမ. . နေမကောင်းလို့လား၊ မမမျက်နှာကြည့်ရတာ သိပ်မလန်းဘူးနော်"

"အေးကွယ်. . မမလည်း နေရတာတစ်မျိုးကြီး ဖြစ်နေတယ်၊ ရင်ထဲမှာ ဘာမှမစားဘဲ အော်ဂလီဆန်နေတာ လေး ငါးရက် ရှိပြီ. . ဘယ်လိုလုပ်ရမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စင်သီယာက ကလေးတစ်ယောက်မွေးထားဖူးတော့ နေဇာ့မှာ အကြောင်းထူးတစ်ခုခုရှိလိမ့်မည်ဟု ထင်မိသည်။

"ဟိုလေ. . မမ. . ဟိုဒင်း. . စင်သီယာ့အထင် မမမှာ. . . အဲဒါ. . "

စင်သီယာက သူ့ဗိုက်ရှေ့မှာ လက်နှစ်ဖက်ကိုဝိုင်းပြီး ဖက်ပြလိုက်တော့ နေဇာ့မျက်လုံးတွေ ပြူးလာသည်။

"အဲဒီလိုဖြစ်နိုင်လားဟင်. . စင်သီယာ မမကို ပြောစမ်းပါ"

ဒီတစ်ခါ မျက်လုံးပြူးရသူက စင်သီယာပါ. . . မမက အပျိုလည်း မဟုတ်ဘဲနဲ့ ဒါမျိုးဖြစ်နိုင်လားလို့. . မေးတာကိုက အံ့ဩစရာမဟုတ်လား. .

"မမက တားထားတာ မဟုတ်ဘူးလား"

"ဟင့်အင်း"

နေဇာ ခေါင်းခါပြတော့ စင်သီယာ့နှုတ်မှ ဟောတော့. . ဟုအသံလေးထွက်လာသည်။

"မတားထားရင် ဖြစ်နိုင်တာပေါ့ မမရဲ့. . သေချာလေး စစ်ကြည့်ပါလားဟင်. . တော်ကြာ မင်္ဂလာရှိတဲ့သတင်းဖြစ်နေရင် ဘယ်လိုလုပ်မလဲ. . အစ်ကိုကြီးဂုဏ်ရှိန်ကို congratulation လုပ်ရမှာပေါ့ ထိပ်ထိပ်လေးအတွက်လည်း အဖော်ရတော့ ပျော်စရာကြီးဟာ"





စင်သီယာက ပျော်နေသလောက် နေဇာ့မျက်နှာက ပျက်သွဲထက် ပျက်လာသည်။ ပြီးတော့ တစ်စုံတစ်ခုကို ထိတ်လန့်စွာဖြင့်

"မဖြစ်ဘူး. . အဲဒီလိုဖြစ်လို့ မဖြစ်ဘူး. . အဖြစ်မခံနိုင်ဘူး"

စင်သီယာ အံ့ဩသွားသည်။

ယောကျ်ားရှိတဲ့ မိန်းမတစ်ယောက်က ကိုယ်ဝန်ရှိလို့ မရဘူးလား. . ဒါ ထူးဆန်းတဲ့ကိစ္စမှမဟုတ်တာ။ သူများတွေလို ပိုက်ဆံမရှိလို့၊ လိုအပ်ချက်ရှိလို့ ကလေး မလိုချင်တာဆို ထားပါတော့. . .

မမနေဇာတို့က ချမ်းသာလိုက်တာမှ ကျိုကျိုတက်၊ ပိုင်ဆိုင်မှုတွေက ဒုနဲ့ဒေး။ သားသမီးဆိုလည်း ထိပ်ထိပ်တစ်ယောက်ပဲ ရှိတာ။

စင်သီယာသာ သူတို့နေရာမှာဆို. . သားသမီး တစ်ဒါဇင်လောက်ယူပြီး ဘောလုံးအသင်းထောင်ပစ်လိုက်မှာ. . အဟုတ်။

မမနေဇာ ဂဏှာမငြိမ်ဖြစ်နေတာကြည့်ပြီး စင်သီယာတောင်လန့်လာသည်။ မျက်လုံးတွေကလည်း အထိတ်တလန့်နိုင်စွာ သူတစ်ယောက်တည်း ဘာကိုကြောက်လို့ ကြောက်နေမှန်းလည်း မသိရ။

ခဏနေတော့ ရေတစ်ခွက် တောင်းသောက်ပြီး ကားသော့ယူကာ ထွက်သွားတော့သည်။

မသွားခင် မမက

"စင်သီယာ. . ဒီနေ့ မမနဲ့တွေ့ဖို့ ယူထားတဲ့ appointment



www.burmeseclassic.com

www.burmeseclassic.com



တွေ အကုန်ဖျက်လိုက်တော့ သိလား. . အရေးကြီးရင် နောက်နေ့မှ ပြန်ချိန်းပေး. . မမ သွားပြီ၊ အကြောင်းထူးတာရှိရင် ဖုန်းဆက်လိုက်နော်" .

"ဟုတ်ကဲ့ မမ"

စင်သီယာ ဒါပဲ ပြောလိုက်နိုင်သည်။

ကလေးအကြောင်း ပြောမိတာ သူ ဘာများမှားသွားလို့လဲ။ မမ သူ့ကိုစိတ်ဆိုးသွားတာတော့ မဟုတ်လောက်ပါဘူးနော်. . ဒါဆို ဘာလို့ သွေးပျက်သွားတာလဲ။

* * *





အင်းလျားကန်ဘောင်ပေါ်မှာ ထိုင်ပြီး နေဇာ တစ်ယောက်တည်း နက်ရှိုင်းစွာ တွေးနေမိသည်။

ဘာဆက်လုပ်ရမှာလဲ။ သေချာနေတာတစ်ခုက နောက်ထပ် သံယောဇဉ်တွေ သူမ မလိုချင်တော့ပါ။

မောင်နဲ့ အိမ်ထောင်ကျကတည်းက ကလေး တစ်ယောက်ပဲ ယူမည်ဟု plan ချထားခဲ့သည်။ သူတို့ ချမ်းသာသမျှ ပိုင်ဆိုင်သမျှ အရာအားလုံးကို သမီးလေး ထိပ်ထိပ် တစ်ဦးတည်းအတွက် ထားခဲ့ချင်သည်။

နောက်တစ်ခု. . သူမ ကြောက်နေတာက ထိပ်ထိပ်လေးရဲ့ အတ္တ။ ခွဲဝေမပေးချင်တဲ့ တစ်ကိုယ်ကောင်းစိတ်လေးက ထိပ်ထိပ်ဆီမှာ သံမှိုစွဲနေပြီ။

ခုတစ်လော ရင်ထဲမှာ မကောင်းတာ၊ မနက်တိုင်း လေတွေ အန်ပြီး ပျို့နေတာ၊ ဘာမှစားချင်စိတ်မရှိတာတွေက စင်သီယာပြောသလို ကိုယ်ဝန်များရှိနေလို့လား. .

စိတ်ထဲမှာ ရှုပ်ထွေးနေလိုက်တာ။ ခံစားချက်တစ်ခုကို ကြာရှည် မျိုသိပ်မထားတတ်တဲ့ နေဇာက ဂုဏ်ရှိန့်ဆီ ချက်ချင်း ဖုန်းခေါ်လိုက်သည်။

ဘာမှ မသိသေးတဲ့ ဂုဏ်ရှိန်က -



www.burmeseclassic.com

www.burmeseclassic.com



"ပြော. . ချစ်၊ ဒီည ဘာစားချင်လဲ. . ဘယ်သွားချင်သလဲ၊ မနေ့က သမ္မတမှာ အသစ်လဲသွားတဲ့ နေတိုးကား ကြည့်ချင်တယ်ဆို၊ မောင် လိုက်ပြမယ်လေ"

"ချစ် ဘာမှလည်း မစားချင်ဘူး. . ဘာမှလည်း မကြည့်ချင်ဘူး မောင်. . အခုနေများ ချစ်သေလို့ရရင် သေလိုက်ချင်တယ်မောင် သိရဲ့လား"

ဂုဏ်ရှိန်ရဲ့အသံတွေက အထိတ်တလန့်နိုင်စွာ

"ချစ်. . ဘာဖြစ်နေလို့လဲ. . မောင့်ကို ပြောစမ်း. . အခုဘယ်မှာလဲ၊ မောင် ချက်ချင်းလာခဲ့မယ်"

"လာခဲ့ မောင်. . ချစ်တစ်ယောက်တည်း စဉ်းစားရလွန်းလို့ ရူးတော့မယ်. . အခု ချစ် ကန်ဘောင်ပေါ်မှာရောက်နေတယ်"

"လာပြီ. . လာပြီ. . မောင် လာပြီနော်. . ဘာမှန်းတော့ မသိပေမယ့် မောင် နောက်ဆယ့်ငါးမိနစ်အတွင်းမှာ အရောက်လာခဲ့မယ်၊ ဘာမှမကြောက်နဲ့နော် ချစ်အနားမှာ မောင် အမြဲတမ်းရှိတယ်. . ချစ်ဘက်မှာ မောင် အမြဲရပ်တည်ပေးမှာပါ"

နေဇာ အားရှိလိုက်တာ။ အဲဒါတွေကြောင့် မောင့်ကိုအားကိုးပြီး ချစ်မိသလား မသိပါဘူး။

ခြစ်ခြစ်တောက် ပူနေတဲ့ နေရောင်အောက်မှာ ထီးမပါ ဘာ





မပါနဲ့ နေဇာတစ်ယောက်တည်း ထိုင်နေတာ ကြာပြီ။ လက်ထဲမှာ ကိုင်ထားတဲ့ နေဇာ့ဟန်းဒ်ဖုန်းက မြည်လာသည်။

ထိပ်ထိပ်ဆီကပဲ။

"မာမီ"

ထိပ်ထိပ်အသံလေးက ချွဲနွဲ့စွာ ထွက်ပေါ်လာသည်။

"သမီးလေး. . ပြောလေ. . ဘာပြောမလို့လဲ"

"မာမီ. . ဒီနေ့ ဦးဦးခြံရဲ့လည်း မလာဘူး။ ကတိပျက်တယ်။ ထိပ်ထိပ်ကို Junction Squareပို့ပေးမယ်ဆိုပြီး လာလည်း မလာဘူး၊ သူ့ကို စိတ်ဆိုးတယ် မာမီ"

နေဇာက စိတ်တိုင်းမကျဖြစ်နေတဲ့ သမီးလေးကို ချော့ပြီးပြောသည်။

"ဦးဦးက ဒီနေ့ နေမကောင်းလို့ ခွင့်တစ်ရက်ယူထားတယ် သမီးရဲ့၊ သမီးလေးပျင်းရင် မာမီ ညီမလေးဖြစ်ဖြစ် မောင်လေးဖြစ်ဖြစ် မွေးပေးရမလားဟင်. . သမီး အဖော်ရတာပေါ့၊ ဘယ်လိုလဲ သမီး"

နေဇာ၏သွေးတိုးစမ်းသလို အမေးကြောင့် ထိပ်ထိပ်လေးဟာ အပြင်းအထန်ပေါက်ကွဲလာကာ

"မာမီ့ကို မလိုချင်ဘူးလို့ ပြောပြီးပြီလေ. . ထိပ်ထိပ်မလိုချင်တဲ့ ကလေးကို မွေးလို့ကတော့ ကိုင်ဆောင့်ပစ်မယ် ဘာမှတ်နေလဲ၊



www.burmeseclassic.com

www.burmeseclassic.com



တော်ပြီ. . တော်ပြီ. . မာမီ့ကိုလည်း စိတ်ဆိုးတယ်၊ ထိပ်ထိပ်မကြိုက်တာတွေပဲ ပြောနေတယ်၊ ဟီး. . ဟီး"

စိတ်ဆိုးမာန်ဆိုးနဲ့ ငိုပြီး ဖုန်းချသွားတဲ့ သမီးလေးကြောင့် နေဇာ ပိုပြီး ဆုံးဖြတ်ရ ခက်သွားသည်။ စိတ်ထဲမှာ နောက်ကျိသွားသည်။ သူမစိတ်တွေ ဘယ်လောက်အထိ လွင့်နေသလဲဆိုရင် အနားမှာ မောင်ရောက်နေတာတောင် မသိခဲ့။

"ချစ်. . မောင့်သည်းလေး. . ဘာတွေ ဖြစ်နေတာလဲဟင်. . မောင် စိတ်ပူလိုက်တာကွာ၊ နေရော ကောင်းရဲ့လားဟင်. . မှန်းစမ်း"

သူမနဖူးလေးကို ကြင်နာစွာစမ်းရင်း မေးလာတဲ့ မောင့်ကို အနားမှာ ထိုင်စေရင်း သမီးလေးထိပ်ထိပ်နဲ့ ဖုန်းပြောထားတဲ့အသံတွေကို ဖွင့်ပြလိုက်သည်။

နေဇာ့ဖုန်းမှာက recording ပါပြီးသား ဆိုတော့ ထိပ်ထိပ် စိတ်ဆိုးပြီး အော်ဟစ်နေတာ၊ ငိုယိုပြီး ရန်တွေ့နေတာတွေကို အဖေဖြစ်တဲ့ ဂုဏ်ရှိန် သိသွားပြီး တဟားဟားအော်ရယ်ကာ

"လက်စသတ်တော့ သားအမိနှစ်ယောက် ရန်ဖြစ်ထားကြတာကိုး. . မောင်က ဘာများလဲလို့ စိတ်ထဲမှာ ထင့်သွားတာပဲ"

နေဇာက မောင့်လက်ကို ဆုပ်ကိုင်ကာ မောင့်မျက်လုံးတွေကိုစိုက်ကြည့်ပြီး





"မောင်. . ချစ်ပြောတာ ဆုံးအောင် နားထောင်ပေးပါ။ ချစ်မှာ ကိုယ်ဝန်ရှိနေပြီထင်တယ်"

"သေချာလို့လား ချစ်ရယ်. . မောင်တို့ ရက်ရှောင်ထားတာပဲလေ"

"ချစ်သူငယ်ချင်းတစ်ယောက် တစ်ခါ သတိပေးဖူးတယ်. . အဲဒါက သိပ်မသေချာဘူးတဲ့. . အခု ဘယ်လိုလုပ်ကြမလဲ မောင်"

ဂုဏ်ရှိန်လည်း အပူတွေ ကူးစက်သွားပုံရသည်။ ကြည်နေတဲ့မျက်နှာက မှိုင်တွေသွားပြီး -

"တားဆေးကျတော့လည်း ချစ်က ဝမှာစိုးလို့ မသောက်ချင်ဘူးလေ"

နေဇာက သိပ်လှတဲ့သူမအောက်နှုတ်ခမ်းလေးကိုဖိကိုက်ကာ

"သေချာတာက နေဇာ ဒီကလေးကို မွေးလို့ မဖြစ်ဘူးမောင်၊ လုံးဝ မဖြစ်ဘူး. . သမီး ပြောသွားတာတွေ မောင်လည်း ကြားတယ်မဟုတ်လား"

ဂုဏ်ရှိန်က နေဇာ့ကို ထွေးပွေ့ကာ နှစ်သိမ့်ပေးရင်း

"ဒါကတော့ ကလေးလေးမြင်ရင် သမီးလည်း စိတ်ပြောင်းချင် ပြောင်းသွားမှာပေါ့ ချစ်ရယ်. . ပြောနေ ကြာပါတယ်. . မောင်တို့အိမ်ပြန်ပြီး သေချာအောင် စစ်ကြည့်ကြတာပေါ့. . လာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆွဲခေါ်လို့သာ လိုက်လာရသည်။ သူမ တစ်ကိုယ်လုံး ပျော့ခွေကာ အားအင်တွေ ချိနဲ့နေသည်။ ကြောက်လည်း ကြောက်နေမိသည်။

"တကယ်လို့ ရှိနေခဲ့ရင် ဘာဆက်လုပ်ရမလဲ မောင်"

"ချစ်က ကာယကံရှင်ပဲလေ၊ ချစ် စိတ်မပါဘဲနဲ့တော့ မမွေးပါနဲ့ကွာ. . မောင်တို့ ဆရာဝန်နဲ့ပြပြီး တိုင်ပင်ကြတာပေါ့"

ကလေးတစ်ယောက်ရဲ့ဗာဟီရတွေကို သူမ စိတ်ရှည်မည် မထင်ပါ။ အူဝဲလို့ ထွက်လာကတည်းက ပေးလိုက်ရမည့်အချိန်တွေ ပြန်တွေးကြည့်လိုက်တော့ နေဇာမင်းခေါင်. . ဆိုတဲ့ မိန်းမမှာ အဲဒီလောက် အချိန် မပေးပါ။ ပြီးတော့ အလှတရား. . ။ ကလေးမွေးပြီး အလှပျက်မည်ကို သူမ သေမလောက် ကြောက်ပါသည်။

မောင့်အတွက် နေဇာ အမြဲလှနေချင်သည်။ မောင့်မျက်လုံးထဲမှာ နေဇာက ဆွဲဆောင်မှုအရှိဆုံးမိန်းမ ဖြစ်ချင်သည်။ အလှပျက်မှာ၊ အလုပ်ပျက်မှာစိုးလို့ ထိပ်ထိပ်လေးကိုတောင် အချိန်ပေးပြီး ဂရုမစိုက်နိုင်ခဲ့တာ။ အခြေကျနေတဲ့ စီးပွားရေးမှာ လစ်ဟင်းမှုမရှိစေချင်။ ဆုံးဖြတ်ချက်တစ်ခုကိုတော့ အခိုင်အမာ ချရတော့မှာပေါ့။ မောင်ကတော့ သူမ ဘာပဲဆုံးဖြတ်ဆုံးဖြတ် လိုက်လျောမဲ့သူမျိုးပါ။

◆



## (၉)

မျဉ်းနှစ်ကြောင်း. .

ဘုရား. . ဘုရား၊ ဒါဆို နေဇာ့ဆီမှာ ကိုယ်ဝန်ရှိနေတာ လုံးဝ သေချာသွားပြီပေါ့. . မောင်ရေ. . နေဇာ့ကို ကယ်ပါဦး။

"မောင်. . ချစ်အဖြစ်ကို ကြည့်ပါဦး၊ ချစ် ဘာလုပ်ရမလဲဟင် ပြောပါ မောင်"

မောင်က သူမပခုံးလေးကို ဖက်ကာ နှစ်သိမ့်ရှာသည်။

"မောင့်အသိ ဆရာဝန်မတစ်ယောက်ရှိတယ်. . သွားတိုင်ပင်ကြတာပေါ့။ မသွားခင် ချစ်သဘောကိုပဲ မောင်က အရင်မေးချင်တာ၊ ချစ် ဒီကလေးကို မွေးမလား၊ မွေးချင်တဲ့ဆန္ဒရှိလား"

နေဇာမင်းခေါင်က မဆိုင်းမတွပင်

"ဟင့်အင်း. . ဒီကလေးကိုမွေးဖို့ ချစ်မှာ သတ္တိမရှိဘူးမောင်၊ ပြီးတော့ သမီးလေး အမြင်စောင်းမှာကို မလိုချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှ သွေးပျက်စရာကောင်းပြီး ပြတ်သားတဲ့စကားတွေ နေဇာ့နှုတ်ဖျားမှထွက်လာတာ ကြောက်ဖို့တောင် ကောင်းသည်။ မိခင်စိတ်ဆိုတာ နေဇာမင်းခေါင်ဆီမှာ ဘာလို့မရှိရတာလဲ။

ဂုဏ်ရှိန်က မိန်းမကို ပြားပြားဝပ်ကြောက်ရသူမို့

"ကောင်းပြီလေ. . ချစ်သဘောအတိုင်း ဖြစ်စေရမယ်၊ မောင်တို့ ကြိုးစားကြတာပေါ့. . အခုဆို ကလေးလေးက ဘယ်နှလလောက်ရှိပြီလဲဟင်"

နေဇာက ကလေးလေး ဆိုတဲ့ အသုံးအနှုံးကို လက်မခံနိုင်ဟန်ဖြင့် -

"မောင်နော်. . တစ်လကျော်ကျော်လေးနဲ့ ဘယ်လိုလုပ်ပြီး ကလေးဖြစ်မှာလဲ. . ခုမှ သွေးရည်ကြည်ပဲ ရှိဦးမှာပေါ့. . အဲဒါကြောင့် ပြောတာ. . ခုနေ ဖျက်ချရင် မီနိုင်သေးတယ်"

"အေးလေ. . အဲဒီဆရာဝန်မကို အကူအညီတောင်းရမှာပဲ ငွေဘယ်လောက်ကုန်ကုန် ချစ် အန္တရာယ်မဖြစ်ရင် ပြီးရော"

ဘယ်မလဲ ဖခင်စိတ်။ ဂုဏ်ရှိန်ဆိုတာ အဲဒီလိုယောကျ်ားမျိုးပါ။ ဘာမဆို မယားစိတ်တိုင်းကျ၊ မယားအလိုတော်ကျ ပုတ်သင်ညိုလို လူမျိုးမို့ ဖခင်စိတ်တွေ ကွယ်ပျောက်ကုန်တာ ထင်ပါရဲ့။

ဂုဏ်ရှိန်နဲ့ နေဇာတို့ လင်မယားနှစ်ယောက် ထိုနေ့က သူ





နှစ်ယောက်ရဲ့သွေးသားနဲ့ဖြစ်တည်လာတဲ့ ရင်သွေးလေးကို ဖျက်ချလိုစိတ်နဲ့ ထမင်းတောင် ဖြောင့်ဖြောင့်မစားနိုင်ကြပါ။ ရေမိုးချိုးပြီး ဆရာဝန်မဆီ ထွက်လာခဲ့ကြသည်။

နေဇာ့စိတ်တွေက မကြည်လင်တော့ အရင်လို ခေါင်းအစခြေအဆုံး အလှပြင်ဖို့ စိတ်အားမထက်သန်တာတော့ အမှန်ပါ။

တီရှပ်တစ်ထည်နဲ့ကွာတားဂျင်းပင်(န်)တစ်ထည်ကို ဖြစ်သလိုတွဲဝတ်ကာ မျက်နှာမှာ တူးဝေးမိတ်ကပ်လေးကို လိမ်းပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

လှေကားပေါ်မှ စိတ်လွတ်ကိုယ်လွတ်ဆင်းလာသော နေဇာသည် လှေကားထောင့်ချိုးမှ ရုတ်တရက်ထွက်ပေါ်လာသော ထိပ်ထိပ်လေးကြောင့် လိပ်ပြာလွင့်မတတ် ရူးရူးဝါးဝါးအော်မိလေသည်။

အမေဖြစ်သူကို သရဲခြောက်မလို့ စောင့်နေတဲ့ ထိပ်ထိပ်ခမျာ အမေရဲ့အလန့်တကြားအော်သံအောက်မှာ မျက်လုံးလေးတွေ ဝိုင်းစက် အတော်လန့်သွားပုံရသည်။

"မာမီ. . မာမီ. . ဘာဖြစ်သွားတာလဲဟင်၊ sorryနော် မာမီ ထိပ်ထိပ်ကြောင့် မာမီလန့်သွားပြီ. . မမအယ်နီရေ. . မာမို့ကို ရေတစ်ခွက်ခပ်ပေးပါဦး"

အလန့်မပြေသေးတဲ့ နေဇာက အသက်ကို မနည်းဝအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှုနေရသည်။ လေ့ကားပေါ်က ဆင်းလာတဲ့ ဂုဏ်ရှိန်က လေ့ကားရင်းမှာထိုင်ပြီး သွေးပျက်နေတဲ့ မိန်းမဖြစ်သူကို တွေ့သွားပြီး

"ထိပ်ထိပ်"

ဟု ကျယ်လောင်စွာအော်လိုက်ပါသည်။

"မာမီ့ကို ဘာလုပ်လိုက်ပြန်ပြီလဲ. . တစ်နေ့တစ်နေ့ မာမီ့ကို ဘယ်လိုစိတ်ဆင်းရဲပေးရမလဲ. . ဒါပဲ နင်စဉ်းစားနေတာမဟုတ်လား ငါ နင့်ကိုကြည့်နေတာ အကောင်းအောက်မေ့မနေနဲ့နော်. . အချိုပြေအောင်နေ ကြားလား"

အကြောင်းရင်းက ဘာလဲဆိုတာ မေးတောင်မေးမကြည့်ဘဲ ထစ်ခနဲရှိ 'ထိပ်ထိပ် မာမီ့ကိုဘာလုပ်ပြန်ပြီလဲ' ဆိုတဲ့အော်သံက အရင်ဆုံး ထွက်လာတဲ့ ဒယ်ဒီ့ကို ထိပ်ထိပ် မုန်းပါသည်။

"အီး. . ဟီး. . ဟီး. . ဒယ်ဒီ့ကို မုန်းတယ်. . မုန်းတယ်"

ဝမ်းနည်းစွာငိုကြွေးရင်း ထိပ်ထိပ် ပြေးထွက်သွားပါသည်။ ဂုဏ်ရှိန်က ထိပ်ထိပ်ကို ဒေါသမပြေသေးတဲ့ မျက်လုံးတွေနဲ့ကြည့်ကာ

"ပြောလိုက်ရင် ဒါပဲ၊ ကောက်မယ်. . ပေါက်မယ်. . ချစ် ရရဲ့လား. . သမီးက ဘာလုပ်လိုက်လို့လဲ"

နေဇာက သက်ပြင်းရှည်ကြီးချလိုက်ပြီး ဂုဏ်ရှိန့်လက်ကို ဆွဲကာ ထသည်။





"သူက အမေ့ကို လန့်သွားစေချင်လို့. . သရဲခြောက်တာတဲ့လေ"

"ဒီကလေးကွာ. . ပေါက်ပေါက်ရှာရှာ သိပ်ဖြီးဆော့တာပဲ. . လာ. . သွားရအောင် ချစ်၊ မောင်တို့ချိန်းထားတဲ့အချိန် ရောက်တော့မယ်. . ဒေါက်တာက အိမ်မှာစောင့်နေမယ်ပြောတယ်"

သူတို့လင်မယားနှစ်ယောက် ပေါ်တီကိုအောက်မှာရပ်ထားတဲ့ ကားပေါ်ကိုတက်ပြီး ဂုဏ်ရှိန်က ကားစက်ကိုနှိုးလိုက်သည်။

စက်က မနိုးလာခဲ့။ ထပ်ပြီး ကြိုးစားသည်။ အရာ မထင်။ အချိန်တွေသာ ကုန်သွားသည်။

"တောက်. . ချိန်းထားပါတယ်ဆိုမှ ထဖောက်နေတယ်ကွာ၊ ပြန်လာတုန်းကတောင် အကောင်းကြီးရှိသေးတာ"

နေဇာက သူ့လက်မှနာရီကို တကြည့်ကြည့်လုပ်နေသည်။ ချိန်းထားတဲ့အချိန်ကလည်း ကပ်နေပြီ။

အိမ်ပြန်မလို့ထွက်လာတဲ့ ခြံရံက ဂုဏ်ရှိန်တို့ကားကိုကြည့်ပြီး အကဲခတ်နေသည်။ နေဇာက ခြံရံ့ကိုတွေ့သွားပြီး လှမ်းခေါ်သည်။

"ဟိုကောင်လေး. . ခဏလာဦး"

ခြံရံလို့ နာမည်ကို မခေါ်ပါ။ ဒါပေမဲ့ သူ့ကိုခေါ်တယ်ဆိုတာ သေချာနေတော့ ခြံရံက ပြေးပွားပြီး ရိုသေစွာပင်



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ. . ဘာခိုင်းမလို့လဲခင်ဗျ"

"မင်း ကားကြည့်တတ်ရင် ကြည့်ပေးစမ်းပါဦးကွ. . . ဒီမှာ အကောင်းကြီးကနေ ကားစက်နှိုးလို့မရတော့ဘူး"

ခြံရံ ကြည့်လိုက်တော့ ကားက ဘက္ထရီအိုးလဲရတော့မည်မို့

"ဘက္ထရီမကောင်းတော့ဘူး ဆရာ. . ကျွန်တော် သွားလဲပေး ရမလား"

"အချိန်မရှိတော့ဘူးကွ၊ ဟိုကားပဲ ယူသွားတော့မယ်. . မနက် ဖြန် မင်း စောစောလာပြီး လဲပေးထားလိုက်. . ပိုက်ဆံကို မာမီ့ဆီက ထုတ်သွား. . ဟုတ်ပြီလား"

ဂုဏ်ရှိန်က နေဇော့ကားကို ယူပြီး မောင်းထွက်သွားသည်။

ခြံရံက ထွက်သွားတဲ့ကားကို ကြည့်ပြီး ဘာတွေ လောနေပါ လိမ့်ဟု တွေးနေမိသည်။

◆



(၁၀)

ကားတွေ တစ်လမ်းလုံး trafficဖြစ်နေတော့ အိုဂျီဆရာဝန် မကြီးဆီရောက်တော့ ဆယ့်ငါးမိနစ်လောက်နောက်ကျနေပြီ။ ခြံထဲကို ကားဝင်လာတော့ အိမ်ဖော်ကောင်မလေးတစ်ယောက်က အိမ်တံခါး လာဖွင့်ပေးပြီး

"ဒေါက်တာ စောင့်နေတာ ကြာပြီ. . ရှင်တို့က နောက်ကျနေ တာကိုး. . သူ့မှာ သွားစရာရှိသေးတယ်"

ဆီးကြိုကာ ရန်တွေ့လာသည်။ ဂုဏ်ရှိန်က နေဇော့လက်ကို ဆွဲကာ အိမ်ထဲသို့ဝင်လာခဲ့သည်။ စာအုပ်ထိုင်ဖတ်နေပေမယ့် မျက်နှာ က ကြည်ကြည်လင်လင် မရှိတဲ့ ဆရာဝန်မကြီးက မျက်မှန်အောက်မှ မျက်လုံးကို တစ်ချက်လှန်ကြည့်ရင်း -

"ကျွန်မက ရှင်တို့မလာတော့ဘူးထင်နေတာ၊ ကဲ. . ဆိုပါဦး၊ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ဂုဏ်ရှိန်က လေသံကို အနူးညွတ်ဆုံးနှင့် အပျော့ပျောင်းဆုံးဖြစ်အောင်ထားကာ ပြောပြသည်။

"ကျွန်တော့်အမျိုးသမီးရဲ့ကိုယ်ဝန်ကိစ္စပါ ဆရာမ"

ဆရာဝန်မက နေဇာ့ဗိုက်ကို လှမ်းကြည့်ပြီး

"ဒါ . . သားဦး မဟုတ်ဘူး မဟုတ်လား၊ ကျွန်မသိသလောက်တော့ ရှင်တို့မှာ သမီးလေးတစ်ယောက်ရှိသေးတယ်လေ"

"ဟုတ်ပါတယ် . . မမဆီကို အကူအညီတောင်းစရာရှိလို့ လာတာပါ"

နေဇာက ဝင်ပြောတော့

"အကူအညီ . . ဘာအကူအညီလဲဟင်"

"ကျွန်တော်တို့နှစ်ယောက် ဒီကလေးကို မယူဖို့ ဆုံးဖြတ်ထားပါတယ် . . အဲဒါ . . ဟိုလေ . . ကိုယ်ဝန်ကလည်း လနုနေသေးတော့ မမလုပ်ပေးနိုင်ရင် လုပ်ပေးပါလားခင်ဗျာ . . ကျွန်တော် သိန်းငါးဆယ်ကန်တော့ပါ့မယ်"

ဆိုဖာပေါ်မှာ ခပ်လျော့လျော့ထိုင်နေတဲ့ ဆရာမ တစ်ကိုယ်လုံး ထောင်မတ်လာကာ မျက်လုံးတွေလည်း အရောင် တောက်လာသည်။





ပါးလွှာတဲ့ နှုတ်ခမ်းဖျားက အံကြိတ်ထားတဲ့လေသံက ပြတ်သားစွာထွက်လာသည်။

"နေစမ်းပါဦး ရှင်တို့မှာ ဒီကလေးကိုမမွေးချင်ရတဲ့အကြောင်းရင်းက ဘာလဲ . . abnormal ဖြစ်နေလို့လား"

ဂုဏ်ရှိန်က ခေါင်းခါသည်။

"အဲဒီလိုလည်း မဟုတ်ပါဘူး"

ဆရာမက ဆက်ပြီးမေးသည်။

"ဒါဖြင့် ငွေရေးကြေးရေး အဆင်မပြေလို့လား"

မေးပြီး သူ့ဘာသာသူ ပြန်ဖြေလေသည်။

"ဒါလည်း မဟုတ်လောက်ပါဘူး၊ ကျိုကျိုတက်ချမ်းသာနေတဲ့ သူဋ္ဌေးတွေပဲဟာ"

"ဒီလိုပါ မမရယ် . . သမီးလေးက ကျွန်မ နောက်ထပ်ကလေးရသွားမှာကို သိပ်ပြီး ကြောက်နေတယ်၊ ရှင်းရှင်းပြောရရင် သူ အလိုမရှိလို့ပါ မမ"

ဆရာဝန်မက ရင်ဘတ်ကို လက်နဲ့ဖိကာ

"ဘုရားရေ . . ကလေးစကားကိုနားထောင်ပြီး ဒီကိုယ်ဝန်ကို ဖျက်ချမယ် . . ဟုတ်လား၊ ရှင်တို့ မှားနေပြီနော် . . အကြီးအကျယ်ကို မှားနေပြီ၊ ကျွန်မတို့က မြန်မာလူမျိုးတွေလေ . . . ဗုဒ္ဓဘာသာကို ကိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ကြတာ၊ ပါဏာတိပါတာကံကို ကျူးလွန်တာချင်း အတူတူ ကိုယ့်ရင်သွေးကို ကိုယ်ပြန်သတ်တာက အရက်စက်ဆုံးပဲ. . သိလား၊ သိရဲ့ သားနဲ့ ဆက်လုပ်မယ်ဆိုရင်တော့ ရှင်တို့ လူမဟုတ်တော့ဘူး"

ဆရာမအသံက တဖြည်းဖြည်းနဲ့ ပိုပြီး ကျယ်. . ကျယ်လာသည်။ ဒေါသတွေ ထွက်ပြီး အသားတောင် တဆတ်ဆတ် တုန်နေသည်။

နေဇာတို့လင်မယားနှစ်ယောက်မှာ ဆက်ပြီး ထိုင်ရမလား ထပဲ ပြန်ရမလား ဝေခွဲရခက်နေစဉ်. . ဒေါက်တာဒေါ်ခက်ခက်စိုးက နောက်ဆုံးစကားပြောပြီး ထရပ်လာခဲ့သည်။

"ဒီကိစ္စအတွက်လာတာဆိုရင် ပြန်လို့ရပါပြီ. . ကျွန်မ သင်ထားတဲ့ ဆေးပညာတွေက လူတွေကို ကယ်ဖို့. . လူသတ်ဖို့ မဟုတ်ဘူး၊ သိန်းငါးဆယ်နဲ့ လူ့အသက်တစ်ချောင်းကို တန်ဖိုးလာဖြတ်တဲ့မိဘမျိုး ကျွန်မ မတွေ့ဖူးသေးဘူး. . အေး. . စကားကုန် ပြောလိုက်မယ်၊ ဗိုက်ထဲက ကလေးက တစ်ခုခုချို့ယွင်းနေတယ်ဆိုရင်တောင် တို့ဗုဒ္ဓဘာသာတွေက ဖျက်မချဘူး သိလား. . ဘုရားပေးတဲ့အတိုင်း လက်ခံကြတယ်. . သူများနိုင်ငံမှာတော့ မပြောတော့ဘူးပေါ့. . ဒါပေမယ့် တို့မြန်မာတွေက အသက်တစ်ချောင်းကို တန်ဖိုးထားရမယ်၊ ထပ်ပြီး မကြံစည်ပါနဲ့တော့ကွယ်"





ဆရာမက ခပ်ပြတ်ပြတ် ပြောပြီး သူတို့မျက်နှာကိုတောင် မကြည့်ဘဲ လှည့်ထွက်သွားခဲ့ပြီ။

နေဇာက ဆရာမကို ကျားသစ်မလေးတစ်ကောင်လို စူးစူးရဲရဲ ကြည့်ကာ -

"မောင်. . လာ. . ပြန်မယ်၊ လူကိုများ ပြောသွားလိုက်တာ နှစ်ပြားကို မတန်ဘူး. . သူက ဘာမို့လို့လဲ. . ကြီးကြီးကျယ်ကျယ်နဲ့၊ ကိုယ့်ကလေး ကိုယ်ဘာပဲလုပ်လုပ်ပေါ့"

"မောင် ကြံပါဦးမယ် ချစ်ရာ၊ ဒီကိစ္စ မာမီတို့ကို လုံးဝမပြောနဲ့ဦးနော်"

"ချစ်သိပါတယ် မောင်ရဲ့"

ညီညာနေလိုက်ကြတာ. . မဟုတ်တဲ့နေရာမှာပါ လာတူနေတော့ အသွင်တူလို့ အိမ်သူဖြစ်တယ်ပဲ ပြောရမလား မသိတော့ပါဘူး။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ဒီနေ့ ခြံရှံ လခထုတ်လာတော့ လက်ထဲမှာ ငွေနှစ်သိန်းကိုင်ပြီး အတိုင်းမသိ ပျော်နေမိသည်။

ပထမဦးဆုံး သူ့ခေါင်းထဲကို ရောက်လာတာက ရှင်တော်မြတ်ဘုရား။ မနက်ဖြန်ကျရင် ကျောင်းပိတ်ရက်ဆိုတော့ အိမ်က ညီလေးတွေ၊ ညီမလေးတွေ ခေါ်ပြီး ရွှေတိဂုံဘုရားသို့သွားမည်။ ဦးဦးဖျားဖျားရလာတဲ့ လစာလေးကို ဘုရားမှာ လှူချင်မိသည်။

ခြံရှံက အိမ်အပြန်လမ်းမှာ တရုတ်စားသောက်ဆိုင်တစ်ဆိုင်ဝင်ပြီး ခေါက်ဆွဲကြော် နှစ်ပွဲနဲ့ ချိုချဉ်ကြော် တစ်ပွဲ ဝယ်လာခဲ့သည်။

ကလေးတွေ လိုချင်တာ ဝယ်ပေးနိုင်တော့မည်ဆိုတော့ ရင်ထဲမှာ ပီတိတွေ ဖြာနေမိသည်။ ကျန်တဲ့ပိုက်ဆံတွေကို လမ်းစရိတ်ချန်ပြီး အမေ့လက်ထဲ အကုန်ထည့်ပေးလိုက်တော့မည်။ ခြံရှံ့ခြေလှမ်းတွေက မြောက်ကြွမြောက်ကြွဖြစ်နေတာတော့ အမှန်ပင်။





အငယ်ဆုံးညီလေး နေနေက ဝရန်တာကနေ သူ့ကို တွေ့သွားပြီး ကျန်တဲ့သူတွေကို ဝမ်းသာအားရသတင်းပို့လေသည်။

"ကိုကိုကြီး ပြန်လာပြီဟေ့. . လက်ထဲမှာ ဟင်းထုပ်တွေလည်း ပါတယ်. . ဟီး. . ဟီး"

မြတ်နိုး၊ မိစူး၊ နှင်းဝေနဲ့ ခတ္တာတို့ပါ ပြေးထွက်လာကြသည်။

"ဟယ်. . နေနေပြောတာ ဟုတ်တယ်တော့. . ဟင်းတွေ ပါလာတယ်. . မမကြီးက ကြိုသိနေလို့ သမီးတို့ကို ငါးပိရည်နဲ့ ချဉ်ဟင်းပဲ ကျွေးတာ ထင်တယ်နော်"

"အေးပေါ့ဟဲ့. . မမခြူးပွင့်ကို ကိုကိုကြီးက မှာသွားလို့ ဖြစ်မှာပေါ့"

ခြူးပွင့် သူတို့အနောက်မှာရပ်နေတာ သူတို့ မသိကြ။

"အမယ်. . အမယ်. . ညည်းတို့လေးတွေက ကျုပ်အတင်းတုပ်နေကြတယ်ပေါ့လေ. . ဟုတ်စ. . လူလေးတွေက လက်တောက်လောက်ပဲရှိသေးတယ်နော်. . ဟွန်း"

ခြံရှံက ဖွင့်ထားတဲ့တံခါးမှဝင်လာပြီး

"ဒီညီအစ်မတွေ ဘာဖြစ်နေကြတာလဲ. . ဆူညံဆူညံနဲ့"

အငယ်လေးတွေက ခြံရှံ့ကိုဝိုင်းကြီးပတ်ပတ်ဝိုင်းထားလိုက်စဉ် ခြူးပွင့်က လှမ်းတိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ. . ကိုကို့ညီမတွေပေါ့၊ ဒီနေ့ သူတို့ကို ဟင်းကောင်းကောင်းမကျွေးလို့တဲ့ အတင်းတုပ်နေကြတာ"

ခြံရုံက တမင်စချင်သဖြင့်

"ဟာ. . ငါ့ညီမလေးတွေ တယ်ဟုတ်ကြပါလားကွ၊ အတင်းတောင် ပြောတတ်နေပြီ. . တော်တော်တိုးတက်လာပြီပဲ"

"အဟီး. . ဟုတ်တယ်. . ဟုတ်တယ်. . သမီးတို့ တော်လာပြီနော်"

ခြူးပွင့်က နှုတ်ခမ်းလေးစူလာသည်။

"ကိုကိုနော်. . ဒီနေ့ လခထုတ်လာလို့ သည်းခံလိုက်မယ်. . ဟင်း. . ဒီကရှေ့ ကိုကို့ညီမတွေကို သိပ်အလိုမလိုက်နဲ့. . တော်တော်လည်လာကြပြီ၊ ကိုကို့ခေါင်းပေါ် တက်ထိုင်ကြမှာ မြင်ယောင်သေး"

မိစူးက ခြံရုံ့လက်ကိုဆွဲပြီး

"ဟုတ်ဘူးနော် ကိုကိုကြီး. . မမကြီးက အလကားလျှောက်ပြောနေတာ. . မိစူးတို့ဘုရားက ဟောထားတယ်လေ. . အကျိုးမရှိတဲ့ အလုပ်ကို မလုပ်နဲ့၊ အကျိုးမရှိတဲ့စကားကို မပြောရဘူးတဲ့"

ခြူးပွင့်က အံကြိတ်ကြိတ်ပြီး မိစူးကိုကြည့်လို့ ခြံရုံက သူ့ညီမနှစ်ယောက်ကို သဘောကျစွာ ကြည့်ပြီး တဟားဟား အော်ရယ်လို့ မဆုံးတော့။





ဒေါ်ကြည်ဝင်းက လက်ထဲမှာ စိပ်ပုတီးလေးကိုင်ပြီး ထွက်လာသည်။

"အမယ်လေးနော်. . သူတို့အစ်ကိုပြန်လာတာနဲ့ လက်ပံပင်ဆက်ရက်ကျသလိုပါပဲလား"

"အမေ. . အမေ့သမီးတွေကလေ ဆက်ရက် မဟုတ်တော့ဘူး. . ကျီးကန်းမလေးတွေဖြစ်ကုန်ပြီ သိလား. . သမီးကို ဝိုင်းပြီး အာနေကြတာ"

ခြူးပွင့်က အမေကိုပါ အလွတ်မပေးဘဲ တိုင်နေပြန်သည်။ အငယ်လေးတွေကပါ အားကျမခံ

"တွေ့လား. . အမေ၊ မမကြီးကလေ ဒီနေ့ကျမှ အကောင်းသေးသေးနဲ့ စာကလေးပြန်ဖြစ်သွားပြီ. . သမီးတို့နဲ့ပြိုင်ပြီး စိတ်ကောက်နေတယ်. . ကြည့်ပါလားလို့"

"ဒီကလေးတွေတော့လေ. . ကဲ. . ကဲ. . သားကြီး ပင်ပန်းလာပြီ၊ ခဏနားပြီး ရေချိုးလိုက်ဦး၊ သမီးခြူးပွင့်. . ဟင်းဘူးတွေ သွားယူလေ"

"အဖေ ပြန်မလာသေးဘူးလား အမေ"

"လာတော့မှာပါ သားရယ်"

ခြံရုံက သူပြန်လာတဲ့အခါ အိမ်မှာ လူစုံစေချင်တာမို့



www.burmeseclassic.com

www.burmeseclassic.com



"နိုင်နိုင်တို့ ထင်လင်းတို့ရော ဘယ်သွားလဲ အမေ"

"သူတို့မုန့်ဖိုး တစ်ယောက်တစ်ဝက် ရှယ်ပြီး ဂိမ်းသွားဆော့တယ် သားရေ"

"ဟာဗျာ. . အမေကလဲ. . ကလေးတွေကို ဂိမ်းပေးမဆော့ပါနဲ့. . အလကား စည်းကမ်းပျက်တယ်. . တော်ကြာနေ ဂိမ်းစွဲသွားမှ ကျောင်းစာမှာ လစ်ဟင်းကုန်ပါဦးမယ် အမေရာ"

သူ့ညီတွေကို စိုးရိမ်တဲ့နေရာမှာလည်း နှစ်ယောက်မရှိပါပေ။ ဒေါ်ကြည်ဝင်းက

"သူတို့လည်း အမြဲမသွားပါဘူး သားရယ်၊ ခုလည်း တစ်နာရီတည်း သွားဆော့တာပါ. . အမေ့ကိုပြောသွားပါတယ်ကွယ်. . ခဏနေ ပြန်လာကြတော့မှာပါ"

ခြံရံက အမေ့ကို ဘာမှပြန်မပြောနေတော့ဘဲ ရေချိုးခန်းထဲဝင်သွားတော့သည်။

*





ထမင်းဝိုင်းမှာ လူစုံနေပြီ။

အဖေက ချိုချဉ်နဲ့ ခေါက်ဆွဲကြော်ဇလုံကြီးကို ကြည့်ပြီး

"သားကြီး ဝယ်လာတာလား"

ဟု ဇမေးသည်။ ဒေါ်ကြည်ဝင်းက ပြုံးပြီး

"ဟုတ်တယ်လေ. . ဒီနေ့ ရှင့်သားကြီး လခထုတ်လာတာ"

"ဟုတ်လား. . ဒါဆို တို့အိမ်က ထမင်းအိုးကြီး ဒီနေ့ လောက်လောက်ပါ့မလားကွဲ့"

ဦးညိုရဲ့အမေးကို ခြူးပွင့်က ဝင်ဖြေသည်။

"စိတ်ချ အဖေ. . ကိုကိုက ဒီနေ့ မှာသွားလို့ သမီး ပိုချက်ထားပါတယ်. . ထမင်းစားပြီး အချိုတည်းဖို့ မန်ကျည်းဖျော်ရည်လည်း ဖျော်ထားပြီးသား"

ခြူးပွင့်ရဲ့ နောက်ဆက်တွဲစကားကို ကလေးတွေ အတော်သဘောကျသွားပုံရသည်။

"ဟေး"

"အမယ်. . အမယ်. . ဖျော်သွားတယ်ပေါ့ရှင်တို့အတွက် မပါဘူးနော်၊ တကတည်း ခုနတုန်းကကျ ငါ့ကို စာကလေးနဲ့တူတယ်ဆို"

ခြူးပွင့်က မကျေမနပ်ဖြင့် အငေါ်တူးလေလျှင်. . မြတ်နိုးနဲ့ မိုးက



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . တို့မမကြီးက ရွှေမှုန်ရတီနဲ့တူတဲ့ဥစ္စာ. . မိစူး နင် ပြောမိလားဟင်"

မိစူး ဂျလည်မက

"ဟင့်အင်း. . ပြောမိပါဘူး. . ဘယ်တုန်းက ပြောလို့လဲ"

ခြံရှံ ကျိတ်ပြီးပြုံးမိသည်။ အငယ်ဆုံးကောင် နေနေက ဆိုင်း မဆင့် ဗုံမဆင့်နဲ့ ထပြီး အော်ဆိုသည်။

"မုသာဝါဒါ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ"

"ဟား. . ဟား. . ဟား. . ကဲ. . မှတ်ပြီလား၊ နင်တို့အစ်မ တွေက နားကိုညီးတယ်၊ နော်. . ညီလေး"

ခြံရှံက ခေါက်ဆွဲကြော်ကို အဖေနဲ့အမေ့ပန်းကန်ထဲကို အရင် ဦးချလိုက်သည်။ ပြီးပြီဆိုတော့ ကလေးတွေ ဝိုင်းနှိုက်ကြသည်။

"များများ စားကြနော်. . ဒါက. . အဖေ့ကို သား ကန်တော့ တာပါ"

ပိုက်ဆံငါးသောင်းကို အဖေ့လက်ထဲထည့်ပြီး သူပြောတော့ အဖေက ဆုတွေပေးသည်။

"ငါ့သားကြီးက မိဘကိုသိတတ်တဲ့အတွက် သွားလေရာ လာ လေရာမှာ ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ အမြဲတမ်း အေးအေးချမ်းချမ်း ရှိပါစေကွယ်"





ပြီးတော့ ခြံရှံက ပိုက်ဆံတစ်သိန်းကို အမေ့လက်ထဲ တရိုတသေထည့်ကာ -

"ဒါက အမေ့ကို ကန်တော့တာပါ. . အမေ ကြိုက်ရာ သုံး နော်၊ ကျန်တဲ့ငါးသောင်းက သားလမ်းစရိတ်နဲ့ ညီလေးတွေ ညီမလေး တွေကို လက်ဆောင်ဝယ်ပေးချင်လို့ပါ"

အမေက ဆုတွေပေးပြီး ကလေးတွေကို မှာသည်။

"ဈေးကြီးတာတွေ မဝယ်ကြနဲ့နော်. . ကြားလား၊ ကိုကိုကြီး ပင်ပင်ပန်းပန်းနဲ့ရှာလာတဲ့ ငွေတွေကို အလဟဿမဖြစ်စေနဲ့"

ထမင်းစားနေရင်း ခြူးပွင့်က ခြံရှံကို အားကျစွာပြောမိသည်။

"သမီးလည်း ရှေ့နှစ်ကျောင်းပြီးရင် ကိုကို့လို အလုပ် လုပ် မယ်. . အဖေနဲ့အမေကို တစ်လှည့်ပြန်ရှာကျွေးမယ်နော်"

ခတ္တာလေးကလည်း အားကျမခံ။

"သမီး ကြီးလာရင် မော်ဒယ်လုပ်မယ်နော် အမေ၊ မင်းသမီး လည်း လုပ်မယ်. . ဒါဆို ပိုက်ဆံတွေ အများကြီးရမယ်"

နိုင်နိုင်က သူ့ညီမကို တမင်စချင်သဖြင့်

"အေးပေါ့. . နင့်ပုံက ပဲလင်းမြွေသီးလိုလို ဗုံလုံသီးလိုလိုဆို တော့ မော်ဒယ်ဖြစ်မှာပေါ့"

လို့ ပြောတော့ ထင်လင်းက နိုင်နိုင့်ကို အဖော်စပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မော်ဒယ်လုပ်ချင်တဲ့သူက အစားလျှော့ပြီး စားရတယ်နော် . . ကိုကို. . ဒီနေ့ညစာ သူ လျှော့စားလိမ့်မယ် ကြည့်နေ"

"အမယ်. . ဒီတစ်နပ်လေး ပိုစားလို့ ခန္ဓာတို့က မဝသေးဘူး သိလား. ."

ခြံရုံက ဝင်ပြီး တားယူရသည်။

"စကားလည်း ပြော. . စားလည်း စားကြနော်၊ ကိုကိုကတော့ ငါ့ညီတွေ ညီမတွေထဲက တစ်ယောက်ယောက်ကို ဆရာဝန် အရင်း ဖြစ်စေချင်တယ်. . တို့မိသားစုထဲက ဆရာဝန်ထွက်တယ်ဆိုတာ ဘယ် လောက်ဂုဏ်ရှိသလဲနော်"

"ဟုတ်တယ်. . အဖေလည်း ထောက်ခံတယ်. . ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပဲလေ. . ဘယ်သူမှ မွေးကတည်းက တော်လာတာ မဟုတ်ဘူး. . သား ထင်လင်းလည်း စိတ်ဓာတ်မကျရဘူးနော်. . အဖေ ကြားဖူးတာက တချို့ နာမည်ကြီးဆရာဝန်ကြီးတွေတောင် ငယ်ငယ် တုန်းက စာသိပ်မတော်ကြဘူးတဲ့. . သူများတွေထက် ပိုပြီးကြိုးစားလို့ အဲဒီနေရာရောက်သွားတာ အားမငယ်နဲ့၊ များများကြိုးစားနော်သား"

အားငယ်တတ်တဲ့ ထင်လင်းဟာ အဲဒီလို ဝိုင်းပြီးအားပေးကြ တဲ့အခါ အားတက်သွားပုံရပါတယ်။

"ဟုတ်ကဲ့ပါ အဖေ. . သားကြိုးစားပါ့မယ်"





အားငယ်သူကို အားပေးရင်း၊ နားမလည်သူကို ဆွေးနွေးရင်း နဲ့ ရှေးခေတ်လယ်သမားတွေလို ဒေါင်းလန်းကြီးထဲမှာ မစားရပေမယ့် ခြံရုံတို့မိသားစုရဲ့ထမင်းဝိုင်းကြီးက လက်ရေတစ်ပြင်တည်းရှိပြီး တက် ညီလက်ညီ ဆွဲလိုက်ကြတာ ခေါက်ဆွဲကြော်နဲ့ ချိုချဉ်ဟင်းက တက် တက်စင် ပြောင်ပါလေရော။

ထမင်းစားပြီးတော့ ခြူးပွင့် ဖျော်တိုက်တဲ့ မန်ကျည်းဖျော်ရည် လေး သောက်ပြီး မိသားစုတွေ စကားဝိုင်းဆက်ဖွဲ့ကြသည်။

မိစုနဲ့ နှင်းဝေက ဒီနေ့ ပန်းကန်ဆေးရမဲ့တာဝန်ကျသူတွေ ဆိုတော့ ထမင်းပွဲ သိမ်းပြီးတာနဲ့ ပန်းကန်တွေ ယူသွားပြီး ဆေးနေ ကြသည်။

ဦးညိုကြဲ ခြံရုံ့ကို မေးသည်။

"သားကြီး ပြော ပြောနေတဲ့ အလုပ်ရှင်သူဌေးလင်မယားနဲ့ ရော အဆင်ပြေရဲ့လား"

"သူတို့လင်မယားက အလုပ်သမားတွေနဲ့ သိပ်ပြီး ရောရော နှောနှော မနေတတ်ဘူး အဖေ. . အဲဒါကြောင့် တော်ရုံဆို သားလည်း သတိမထားမိတော့ဘူး. . ဒီနေ့ညနေ သား အိမ်မပြန်ခင်က သူတို့နှစ် ယောက် ဘယ်သွားမလို့လဲ မသိပါဘူး. . ကားက ဘဏ္ဍာရီဒေါင်းနေ လို့ ဒေါ်တွေ ကန်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကလေးလေးနဲ့ရော. . သူ့မိဘတွေ အဆင်ပြေသွားကြပြီလား"

"သားတော့. . အဲဒီ ကလေးကို အရမ်းသနားတာပဲ အမေရာ. . အမြဲတမ်း အထီးကျန်ပြီး တစ်ခုခုကို လိုအပ်နေသလိုပဲ"

အဖေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"အမှန်ပေါ့ သားရယ်. . မေတ္တာဖွန်းမှ လန်းဆန်းတယ် ဆိုတာ အလကားပြောနေတာမှ မဟုတ်ဘဲ. . သူလိုအပ်နေတာ မေတ္တာပဲ ဖြစ်မှာပေါ့"

ဒေါ်ကြည်ဝင်းကပါ ဝင်ပြီး ထောက်ခံသည်။

"အေးလေဟယ်. . သူတို့မှာလည်း ဒီသမီးလေးတစ်ယောက်တည်း မွေးထားပြီးတော့. . သမီးအတွက် အချိန်မပေးနိုင်ကြဘူး. . ကလေး သနားပါတယ်"

"ဒီနေ့လည်း သူ့အမေဆီကို သွားတာ. . သူ့အဖေက ဆူလွှတ်လိုက်လို့ သားဆီပြေးလာပြီး ငိုနေတာ. . သားဖြင့် စိတ်တောင်မကောင်းဘူး"

ဖြိုးရဲ ပြောပြလို့ ခြူးပွင့်ကပါ စုတ်တသပ်သပ်ဖြစ်ကာ

"ဟယ်. . ဘယ်လိုမိဘတွေလဲ မသိဘူးနော်. . ကလေးခမျာ သူတို့အနားကို ကပ်လိုက်တာနဲ့ အဆူခံရတော့တာပဲ"





"ဩော်. . ပိုက်ဆံတွေ ထားစရာမရှိအောင် ပေါနေတဲ့အိမ်မှာကျတော့ မေတ္တာတရားက ရှားပါးလိုက်တာ"

နိုင်နိုင်က သံဝေဂရတဲ့လေသံလေးနဲ့ ပြောနေရင်းက တစ်စုံတစ်ခုကို တွေးမိပုံဖြင့် -

"အဖေ. . သားတွေးမိတာ တစ်ခုရှိတယ် သိလား၊ တကယ်လို့. . သားတို့အိမ်မှာသာ ပိုက်ဆံတွေ ထားစရာ မရှိအောင် ပေါနေရင် သားတို့ဆီမှာရှိတဲ့ သည်းခံခြင်းတွေ. . ရောင့်ရဲလွယ်တာတွေ. . ချစ်ခြင်းမေတ္တာနဲ့ နွေးထွေးမှုတွေ. . ပျောက်ဆုံးကုန်မယ် ထင်တယ်နော်"

"ဒါပေါ့ သားရဲ့၊ ငါ့သား နိုင်နိုင်တောင် အဖိုးတန်တဲ့ အသိတရားတွေ ရနေပါရောလား. . ဆင်းရဲတဲ့ဒဏ်ကို ခံဖူးမှ အငတ်ခံရဲတဲ့ သတ္တိတွေ ရှိလာတာ. . တို့ဆင်းရဲသားတွေက လောကဓံကို ပိုပြီးခံနိုင်တယ်. . ကိုယ်ချင်းစာတရားလည်း ပိုပြီးထားနိုင်ကြတယ်၊ နောက်တစ်ခု သားတို့မှတ်ထားဖို့ အဖေ ပြောပြဦးမယ်. . လူ့ဘဝဆိုတာ ခရီးရှည်တစ်ခုမှာ စက်ဘီးနင်းနေရသလိုပဲတဲ့. . အေး. . အဲဒီခရီးကိုသွားတဲ့နေရာမှာ အမြဲတမ်း တဖြောင့်တည်းမရှိနိုင်ဘူးကွ. . တောင်ကုန်းနဲ့တွေ့လေ ပိုပြီး အားစိုက်ရလေပဲ. . အပင်ပန်းခံရတဲ့အချိန်တွေရှိသလို ကုန်းဆင်းလေးနဲ့တွေ့ရင်လည်း သက်သောင့်သက်သာနဲ့ အသာ



www.burmeseclassic.com

www.burmeseclassic.com



လေးမျှောလိုက်သွားရုံပဲ. . ဆိုလိုတာကတော့ကွာ. . လူ့ဘဝမှာ အမြဲတမ်း အဆိုးနဲ့ချည်းတွေ့နေရတာ မဟုတ်ဘူးလေ. . ရေစီးတစ်ခါ ရေသာတစ်လှည့်မို့ အားမငယ်ဖို့ စိတ်ဓာတ်မကျဖို့ လိုတယ်"

အဖေ ဆုံးမတာကို အားလုံးက ခေါင်းလေးတွေ တဆတ်ဆတ်ညိတ်ကာ ထောက်ခံကြပြန်သည်။

"နောက်တစ်ခု ရှိသေးတယ်. . အဖေနဲ့အမေ တိုင်ပင်ထားကြတယ်. . တနင်္ဂနွေနေ့တိုင်း အငယ်လေးတွေကို ဓမ္မစကူး(လ်)ကို ပို့မလို့. . ယဉ်ကျေးလိမ္မာတဲ့ မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်တွေ ဖြစ်ဖို့ အခြေခံကစပြီး သင်မှဖြစ်မယ်. . တနင်္ဂနွေတစ်ရက်တော့ အချိန်ပေးကြ. . အဖေကိုယ်တိုင် . . . . . . . . . ကျောင်းမှာ ဖွင့်ထားတဲ့ ဓမ္မစကူး(လ်)ကို ပို့ပေးမယ်"

အငယ်လေးတွေက ဝမ်းပန်းတသာနဲ့ လက်ခံကြသည်။

"ဟာ. . ကောင်းလိုက်တာ အဖေရယ်. . သားတို့ငယ်ငယ်တုန်းကကျ အခုလိုမျိုး ဓမ္မစကူး(လ်)တွေ မပေါ်သေးတော့ မတက်ခဲ့ရဘူးနော်"

"သူတို့လေးတွေကို များများသင်ပေးမှရမယ်လေ. . ဘာလို့ဆို နောင်အနာဂတ်ကာလမှာ တို့ဗုဒ္ဓဘာသာကို လက်ဆင့်ကမ်းသယ်ဆောင်ရမှာက သူတို့ကလေးတွေပဲ၊ အဖေတို့ သင်ပေးနိုင်တာဆိုလို့





ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲအောင်ထိန်းဖို့ ပရိတ်ကြီး ၁၁သုတ်ကို အာဂုံဆောင်နိုင်ဖို့၊ ဘုရားရှိခိုးပြီး အမျှအတမ်းဝေဖို့လောက်ပဲ ရှိမှာ၊ ဒီထက်ပိုပြီးတစ်ဆင့်တက်ရင်တော့ ဝိပဿနာတရား အားထုတ်ဖို့ သင်ပေးရတာပေါ့၊ အမှန်တော့ ဒါတွေအားလုံးဟာ ကိုယ်တိုင်လိုက်နာကျင့်သုံးပြီး ကိုယ်ပိုင်အသိလေးရှိမှ ပိုပြီးထိရောက်တာမျိုးပေါ့ သားရယ်"

"ဒါတော့ ဟုတ်တယ် အဖေ. . ပြီးတော့ ခုခေတ် ကလေးတွေက ဗုဒ္ဓဘာသာသာ ပြောတယ်၊ ဘုရားတောင် မရှိခိုးတတ်တော့ဘူး. . အင်္ဂလိပ်ကျောင်းတက်တဲ့ကလေးတွေဆို ပိုပြီး ဆိုးသေးတယ်၊ သား အလုပ်လုပ်တဲ့ အိမ်က ထိပ်ထိပ်လေးဆိုလည်း ဘုရားစာ မဆိုတတ်ဘူး. . အမေလုပ်တဲ့သူကလည်း သင်ပေးဖို့ နေနေသာသာ သူ့အလုပ်နဲ့သူ မအားဘူး. . အဘွားလုပ်တဲ့သူကလည်း ကိုးရိုးယားကားတွေနဲ့ မအားရပါဘူး. . . အဲဒီတော့ ဒီကလေးဆီမှာရှိတဲ့ အတ္တကြီးတာတွေ၊ တစ်ကိုယ်ကောင်းစိတ်တွေ၊ ဒေါသကြီးတာတွေက ပျောက်ကွယ်သွားမှာ မဟုတ်တော့ဘူး. . ပြုပြင်ပေးရမယ်လေ. . ကလေးတစ်ယောက်ရဲ့စိတ်ဟာ ပကတိအဖြူထည်ပဲ. . ငယ်ငယ်လေးကတည်းက သူတို့ရဲ့စိတ်တွေကို ဒဏ်ရာမပေးဘဲ မျှမျှတတနဲ့ ပရဟိတစိတ်တွေထားတတ်အောင် သင်ပေးရမှာ"

ဒေါ်ကြည်ဝင်းက နားထောင်နေရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



"သူ့မိဘတွေ မသင်ပေးပေမယ့် သားက ကိုယ့်ညီမလေးလို သဘောထားပြီး သင်ပေးရမယ်နော်. . ကြားလား"

"စိတ်ချပါ အမေ. . သား မျက်စိရှေ့မှာ အမြင်မတော်ရင် မနေတတ်ပါဘူး. . အချိန်ရတိုင်း ဒီကလေးကို သင်ပေးမှာပါ"

"ဒါမှ အမေ့သားကြီး"

"ဒါဆို သားတို့က ဘယ်သူ့သားတွေလဲဟင်. . "

နိုင်နိုင်နဲ့ ထင်လင်းက အငေါ်တူးလေလျှင် ကျန်တဲ့ညီမတွေကလည်း -

"ဟုတ်သားပဲ. . . သမီးတို့ကျတော့ အမေ့သမီး မဟုတ်ဘူးလားလို့"

"အမယ်လေးတော်. . သားတို့ သမီးတို့ အားလုံးကို ဟောဒီ အမေ့ဗိုက်နဲ့လွယ်ပြီး မွေးထားရတာပါကွယ်၊ ဘယ်သူ့ကိုမှ အပိုအလို မရှိပါဘူး. . အားလုံးကို အမေက သာတူညီမျှပဲ ချစ်တာပါ"

"မဟုတ်ဘူး. . အမေ ပိုချစ်တာ တစ်ယောက်တော့ ရှိကိုရှိရမယ်"

ခြူးပွင့်က စပ်ဖြဲဖြဲရုပ်ဖြင့် စ,လေလျှင် ဒေါ်ကြည်ဝင်းက

"ဟဲ့. . မရှိပါဘူးဆိုမှဟယ်၊ ဘာတွေလာပြောနေတာလဲ"

"ဟုတ်တယ်လေ. . အမေက အဖေ့ကိုတော့ သားတွေသမီး





တွေထက် ပိုချစ်မှာပဲ. . ဒါ လုံးဝ ငြင်းလို့မရဘူး"

ခြူးပွင့်စကားဆုံးတော့ အားလုံးက ဝိုင်းပြီးရယ်ကြသည်။

"မှန်တယ်. . မှန်တယ်. . သားလည်း ထောက်ခံတယ်၊ အဖေ့ကို မချစ်ဘဲနဲ့တော့ သားတို့ သမီးတို့လည်း ထွက်လာစရာအကြောင်း မရှိဘူးလေ. . နော်"

ခြံရုံက ဝင်ပြီး စ,တော့

"ကိုညို. . ရှင့်ကလေးတွေ ရှင် မထိန်းတော့ဘူးလား၊ အမေကိုများ နောက်တီးနောက်တောက်နဲ့"

အဖေကလည်း ပြုံးပြုံးကြီး ဝင်ပြီးထောက်ခံသည်။

"ငါ့ကို ပိုချစ်တယ်ပြောတာပဲ ဥစ္စာ. . ဘာလို့ ဆုံးမရမှာလဲ၊ သူတို့က အမှန်တရားတွေ ပြောနေတာလေ"

"ဟယ်. . ကြည့်စမ်း. . မကြီးမငယ်နဲ့၊ ရှင်ကပါ ရောပြီး. . သူငယ်ပြန်နေတာပေါ့ ဟုတ်လား. . "

အဲဒီညက ခြံရုံတို့အိမ်မှာ ပျော်ရွှင်မှုတွေနဲ့ရယ်သံတွေ ဝေစည်နေသည်။ မိသားစုဆိုတာ တစ်ယောက်ရဲ့အားနည်းချက်တွေကို တစ်ယောက်က ဖေးကူမပြီး တစ်ယောက်ရဲ့ပျော်ရွှင်မှုတွေကို တစ်ယောက်က မျှဝေခံစားပေးတဲ့အရာလို့ သူတို့အားလုံး သိထားပြီးသားပါလေ။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ဒီနေ့မနက်ကတည်းက မိုးက အငြိုးနဲ့ရွာနေသလား အောက်မေ့ရသည်။ ခြံရံ အိမ်က စထွက်လာကတည်းက လမ်းမှာ ရေတွေကြီးနေပြီ။ ကားကလည်း ကြပ်တော့ တစ်စီးပြီး တစ်စီး စောင့်နေရသည်။ ဘာတစ်ခုမှကို အဆင်မပြေတာ။

သူ ကြောက်တာတစ်ခုက အလုပ်ချိန်နောက်ကျရင် သွားပြီ။ အဲဒါဆိုရင် ဟိုအိမ်က ဘုရင်မလေး ကောက်တော်မူလိမ့်မည်။ အခုတစ်လော သူ့ဒွေးနဲ့ သူ့ဒွေးကတော်လည်း မျက်နှာ သိပ်ကြည်တာ မဟုတ်ဘူး။ ဘာဖြစ်နေကြမှန်း သူလည်း မသိတော့ သတိထားပြီး နေ,နေရသည်။

ကြီးစိုးကတော့ ပြောသား။ မမနေဇာက ခုတစ်လော တော်တော် ဒေါသကြီးတာပဲတဲ့။ သူတို့တွေတောင်မှ သတိထားပြီး နေနေရတယ်လို့ ပြောသား။





အမြန်လိုနေတဲ့ ခြံရံက နည်းနည်း နောက်ကျပြီးမှ ရောက်လာတဲ့ ကားတစ်စီးပေါ် အပြေးတက်မိသည်။ ကားရဲ့ခြေနင်းခုံနဲ့ ခြေထောက်က ငြိပြီး သွေးတွေထွက်လာသည်။

"တောက်. . ဘာဖြစ်နေမှန်းကို မသိဘူးကွာ. . ဘာတစ်ခုမှ အဆင်ပြေပြေမရှိဘူး"

စိတ်ထဲမှာလည်း ထင့်သွားသည်။ တစ်ခုခုကို တားနေသလို ခံစားလိုက်ရသည်။

ခြံရံက ဘုရားကို ပိုပြီး အာရုံပြုကာ ကန်တော့မိသည်။ မသိစိတ်ထဲမှာ တစ်ခုခုကို စိုးရွံ့မိတာကတော့ အမှန်ပင်။

လမ်းမှာ ကားပိတ်တာနှင့် ထိပ်ထိပ်တို့အိမ်ကို သူ ရောက်တော့ နာရီဝက်ကျော်ကျော်လောက် နောက်ကျသွားသည်။

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဦးမြင့်ဆွေက

"ခြံရံ. . မင်း နောက်ကျလို့ တဲ့. . ဟိုမှာ သောင်းကျန်းနေတယ်"

"ဘယ်သူလဲ ထိပ်ထိပ်လား"

"ထိပ်ထိပ်ဆိုရင် ငါက လာပြောမလားကွ. . . သူ့အမေကို ပြောတာ"

"မမနေဇာလား. ."



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဟုတ်တယ် . . မြန်မြန်သွားတွေ့လိုက်ဦး"

ခြံရုံက အိမ်ကြီးထဲကို စိုးထိတ်စွာ ဝင်လာခဲ့မိသည်။

ဆိုဖာပေါ်မှာ ခြေချိတ်ပြီး ထိုင်နေတဲ့ နေဇာက သူ ဝင်လာတာ တွေ့တော့ -

"ဒီနေ့ ဘာလို့နောက်ကျနေတာလဲ"

ဟု မေးသည်။

"ကျွန်တော် အိမ်ကနေ ထွက်လာတော့ ခါတိုင်းအချိန်ပါပဲ၊ ဒီနေ့မိုးရွာတော့ ရေတွေကြီးပြီး ကားလမ်းတွေ ပိတ်နေလို့ပါ အစ်မ"

"ပြောလိုက်ရင် ဆင်ခြေချည်းပဲ . . ဒါ နောက်ဆုံးဖြစ်ပစေ . . ကြားလား . . ခဏနေရင် ငါသွားစရာရှိတယ် . . ကားအဆင်သင့်ထုတ်ပြီး စောင့်နေ"

"ဘယ် . . ဘယ်ကားကို ထုတ်ထားရမလဲခင်ဗျ . . အစ်မ စီးနေကျကားလား"

"နင်မောင်းနေကျကားကို ပြောတာပေါ့ . . ရှင်းပြီလား၊ အူကြောင်ကြောင်နဲ့ . . ဟွန်း"

အလိုမကျတွေဖြစ်ပြီး ဒေါသတွေထွက်နေတဲ့ နေဇာ့ရှေ့မှာ ဆက်မနေရဲတာမို့ အမြန်ထွက်လာခဲ့ပြီး ကားသုတ်နေမိသည်။

ဦးမြင့်ဆွေက သူ့အနားကပ်လာကာ -





"ကောင်လေး . . ဘာတဲ့လဲ၊ အဆူခံထိတာလား"

'နောက်ကျလို့ တဲ့၊ ပြီးတော့ . . အစ်မလေးက အပြင်ကို ဒီကားနဲ့သွားမယ်လို့ ပြောတယ် . . ကျွန်တော် လိုက်ပို့ပေးရမလား မသိဘူး . . ဒီနေ့ ကျောင်းပိတ်ထားတော့ ထိပ်ထိပ်က ကစားကွင်းသွားမယ် ပြောနေတာ"

"အေး . . မင်းတော့ သူတို့သားအမိကြားမှာ . . ကြားညပ်ဦးမယ်၊ သတိသာထားပြီး နေတော့ဟေ့"

ဦးမြင့်ဆွေက အိမ်ကြီးဆီ တစ်ချက်ကြည့်ကာ လေသံ တိုးတိုးဖြင့် -

"ဘာလဲတော့ မသိဘူး . . ငါတို့ သူဌေးလင်မယား ကြည့်ရတာ ခုတစ်လော ဂဏှာမငြိမ်ဘူး . . ဟိုနေ့က ငါ နားစွန်နားဖျားကြားလိုက်တယ်ကွ . . သူတို့ ဖုန်းပြောနေတာ ကိုယ်ဝန်ကိစ္စထင်တာပဲ"

ခြံရုံက ဝမ်းသာအားရလေသံဖြင့်

"ကိုယ်ဝန်ရှိရင် ကောင်းတာပေါ့ဗျ၊ ထိပ်ထိပ်လေး အဖော်ရတာပေါ့"

သူ့စကားမဆုံးမီ ဦးမြင့်ဆွေက ဖြတ်ပြီး

"သူတို့ပြောနေတာတွေက မကောင်းဘူးကွ၊ ကိုယ်ဝန်ဖျက်ချမယ်လို့ ပြောနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

ကြားရတဲ့စကားက ကိုယ့်နားပင် ကိုယ်မယုံနိုင်အောင် ဖြစ်ရသည်။

"ဟိုမှာ. . လာနေပြီ. . လာနေပြီ"

ဦးမြင့်ဆွေ သတိပေးလိုက်တော့ ခြံရုံလည်း ကားပေါ် အမြန်တက်ထိုင်ပြီး ကားစက်ကိုနှိုးထားလိုက်သည်။

နေဇာက ကားပေါ်တက်ထိုင်ပြီး -

"ရွှေပြည်သာ သွားမယ်"

ဟု ပြောလာသည်။ ကားထွက်လာပြီးတဲ့နောက်မှာတော့ ထူးထူးဆန်းဆန်းစကားတွေကို ဆက်ပြီး ပြောလာပြန်သည်။

"နင့်ကို တစ်ခု မှာထားရဦးမယ်. . ငါသွားတဲ့ နေရာကနေ အပြန်မှာ တစ်ခုခုဖြစ်ခဲ့လို့ရှိရင် ဆေးရုံတို့ ဆေးခန်းတို့ကို လုံးဝမပို့ပါနဲ့. . အိမ်ကိုပဲ တန်းပြီးမောင်းရမယ်. . ကြားလား၊ ငါပြောသလို မလုပ်ရင် နင့်ကို အလုပ်ထုတ်ပစ်မယ်"

ဘုရား. . ဘုရား. . တစ်ခုခုဖြစ်မယ်ဆိုတော့ သူက ဘာသွားလုပ်မှာမို့လို့လဲ၊ မကောင်းတာတွေ ကြံစည်နေတာများလား။

အမှန်အတိုင်းဝန်ခံရရင်. . ဒီမိန်းမနဲ့ အတူတူ ရှိနေရတာ အသက်ရှူဖို့တောင်မှ ကြောက်နေမိသည်။





အဲယားကွန်းဖွင့်ထားတဲ့ ကားထဲမှာ နေဇာက ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေသည်။

"ထူးရေ. . ကိုယ် အခု အဲဒီကိုသွားနေပြီ၊ ယူပြောတာ သေချာပါတယ်နော်. . တစ်ခါတည်း ကိစ္စပြတ်မှဖြစ်မှာ"

"× × × × ×"

တစ်ဖက်က ဘာပြောသလဲဆိုတာ သူ မကြားရပေမဲ့ နေဇာ ပြောနေတာတွေကိုတော့ သူ အတိုင်းသားကြားနေရသည်။

"ယူသိတဲ့အတိုင်းပဲ. . ဗိုက်က တဖြည်းဖြည်းထွက်လာတော့ မှာ. . မောင်လား. . မောင်က ငါ့သဘောပါဟာ. . အခု သူ မရှိဘူး၊ ငင်ကာပူကို အလုပ်ကိစ္စနဲ့သွားနေတုန်း ငါ့နည်းငါ့ဟန်နဲ့ ဖြေရှင်းလိုက်တာ. ."

"× × × × ×"

"အေးဆေးပါဟာ. . ကလေးကိစ္စတွေနဲ့ ငါ အချိန်ကုန်မခံနိုင်ဘူး ငါ့မှာ လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်၊ နင်လည်း သိသားပဲဟာ. . ထိပ်ထိပ်အတွက်တောင်မှ ငါအချိန်မပေးနိုင်တာ"

အတိုင်းသားကြားနေရတဲ့ စကားတွေကြောင့် သူ့တစ်ကိုယ်လုံး ကြက်သီးတွေ တဖျင်းဖျင်းထလာမိသည်။

အဲဒီစကားတွေကို ပင်ကိုအသိစိတ်ရှိတဲ့လူတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာလေ. . တိရစ္ဆာန်လောက်တောင်မှ အသိဉာဏ်မရှိတဲ့ လူပါလား. . ရက်ရက်စက်စက်ကြံစည်နေတာက ကိုယ့်ရင်သွေး ကိုယ်ပြန်သတ်ဖို့တဲ့။ အင်မတန်ယုတ်မာတဲ့ မိန်းမ။

သူ ဘာလုပ်သင့်သလဲ. . မြန်မြန်တွေးစမ်း. . ကြံစမ်း. . လူ့လောကထဲကို ခဏအလည်လာတဲ့ ကလေးလေးဟာ လောကကြီးရဲ့ အလှအပတွေ၊ မိဘတွေရဲ့မေတ္တာတရားတွေကို မခံစားရဘဲ ဒီအတိုင်း ပြန်ထွက်သွားရတော့မှာလား. . .

ဒီထက်ပိုဆိုးတာက ဒီကလေးငယ်ဟာ တိုင်းပြည်အတွက် အကျိုးပြုမဲ့ နိုင်ငံအကြီးအကဲလည်း ဖြစ်နိုင်သလို သာသနာ့အကျိုးကို သယ်ပိုးထမ်းရွက်မယ့် သာသနာ့အာဇာနည်လည်း ဖြစ်နိုင်တာပဲ။

ဖြစ်ချင်ရာ ဖြစ်ပစေ. . ဒီကိစ္စကို ရတဲ့နည်းနဲ့ တားရတော့မှာပဲ. .။

ခြံရံက သူ့ခေါင်းထဲမှာ စဉ်းစားမိသည့်အတိုင်း ကားကိုလမ်းဘေးတစ်နေရာမှာ ထိုးရပ်ကာ နေဇာ့ကို ပြောသည်။

"အစ်မ. . ကားဘီး ဘာဖြစ်နေလဲမသိဘူး၊ ဆင်းကြည့်လိုက်ဦးမယ်"

ကားပေါ်မှဆင်းကာ ဘီးအခြေအနေကိုကြည့်ပြီး လမ်းဘေးမှာ တွေ့သည့်သံချောင်းတစ်ချောင်းဖြင့် ဘီးကိုထိုးလိုက်သည်။





ပြီးတော့မှ မတ်တတ်ရပ်ကာ နေဇာ့ကို သတင်းပို့လိုက်သည်။

"ဘီးပေါက်သွားပြီ အစ်မ. . နည်းတဲ့ သံချောင်းမဟုတ်ဘူး၊ စိုက်နေတာ"

နေဇာက ဒေါသတကြီးဖြင့် ခြံရံကို အပြစ်တွေတင်သည်။

"ဟဲ့. . ပေါက်နေရင်လည်း ဒီနားမှာ ဘီးဖာတဲ့ဆိုင် မရှိဘူးလား. . သွားရမှာ ဝေးပါတယ်ဆိုမှ. ."

ခြံရံက ကားပေါ်ပြန်တက်လာပြီး စက်ပြန်နှိုးကာ

"ရှာကြည့်လိုက်ဦးမယ် အစ်မ. . ကျွန်တော် ကားကိုထိန်းပြီး မောင်းသွားလိုက်ပါ့မယ်"

"ကားက ခုနက အကောင်းကြီးပါဟာ. . ကောက်ခါငင်ခါနဲ့ ဘယ်လိုဖြစ်တာတုန်း"

"မပြောတတ်ပါဘူး အစ်မရယ်"

လူ့အသက်တစ်ချောင်းကို ကယ်ဖို့အတွက် တစ်ခါမှ လိမ်မပြောတတ်တဲ့ ခြံရံတောင် မုသာဝါဒတွေ ပြောတတ်နေပြီလေ။

"တောက်. . ငါ့ကိုက ဖြိုဟ်ဆိုးတွေ ဝင်နေတာပါ. . အလွဲလွဲအချော်ချော်တွေချည်း ကြုံနေရတယ်"

နေဇာတစ်ယောက်တည်း မကျေမနပ်နဲ့ ပွစိပွစိလုပ်နေတာ ကြည့်ပြီး သူ့စိတ်ထဲမှာ ပြောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာတွေ လုပ်နေသရွေ့၊ ကြံနေသရွေ့တော့ ဖြိုဟ်စီးဖြိုဟ်နှင်းတွေက ကောင်းမှာ မဟုတ်ဘူး အစ်မရေ. .

ပိုက်ဆံသာ ရှိတာ၊ စိတ်ဓာတ်က ယုတ်ညံ့တဲ့ မိန်းမ၊ ကြည့်ရင်း. . ကြည့်ရင်းနဲ့ကို ရွံရှာလာမိသည်။

ကားမောင်းနေရင်းနဲ့ လေထိုးကျွတ်ဖာဆိုင် မတွေ့ပါစေနဲ့လို့ ဆုတောင်းရတာ အမော။ အချိန်ကို ဆွဲနိုင်သမျှဆွဲဖို့ သူကြိုးစားနေမိသည်။

"ဟဲ့. . ဟိုမှာ. . ဟိုမှာ. . ရှေ့မှာ လေထိုးတဲ့ဆိုင်တွေ့ပြီ"

နေဇာက ဝမ်းသာအားရ ထပြီးအော်သည်။ သူ့ရင်ထဲမှာ တကယ်မကောင်းပါ။

အစ်မရယ်. . ကိုယ့်ကလေး ကိုယ်သွားသတ်မဲ့ကိစ္စကို အဲဒီလောက် အလျင်လိုနေသလားဗျာ. .

မလွှဲမရှောင်သာလို့ ခြံရုံက ကားကိုရပ်ပေးလိုက်ရသည်။ နေဇာက ဆိုင်မှ ကောင်လေးတစ်ယောက်ကိုခေါ်က

"မောင်လေး. . ကားဘီးပေါက်သွားလို့ အမြန်ဖာပေးပါ. . ရော့. . ပိုက်ဆံ"

အတင်းပဲ ကောင်လေးလက်ထဲကို ပိုက်ဆံတွေထည့်ပေးနေသည်။ ခြံရုံ အကျပ်ရိုက်သွားသည်။





အစ်မနေဇာ ကားဘီးဖာပြီးရင် သူ ဘာဆက်လုပ်ရမလဲ. . သူဌေးမက သူ့ကို အကဲခတ်နေပုံရသည်။

"ဘီးဖာပြီးရင် မြန်မြန်မောင်းမယ်. . ကြားလား၊ အပြန် မိုးချုပ်သွားလိမ့်မယ်"

မောင်းဆိုလို့သာ မောင်းနေရတာ၊ စိတ်ထဲမှာလည်း ညာဏ်နီညာဏ်နက်တွေ ထုတ်နေရသည်။

"အား. ."

ဆိုင်းမဆင့် ဗုံမဆင့် ထပြီးအော်တော့ သူဌေးမက မေးသည်။

"ဟဲ့. . ဟဲ့. . ဘာဖြစ်တာလဲ"

ခြံရုံက သူ့ဗိုက်ကို လက်တစ်ဖက်နဲ့ဖိကာ အရဲစွန့်ပြီး ပြောလိုက်သည်။

"ကျွန်တော်. . ဗိုက်ထဲက အရမ်းအောင့်နေလို့ပါ အစ်မ"

နေဇာက စိတ်မရှည်တဲ့လေသံဖြင့် -

"နင့်ကို အားကိုးပြီးလာပါတယ်ဆိုမှ တစ်မျိုးပြီးတစ်မျိုး ဖြစ်နေတော့တာပဲ. . ငါ ဘာလုပ်ပေးရမလဲ. . ပြော"

"ဟိုလေ. . မနက်ကတည်းက ဘာမှမစားလာတော့ လေခံပြီး အောင့်တယ်ထင်တာပဲ. . အစာတစ်ခုခု စားလိုက်ရင် သက်သာမယ်ထင်တာပဲ အစ်မရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ . . ကဲ့ . . ဒါဆိုလည်း စားတော်မူပါရှင် . . တကတည်း သူတို့ကိစ္စချည်းပဲ"

ခြံရံက ထမင်းဆိုင်တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်ပြီး ငါးဖယ် ငါးဆုပ်ဟင်းနဲ့ ထမင်းတစ်ပွဲ မှာကာ စိမ်ပြေနပြေ အချိန်ဆွဲပြီး စားနေမိသည်။

ဒီလိုလုပ်နေလို့လည်း ဒီမိန်းမက စိတ်ပြောင်းပြီး မသွားမှာမှ မဟုတ်တာ။ အဲဒီလက်သည်အိမ်ကို မလွဲမသွေသွားဦးမှာပဲ။ ပြောမရတဲ့အဆုံး ရဲတိုင်မယ်ဆိုပြီး ခြိမ်းခြောက်လိုက်ရင် ကောင်းမလား . .။

အချိန်ဆွဲတာ နည်းနည်းများသွားတော့ နေဇာက ကားဟွန်းကို သုံးလေးချက် ဆင့်တီးပြီး ခေါ်လေပြီ။ ဘယ်လောက်တောင် စိတ်မရှည်သလဲဆို ကားမောင်းတဲ့နေရာမှာတောင် သူက တက်ပြီး ထိုင်နေပြီ။

"ကဲ့ . . ကိုယ်တော် . . အနောက်က တက်၊ ငါ့ဟာငါပဲ မောင်းတော့မယ်"

ကားမောင်းတာတော့ ဘာကျွမ်းသလဲ မမေးနှင့်။ ယောက်ျားတွေထက်တောင်မှ ကျင်လည်နေသေးသည်။ သူလည်း ဘာတစ်ခွန်းမှမပြောရဲတော့ ပါးစပ်ပိတ်ပြီး လိုက်လာရသည်။

ဘုရား . . ဘုရား . . . ရွှေပြည်သာတောင် ရောက်လာပြီ . .





ဒါဆို . . ဒီကလေးက တကယ် သေရတော့မှာလား . . သူ ဘာလုပ်ရမလဲ . . .။

လမ်းကြားကလေးတစ်ခုထဲကို ကားက ဝင်သွားပြီးနောက် နေဇာက သူ့ကို အမိန့်ပေးသည်။

"ကဲ-ဟိုရှေ့နားမှာ ဆင်းမေးကြည့်စမ်း၊ လက်သည်ဒေါ်ဘုမအိမ် ဘယ်အိမ်လဲလို့"

"ဟုတ် . . ဟုတ်ကဲ့"

တံခါးဖွင့်ပြီး သူ ဆင်းလာကာ အိမ်တစ်အိမ်ရှေ့တွင် ရပ်ပြီး မေးလိုက်သည်။

"အစ်မကြီး . . ဒေါ်ဘုမအိမ်က ဘယ်အိမ်လဲခင်ဗျ"

"ဟိုဘက်ကို ဆက်သွားလိုက်ရင် သုံးအိမ်ကျော်ပဲ မောင်လေး၊ ဒါပေမယ့် . . အခုတော့ သူ မရှိဘူးထင်တယ် . . နယ်က လာခေါ်လို့ ပါသွားတယ်ကြားတာပဲ"

"ကျေးဇူးပဲ အစ်မ"

သူ့ခေါင်းထဲမှာ အကြံတစ်ချက် ဝင်းလက်သွားသည်။ ဒါနဲ့ ကားဆီ အမြန်ပြန်လာကာ -

"အစ်မ . . အခြေအနေမကောင်းဘူး၊ ပြန်ရအောင်"

"ဟဲ့ . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားကြီး အဖမ်းခံထားရတယ် အစ်မ. . သူ့လက်ချက်နဲ့ ကလေးလာဖျက်ချတဲ့ ကောင်မလေး ဆုံးသွားလို့တဲ့"

"ဟင်. ."

အံ့ဩလို့ထင်သည်။ နေဇာ ပါးစပ်လေးအဟောင်းသား ဖြစ်သွားသည်။

"အစ်မ. . ကျွန်တော် မောင်းမယ်နော်"

ဒီနေရာက မြန်မြန်ပြန်နိုင်ရင် သူ့အကြံအောင်ပြီ။

နေဇာက ကားရှေ့ခန်းက ဆင်းလာပြီး အနောက်မှာ ဝင်ထိုင်တာနဲ့ သူ ကားကို အမြန်မောင်းထွက်လာခဲ့မိသည်။ နောက်ကြည့်မှန်ထဲမှာ မြင်နေရတာက သွေးပျက်နေတဲ့ သူဌေးမမျက်နှာ။

ကလေးလေးရေ. . ငါ မင်းကို တစ်ကြိမ်တော့ ကယ်လိုက်နိုင်ပြီကွာ။မင်းအမေက နောက်ထပ် ဘယ်လိုကြံစည်ဦးမလဲ မသိဘူး။

ထိုနေ့က မိုးတွေ အဆက်မပြတ်ရွာနေပါသည်။ တကယ်လို့များသာ နေဇာဆိုတဲ့ မိန်းမက သူ့ကိုခေါ်မလာဘဲ ကလေးသွားဖျက်ချခဲ့ရင် လူမသိသူမသိနဲ့ ကလေးလေးခမျာ ဗျာပနပွဲလေးတောင် မလှုံလိုက်ရဘဲ ထွက်သွားရတော့မလို့။

ဘုရား သိကြားမ,လို့ ဒီကလေးလေး သက်ဆိုးရှည်ပါစေ။

◆



## (၁၃)

ခြံရဲ့ဆီက ကြားရတဲ့စကားကြောင့် ဦးညိုတစ်ယောက် မှင်သက်သွားသလို ခေါ်ကြည်ဝင်းက ရင်ဘတ်ကို ဖိပြီး ဘုရား တ,လေသည်။

"ဘုရား. . ဘုရား. . သား တကယ်ပြောနေတာလားဟင်. . နားရှိလို့သာ ကြားရတယ်. . အင်မတန် ရက်စက်တဲ့ မိန်းကလေးပါလားကွယ်. . . ရှိတဲ့ ကလေးကို မေတ္တာမပေးတဲ့အပြင် နောက် တစ်ယောက်ကိုပါ သတ်ဖို့ကြံစည်နေပြန်ပြီ. . မိခင်စိတ်ရော ရှိသေးရဲ့လားကွယ်. ."

"အမေရယ်. . သားဆိုလေ ဒူးတွေတုန်ပြီး ကြက်သီးတောင်ထ,တယ်. . သိလား၊ ဘယ်လိုလုပ်ရမှန်းမသိတော့ ခေါင်းထဲမှာ ပေါ်လာတဲ့အကြံအတိုင်း လိုက်လုပ်တာပဲ. . ကားဘီးတောင် တမင်ဖောက်ပြီး အချိန်ဆွဲကြည့်သေးတယ်၊ ဘယ်လိုမှမရတဲ့အဆုံးမှာတော့ ရဲဖမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုပြီး လိမ်ရတော့တာပဲ အမေရေ. . စိတ်ထဲမှာတော့ တထင့်ထင့်ရယ်. . ဘာတွေ ဆက်ပြီး ကြုံရဦးမလဲ မသိပါဘူး"

ခြံရဲ့ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး သက်ပြင်း ချမိသည်။ ကိုယ့်မိသားစုနဲ့ အဆင့်ချင်းမတူ၊ အလွှာချင်းမတူ၊ ခံယူချက်နဲ့စိတ်ဓာတ်တွေလည်း မတူကြတဲ့ တခြားမိသားစုတစ်စုကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတဲ့အခါ. . လူဆင်းရဲပေမယ့် စိတ်ဓာတ်တွေ အထက်တန်းကျတဲ့ ကိုယ့်မိသားစုဝင်တွေကို ချီးကျူးမိသည်. . ပိုပြီး လေးစားမိသည်။

အထူးသဖြင့် အဖေနဲ့အမေ့ကိုပေါ့။ သားသမီးဆိုတာ ရတနာပဲဆိုပြီး အပင်ပန်းခံ အဆင်းရဲခံကာ ပြုစုပျိုးထောင်ပေးခဲ့တာတွေဟာ လူချမ်းသာတွေတောင်မှ မလုပ်နိုင်တဲ့အလုပ်မျိုးပါ။

ဦးညိုက ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်ကာ

"သား ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ၊ ဒီကိစ္စကို သူ့မိဘတွေ သိလား"

"မပြောတတ်ဘူး အဖေ. . သိချင်မှလည်း သိလိမ့်မယ်"

"ဒါဖြင့် သူ့ယောက်ျားရော သိလား"

"ကားထဲမှာ ဖုန်းပြောနေသံကြားတာကတော့ သူ့ယောက်ျားက သူ့သဘောပဲတဲ့. . သိမယ့်ပုံပါပဲ"





ဒေါ်ကြည်ဝင်းတစ်ယောက် ဒုတိယအကြိမ် ဘုရား တ,မိပြန်လေသည်။

"တော်တော် အကြင်နာတရား ခေါင်းပါးတဲ့ လင်မယားပါလားကွယ်. . မလိုချင်ရင် အစကတည်းက မယူကြပါနဲ့လား၊ ငရဲသွားရမှာ မကြောက်ဘူးလား မသိပါဘူးကွယ်"

"သား စဉ်းစားမိတာ တစ်ခုတော့ရှိတယ်. . အန်တီ့ကို ဖွင့်ပြောပြီး တားခိုင်းရင် ရမလားမသိဘူး"

ဦးညိုကလည်း ထောက်ခံလေသည်။

"လူ့အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းပါတယ် သားရယ်. . ရတဲ့နည်းနဲ့သာ တားပေတော့"

"သူတို့က ကျွန်မတို့သားလေးကို မကျေနပ်လို့ အလုပ်ထုတ်ပစ်ရင် ဘယ်လိုလုပ်မလဲ"

ဒေါ်ကြည်ဝင်းရဲ့ သားအတွက် စိုးရိမ်မကင်းတဲ့စကားအဆုံးမှာ ဦးညိုက ပြတ်ပြတ်သားသားစကားကို ပြောလာခဲ့သည်။

"တစ်ခုတော့ရှိတယ် သား. . အဲဒီမိန်းမဗိုက်ထဲက ကလေးလေး ရှောရှောရှူရှူနဲ့ အပြင်ထွက်လာပြီဆိုရင်တော့ မင်းကို အလုပ်ထုတ်လည်း ပျော်ပျော်ကြီးသာ ထွက်လာခဲ့ကွာ၊ သူတို့မိသားစုအတွင်းရေးကို ကိုယ်က ဝင်စွက်နေတာ မဟုတ်ဘူး. . ကယ်သင့်ကယ်ထိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အသက်တစ်ချောင်းကို ကယ်နေတာလို့ သဘောထားလိုက်ရင်. . အများကြီးကုသိုလ်ရပါတယ်ကွယ်"

"သားနားလည်ပါပြီ အဖေ. . သူတို့လိုမိဘတွေနဲ့ နှိုင်းယှဉ်ကြည့်မှ သားတို့တွေ အဖေနဲ့အမေရဲ့သားသမီးဖြစ်ခွင့်ရတာ အရမ်းကံကောင်းတာပဲလို့ တွေးမိတယ်"

"သားဆီက အဲဒီလိုစကားမျိုး ကြားရတဲ့အတွက် အဖေတို့ သေပျော်ပါပြီကွာ"

ဦးညိုရဲ့အသံတွေ တုန်နေသလို၊ ဒေါ်ကြည်ဝင်းရဲ့မျက်လုံးမှာ မျက်ရည်တွေ ဝဲနေသည်။

"ကျေးဇူးတင်ပါတယ် သားရယ်. . အမေ့စိတ်ထဲမှာလေ. . သားတို့သမီးတို့ကို လူ့ဘဝထဲ ဆွဲခေါ်ပြီး လိုလေသေးမရှိ ပြည့်ပြည့်စုံစုံနဲ့ မထားနိုင်လို့ အမြဲတမ်း သိမ်ငယ်နေတာ. . အပြစ်ရှိသလို ခံစားနေရတာပါကွယ်"

ခြံရံက အမေ့ပခုံးလေးကို ဖက်ကာ နှစ်သိမ့်ပေးသည်။

"အမေက လိုတာထက် ပိုပြီးပေးနိုင်တဲ့ မိခင်မျိုးပါ. . အမေပေးတဲ့ မေတ္တာတွေနဲ့ သားတို့ဘဝတွေ လုံခြုံပြီးသားပါ အမေ"

"သာဓုပါတော်. . သာဓု. . သာဓု"

အမေ့ရဲ့ဆုတောင်းသံအဆုံးမှာ ကျန်တဲ့ ညီတွေညီမတွေနဲ့





စကားထိုင်ပြောဖြစ်သည်။ မနက်စောစော ထိပ်ထိပ်ကို ကျောင်းပို့ရဦးမှာဆိုတော့ ညကိုးနာရီခွဲမှာ ဘုရားရှိခိုးကာ သူ အိပ်ရာဝင်ခဲ့သည်။

အိပ်လို့ မပျော်ပါ။ သူနဲ့ ဘာမှ သွေးမတော် သားမစပ်တဲ့ သန္ဓေသားလေးအတွက်၊ အသက်တစ်ချောင်းအတွက်. . သူ့ရင်တွေ ပူနေသည်။

အိပ်နေရာမှ ပြန်ထလာသည်။ ဘုရားစင်ရှေ့သွားပြီး စိတ်ထဲမှ နှစ်နှစ်ကာကာ ဆုတောင်းမိသည်။

အပြစ်မဲ့တဲ့ ကလေးလေးကို အသက်ရှင်ခွင့်ပေးသနားတော်မူပါ ဘုရား၊ ကလေးအမေ သူဌေးမလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စိတ်တွေပြောင်းပြီး ကလေးလေးကို ချစ်သွားပါစေ။

အပေါ့သွားဖို့ ထ,လာတဲ့ ဒေါ်ကြည်ဝင်းက ဘုရားစင်ရှေ့မှာ ငြိမ်သက်စွာထိုင်နေတဲ့ သားကြီးကိုတွေ့သွားပြီး -

"ဟဲ့ သား. . မအိပ်သေးဘူးလား"

ဟု လှမ်းပြီး မေးသည်။

"အိပ်လို့မပျော်ပါဘူး အမေရယ်. . သားမှာ ဟိုကလေးလေးအတွက် သိပ်ပြီး အပူကြီးနေသလိုပဲ. . ကိုယ့်အတွက်ကိုယ်ဆို ဘာမှ မပူရဘူး"

"အေးလေကွယ်. . မိခင်စိတ်မရှိလိုက်တာ၊ အမေဆိုလေ. ."



www.burmeseclassic.com

www.burmeseclassic.com



သားသမီးဆယ်ယောက်လုံး ကိုယ်ဝန်ရှိပြီဆိုကတည်းက သိန်းထီဆုကြီး ပေါက်သလိုပဲ ဝမ်းသာတာ. . ကျန်တာ ဘာမှ မလိုချင်တော့ဘူးလေ. . အမေ့ဘဝကြီးက အမေ့သားသမီးတွေနဲ့ ခြံရံထားရင် ပြည့်စုံပါပြီကွယ်"

"အမေရယ်. ."

ခြံရံက အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး အမေ့ကို တင်းကြပ်စွာဖက်ထားမိသည်။ နှိုင်းယှဉ်စရာရှိမှ ပိုပြီးသိတတ်လာတာ အမေ့ရဲ့ကျေးဇူးလို့ ထင်သည်။ တကယ်တော့ အမေဟာ သူတို့ဘဝအတွက် ထာဝရလမင်းကြီးပါပဲ။ အေးမြတဲ့အရိပ်ကိုသာ ပေးတဲ့ အမေပါ။

◆



(၁၄)

ကားသုတ်ရင်း သူဌေးမ နေဇာကို မသိမသာအကဲခတ်နေရသည်။ ခြံရံဆိုတဲ့ သူ့ဘဝက ဘယ်အချိန်ကစပြီး သူများကိုယ်ဝန်ကို စောင့်ရှောက်မိသလဲ မသိတော့ပါဘူး။

စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ ကားသုတ်နေရင်းနဲ့တောင် မမနေဇာ အိမ်မှာ ငြိမ်ငြိမ်နေရဲ့လားဆိုပြီး ခဏခဏချောင်းကြည့်နေမိသည်။

အိမ်မှာနေပြီး ဘာတွေများ ထပ်ကြံစည်နေသလဲ မသိပါဘူး။

"ဦးဦး"

ထိပ်ထိပ်လေးက သူ့ဆီ ဝမ်းသာအားရ ပြေးလာပြီး ဖက်ထားသည်။

"ဟား. . တို့ကလေးလေးက ဒီနေ့ အစောကြီးပြီးနေပါလား၊ ဒါနဲ့ သမီးအမေ ဒီနေ့ ဘယ်မှမသွားဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူးတဲ့. . အပြင်မသွားရင် ထိပ်ထိပ်ကို ကျောင်းလိုက်ပို့ပေးလို့ သွားပြောတာ အဆူခံရတယ်. . မာမီက ထိပ်ထိပ်ကို မချစ်ဘူး သိလား"

"သမီးလေးတစ်ယောက်တည်း ပျင်းနေမှာပဲနော်. . ဦးဦးတို့အိမ်မှာဆို လူတွေအများကြီးနဲ့ ပျော်စရာကြီးသိလား. . ဦးဦးမှာ ညီတွေ ညီမတွေမှ အများကြီးပဲ. . ထမင်းစားရင်လည်း ဝိုင်းဖွဲ့ပြီးစားကြတာ သမီးရဲ့. . တစ်ရက်လောက် သမီးကို အိမ်ခေါ်သွားရဦးမယ်"

ထိပ်ထိပ်မျက်နှာလေးမှာ အားကျတဲ့အရိပ်အယောင်ကို သူတွေ့လိုက်ရသည်။

ဒီကောင်မလေးရဲ့စိတ်ကို သူပြုပြင်ပေးရမည်။ ပြောင်းလဲလာအောင် လုပ်ပေးပြီးမှ သူ့အမေကို သိမ်းသွင်းနိုင်းရမည်။

"ဦးဦးမှာ ညီတွေ ညီမတွေ အများကြီးရှိတာဆိုတော့ ဦးဦးအမေက ဦးဦးကို ဘယ်ချစ်ပါ့မလဲ"

ကလေးတစ်ယောက်ရဲ့သံသယကို ပျောက်အောင်လုပ်ပေးရမှာက သူ့တာဝန်မို့ -

"ဒီမယ် သမီးမှတ်ထားရမှာက အမေဆိုတာ. . နောက်ထပ်ကလေးတစ်ယောက် မွေးတိုင်း. . မွေးတိုင်း. . အကြီးဖြစ်တဲ့ ကိုယ့်ကိုသနားပြီး ပိုပိုချစ်လာတာ သမီးရဲ့"





"တကယ်လားဟင်"

"တကယ်ပေါ့ သမီးရဲ့၊ မယုံရင် သမီးအမေကို နောက်ထပ်ကလေးတစ်ယောက်လောက် ထပ်မွေးပေးဖို့ ပြောကြည့်ပါလား"

"ထိပ်ထိပ်ကို ပိုချစ်မှာ သေချာပါတယ်နော်"

ကလေးမလေးက မယုံမရဲလေးဖြစ်နေပုံရသည်။

"သေချာတယ် သမီး. . ဦးဦး အသက်နဲ့ရင်းပြီး အာမခံတယ် ဟုတ်ပြီလား၊ သမီးအမေကိုသာ ရအောင်ပြောနော်၊ သမီးမှာ မောင်လေး ရရင် ဦးဦးက သမီးလိုချင်တာ ဝယ်ပေးဦးမှာ"

"တကယ်နော် ဦးဦး. . တကယ်ပြောတာနော်"

"ဟား. . ဟား. . ဦးဦးက လိမ်ပါ့မလားကွ၊ လာလေ. . ကတိလုပ်မယ်"

"ကတိ. . ကတိ"

"သမီးက လိမ္မာလိုက်တာကွာ"

ဘုရား သိကြားမ,လို့ တစ်ခွတ်ထိုး၊ တစ်ယူသန်ကောင်မလေးကို သူပြောလို့ အောင်မြင်ပြီထင်ပါရဲ့။ ဒါတောင်မှ ကောင်မလေးက မယုံမကြည်နဲ့ သူ့ကို အကဲခတ်နေသေးသည်။

ထိပ်ထိပ်ကို ကျောင်းလိုက်ပို့ပေးပြီး ပြန်လာတော့ ခြံဝမှာ မိန်းမတစ်ယောက် ရပ်နေတာကို သူတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ဘယ်သူနဲ့တွေ့ချင်လို့လဲခင်ဗျ"

ထိုအမျိုးသမီးက မဝံ့မရဲဖြင့် သူ့အနားကပ်လာပြီး မေးသည်။

"ဟိုလေ . . ဒါ ဒေါ်နေဇာမင်းခေါင်တို့ခြံ ဟုတ်ပါသလား"

ခြံရုံက ထိုအမျိုးသမီးကိုကြည့်ပြီး အကဲခတ်ကာ

"ဟုတ်ပါတယ် . . ဒါနဲ့ ဘာကိစ္စတွေ့ချင်တာလဲ ခင်ဗျ"

"ဟိုလေ . . ဟို . . ကိုယ်ရေးကိုယ်တာကိစ္စပါကွယ်"

စကားပြောရင် တဟိုဟိုနဲ့ မျက်လုံးကပါ ဂဏှာမငြိမ်ချင် . . တစ်ခုခုကို ဖုံးကွယ်ထားပုံရသည်။

ဒီကလေးအတွက် မင်းအသက်ကို ရင်းပြီး ကာကွယ်သ ရင် ကာကွယ်ရမယ် ဆိုတဲ့ အဖေ့ရဲ့ စကားသံတွေက သူ့အာရုံထဲ ရောက်လာသည်။

ချက်ချင်းဆိုသလိုပင် နေဇာနဲ့ထိုမိန်းမရဲ့ပတ်သက်မှုကို ခန့် မှန်းမိသွားပြီး ကြားဝင်ဖြတ်တောက်ပစ်ဖို့ ဆုံးဖြတ်ကာ -

"ဟိုကိစ္စ မဟုတ်လား အစ်မ"

သူ သိနေပုံဖြင့် အသေအချာကြီး ဝင်မေးပစ်လိုက်သည်။ မိန်းမကြီးမှာလည်း အူတူတူဖြင့် -

"အင်း . . ဟုတ်တယ်ကွဲ့၊ အဲဒီကိစ္စပဲ သူခေါ်ထားတာ"

"ဩော် . . ဒီကိစ္စဆိုရင်တော့ အဆင်ပြေသွားပြီ အစ်မ၊ အ





သူလည်း ဒီမှာမရှိပါဘူး . . ခရီးထွက်သွားပြီ . . စိတ်လည်း ပြောင်းသွားပြီခင်ဗျ . . သူ့သမီးလေး အဖော်မဲ့နေလို့ မွေးပေးတော့မယ်တဲ့"

သူ့စကားကို ထိုမိန်းမက ယုံပုံမရပါ။

"ဟင် . . အမျိုးမျိုးပဲ . . တစ်နေ့ကတင် အဲဒီကိစ္စကို အမြန်ဆုံးရှင်းပေးပါဆိုလို့ ကျုပ်မှာ လာရတာ"

"ဒီလိုပါပဲ အစ်မရယ် . . သူ့ယောကျ်ားကလည်း ခွင့်မပြုဘူးလေ . ."

ခွင့်လွှတ်တော်မူပါ အရှင်ဘုရား . . လူ့အသက်တစ်ချောင်းကယ်ဖို့အတွက် တပည့်တော် မုသာဝါဒတွေ ပြောနေရပါတယ် ဘုရား။ တစ်သက်နဲ့ တစ်ကိုယ် စောင့်ထိန်းလာတဲ့ မုသာဝါဒကံကို ဒီကနေ့ ချိုးဖောက်နေရပါပြီ။ နောက်နေ့တွေမှာလည်း ဘယ်လိုကံမျိုးကို ချိုးဖောက်ရဦးမလဲ မသိတော့ပါဘူး။

ခြံရုံ့စကားကြောင့် အဲဒီမိန်းမက မကျေမနပ်ဖြစ်ကာ ပွစိပွစိ ပြောပြီး လှည့်ထွက်သွားသည်။ အလကားနေ သူများအသက် လိုက်သတ်ပေးနေတဲ့ အဲဒီမိန်းမကို စိတ်ထဲက ချဉ်လာတာမို့ လှမ်းအော်ပြီး ပြောမိသည်။

"ဩော် . . အစ်မ၊ ဝါတွင်းကာလ ဆိုတော့ . . ခင်ဗျားလည်း ငါးပါးသီလခံပြီး ဥပုသ်လေးဘာလေး စောင့်သင့်တယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကြမ်းအာကြမ်း စိတ်ကြမ်းကြမ်းနဲ့မိန်းမက သူ့ကိုပြန်ပြီး နှုတ်သရမ်းသွားပါသည်။

"ငါသိတယ်. . အဲဒါ နင့်အပူမဟုတ်ဘူး အကောင်စုတ်ရဲ့"

"စေတနာနဲ့သတိပေးတာ စိတ်ဆိုးစရာမှမဟုတ်ဘဲ အစ်မ ရယ်. . ဖြစ်နိုင်ရင် ဒီအလုပ်တွေကို စွန့်လိုက်ပါတော့ဗျာ"

အသိခေါက်ခက် အဝင်နက်နေတဲ့လူတွေ ဒီလောကကြီးမှာ အများသားလား။ ဒါပေမယ့် သူ့ရဲ့ခံယူချက်က တစ်မျိုး။

ဒီဘဝမှာ တွေ့ဆုံခွင့်ရတဲ့လူအားလုံးကို တစ်လှေတည်းစီး တစ်ခရီးတည်း သွားတဲ့သူတွေလို့ သဘောထားပြီး ဝတ်နေတဲ့လူကို တွေ့ရင် တစ်ဝက်ခွဲပြီး ကျွေးလိုက်မယ်၊ မှားနေတဲ့သူကိုတွေ့ရင် မှန် အောင် ပြင်ပေးရမယ်။ လူ့စည်း ဘီလူးစည်းဆိုတာကိုတော့ နားလည် ပါတယ်။

ခက်နေတာက ခုနက မိန်းမပဲ ကြည့်လေ. . သူ သွားပြော မိတာနဲ့ ရန်တွေထောင်သွားလိုက်တာ. . ဝမ်းဆွဲသည် အမည်ခံပြီး လူ့ လောကထဲကို ရောက်လာမဲ့ ကလေးလေးတွေကို မညှာမတာ ရက် ရက်စက်စက် သတ်ပစ်နေတာလေ. .

သူ သတ်နေတာတွေက ကြက်ကလေး. . ငှက်ကလေးတွေ မဟုတ်ဘူးဆိုတာလောက်တော့ သိဖို့ကောင်းပါတယ်။





ခုချိန်ထိ နောင်တ မရသေးရင်တော့ သေမှသိပါလိမ့်မယ်။ ငရဲကိုသွားမယ့်ဟာတွေ. .

"ခြံရှံ. . ဟိုမိန်းမက ဘယ်သူလဲ. . ဘာဖြစ်လို့ ပြန်သွားတာ လဲ. . ဧကန္တ သူဌေးမ စောင့်နေတဲ့တစ်ယောက်များလား"

"မဟုတ်ပါဘူး ဦးလေးရာ. . ဘာတွေ ဇယားလာရှုပ်နေလဲ မသိဘူး. . အဲဒါကြောင့် ကျွန်တော် မောင်းထုတ်လိုက်တာ"

ပြောရပြန်ပြီ မုသာဝါဒ။

"အေး. . အေး. . မဟုတ်ရင်လည်း ပြီးရောလေ၊ ငါက စိတ် ပူလို့ ပြောတာပါ. . သိတဲ့အတိုင်းပဲ သူ့လူကို နှင်ထုတ်တယ်ဆိုပြီး. . ယမ်းပုံမီးကျဖြစ်ဦးမှာ"

"ဦးလေး. . ကျွန်တော် ကားဂိုဒေါင်အပေါ်ထပ်မှာ ခဏနား လို့ရမလား"

"သွားနားလေကွာ"

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

အိမ်ရောက်တာနဲ့ သောက်ရေအိုးထဲက ရေအေးအေးလေး တစ်ခွက်ကို ခပ်သောက်ပြီး အမောဖြေရသည်။ ထိပ်ဆုံးခြံကြီးထဲမှာ နေ့, နေရတဲ့အချိန်တွေဆို ရင်ပူရသည်။

တကယ်ပါ။

သူတို့ကွေကို ကြည့်တော့လည်း သူဌေးလို့သာ ပြောတာ. . အမြဲတမ်း အပူသည် မီးဝိုင်းတဲ့ရုပ်နဲ့။

ခြံရှံရဲ့စိတ်က ဟင်းမရှိလို့ ဆားနဲ့ပဲ စားရ စားရ၊ အေးအေး ချမ်းချမ်းရှိချင်သည်။ စိတ်မောကိုယ်မောနဲ့ ကျဉ်းကျဉ်းကျပ်ကျပ်ဘဝ မျိုးထဲမှာ မနေချင်ပါ။ ဒေါ်ကြည်ဝင်းက စက်ချုပ်နေရာမှ သားဖြစ်သူကို အကဲခတ်ရင်း -

"သားကြီး၊ မောလာလို့လား. . ဒီနေ့ရော ဟိုသူဌေးမလေး က ငါ့သားကို ဘာတွေ အပူပေးလိုက်ပြန်ပြီလဲ"





"မပြောချင်တော့ပါဘူး အမေရာ. . အပြင်မထွက်လို့ အိမ်မှာ နေတယ်ဆိုပြီး စိတ်အေးရမလား မှတ်တယ်. . ဝမ်းဆွဲသည်ကို အိမ်ခေါ်ပြီး ကလေးဖျက်ချမလို့လုပ်တယ်လေ. . တော်သေးတာပေါ့ဗျာ. . အဲဒီမိန်းမကြီးက သားနဲ့တွေ့လို့. . မုသာဝါဒတွေ ပြောပြီး ပြန်လွှတ် လိုက်ရတယ်လေ. . သား နားမလည်တော့ဘူး အမေရာ. . ပိုက်ဆံ တွေ ဘယ်လောက်ပဲရှိရှိ၊ အကြင်နာတရား မေတ္တာတရား ခေါင်းပါး ရင်တော့ စိတ်ဓာတ်က ဇီးရိုးပဲနော်. . တစ်ခါတလေကျတော့လည်း မျက်နှာချင်းဆိုင်ထိုင်ပြီး မေးပစ်လိုက်ချင်တယ်. . 'ခင်ဗျားမလိုချင်ရင် မွေးပြီး ကျုပ်ကို ပေးမလား'လို့၊ ဟုတ်တယ်လေ. . စောင့်ကြည့်ရတာ မောလာပြီ"

"အေးပေါ့လေ. . သူက ဒီကလေးကို သူ့ဘဝထဲ အဝင်မခံ ဘူးလို့ ဆုံးဖြတ်ထားမှတော့ တစ်နည်းမဟုတ် တစ်နည်းနဲ့လုပ်ကြံနေ ဦးမှာပဲ၊ ငရဲလည်း မကြောက်ဘူးနဲ့တူပါရဲ့. . ဒါနဲ့ သူတို့ ကိုးကွယ်တဲ့ ဆရာတော်တွေ မရှိဘူးလား သား. . ရှိရင် သားက အကျိုးအကြောင်း သွားလျှောက်ပြီး တရားလေးဘာလေး ချခိုင်းလို့ရတာပေါ့"

ခြံရှံက ခေါင်းခါပြသည်။

"သူတို့အိမ်မှာ ဘုန်းကြီးတွေဆွမ်းခံကြွတာလည်း မတွေ့ဘူး ဘုန်းကြီးကျောင်းတွေ ဘာတွေ သွားတာလည်း မတွေ့ဘူး အမေရ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးမှာတော့ တော်တော်ကြီးကို အားနည်းတယ်လို့ ပြောရမှာပဲ၊ အဲ. . ဒါပေမယ့် ခြံထဲမှာ ပါတီတွေဘာတွေတော့ ခဏခဏလုပ်တယ်၊ ကလပ်သွားတယ် အမေရေ. . လင်မယားနှစ်ယောက်ကတော့ ဘာအတိုင်အဖောက်ညီသလဲမမေးနဲ့ မဟုတ်တဲ့နေရာမှာပြောပါတယ်"

ဦးညိုက ကုလားထိုင်ပေါ်မှာ ထိုင်ပြီး နားထောင်နေရာမှ

"သားကြီး. . စိတ်ညစ်လည်း ခဏတော့ သည်းခံရမယ်. . အဖေပြောထားတယ်နော်. . အဲဒီကလေး အပြင်မထွက်မချင်း သားလည်း အဲဒီအိမ်က အလုပ်မထွက်ရဘူး. . နားလည်လား"

အဖေ့စကားကို သူ နားထောင်ချင်ပါသည်။ သို့သော်ငြားလည်း. . .

"သားက မထွက်ချင်ပေမယ့် အဲဒီသူဌေးမက သားကို အလုပ်ထုတ်ရင် ဘယ်လိုလုပ်မလဲ အဖေ"

ခြံရှံက သူတွေးမိတာကို စိတ်ပူပြီးပြောတော့ ဦးညိုက

"အဲဒီအတွက်တော့ ဘာမှမပူနဲ့ ငါ့သားရေ. . သူတို့အိမ်မှာ ဘယ်သူက အခရာလဲ"

"ထိပ်ထိပ်လေးပေါ့"

"အေးလေ. . အဖြေက ရှင်းနေတာပဲ. . သူ့သမီးလေး ခင်တွယ်တဲ့လူတစ်ယောက်ကို သူတို့ အလုပ်မထုတ်ရဲပါဘူး"





"မသိတော့ပါဘူး အဖေရာ. . သားလည်း ကိုယ့်အိမ်ကျဉ်းကျဉ်းလေးထဲကို ပြန်ရောက်မှ စိတ်တွေ ပေါ့ပါးပြီး လွတ်လွတ်လပ်လပ်နေရတော့တယ်. . သူတို့အိမ်အကျယ်ကြီးထဲမှာ နေပြီး စိတ်တွေ မွန်းကျပ်လိုက်တာ အဖေရာ. . တကယ်ပါပဲ"

ဦးညို သားကြီးကိုကြည့်ပြီး သနားသွားသည်။

အကြီးဆုံးသားပီပီ စိတ်ခေတ်ကြံ့ခိုင်ပြီး အနစ်နာခံတတ်တဲ့ သား၊ စိတ်ထားဖြူစင်ပြီး ပျော်ပျော်နေတတ်တဲ့ သားက လူ့အသက် ဘစ်ချောင်းကို ကယ်ဖို့အတွက် စိတ်သောကရောက်နေရပြီ။

"သား. . သူ့မိဘတွေကို ပြောပြလိုက်ပါလားဟင်"

ဒေါ်ကြည်ဝင်းက သူ့သဘောထားကို ပြောပြလာသည်။

"မနက်ဖြန်ကျရင် အန်တီကြီး ထိပ်ထိပ်ကို ကျောင်းလိုက်ပို့ပါစေလို့ ဆုတောင်းရတော့မှာပဲ. . ဒူးနာနေလို့ ကျောင်းလိုက်မပို့တာ ကြာပြီ. . အပြင်မှာဆို လွတ်လွတ်လပ်လပ်ပြောလို့ရတာပေါ့"

ထိုညက သူတော်တော်နှင့် အိပ်မပျော်ပါ။ ညဉ့်တော်တော်နက်မှ မှေးခနဲ အိပ်ပျော်သွားစဉ် လသားအရွယ် ကလေးသေးသေးလေးက သူ့ဆီလမ်းလျှောက်လာပြီး စကားတွေပြောကာ ငိုနေသည်။

"ဦးဦးရေ. . သားကို ကယ်ပါဦးဗျာ. . အမေက မနက်ဖြန်ကျရင် သားကို အပြီးမောင်းထုတ်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ ခြံရုံက ပြန်မေးနေသည်။

"ဘယ်လိုမောင်းထုတ်မှာလဲ ကလေးရယ်. . ဦးဦးလည်း သားကို အစွမ်းကုန်ကာကွယ်နေတာပဲလေ"

"သား သိပါတယ်. . ကျေးဇူးလည်း တင်ပါတယ်. . အမေက မနက်ဖြန်ကျရင် ဆေးသောက်လိမ့်မယ် ဦးဦး. . အဲဒီအခါကျရင် သားလူ့ဘဝထဲကို လာလို့မရတော့ဘူး. . သားလာချင်တယ် ဦးဦးရယ်. . သားက သာသနာပြုရဦးမှာ"

"သားရယ်"

ခြံရုံက ချစ်စရာကောင်းပြီး. . ကြည်လင်နေတဲ့ ဥပမိရုပ်နဲ့ ကလေးလေးကို ဖက်ထားလိုက်မိသည်။

"သားကို ဦးဦးရအောင် ကယ်မယ်. . စိတ်ချနော်"

ခြံရုံ ယောင်ပြီး စကားတွေပြောနေသည်။ နိုင်နိုင်က အိပ်ချင်မူးတူးနဲ့ အစ်ကိုဖြစ်သူကို ကြည့်ပြီး အံ့သြနေသည်။

ကိုကိုက ယောင်မှမယောင်တတ်တာ၊ ထူးတော့ ထူးသား။

◆



(၁၆)

ဒီနေ့ ခြံရုံတို့အိမ်က breakfast က စိုပြေနေသည်။ ထမင်းကြော်အပြင် အမေကိုယ်တိုင် နှပ်ပြီး ဖျော်ထားတဲ့ လက်ဖက်ရည်နဲ့ အီကြာကွေးတွေ၊ စမူဆာတွေပါ တွဲပြီးပါနေလို့ ကလေးတွေ ပျော်နေကြသည်။

"ကဲ. . စားကြ. . အားရပါးရသာ စားကြ၊ ကိုယ့်သားသမီး ပါးစပ်ထဲကို ထမင်းဝင်တာလောက် ကျေနပ်တဲ့ အမေမျိုး ဒီလောကမှာ မရှိဘူး"

ဒေါ်ကြည်ဝင်းက ကလေးတွေကို တုတ်နဲ့ တစ်ခါမှ မရိုက်ခဲ့သူပါ။ ယခုလိုမျိုးပဲ နူးညံ့ညင်သာတဲ့ အပြောလေးတွေနဲ့ ကိုင်တွယ်လာခဲ့လို့ ကလေး ဆယ်ယောက်စလုံးက အမေ့စကားဆို တစ်ခွန်းပဲ။ အမေကိုလည်း တုန်နေအောင် ချစ်ကြလေသည်။

နိုင်နိုင်အောက်က ပေါက်စီက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဘယ်သူ့မွေးနေ့မှမဟုတ်ပါဘူး၊ ဧကန္တ . . အမေတို့ရဲ့ နှစ်ပတ်လည်လားဟင်"

အကင်းပါးလွန်းတဲ့ သား ပေါက်စီရဲ့စကားကြောင့် ဦးညိုက ရွှန်းကိုင်ပြီး ပြုံးနေသည်။

"အဲ . . ဟုတ်နေပြီထင်တယ်၊ အဖေ ပြုံးနေပုံယောက်တော့"

"ကဲ . . ဟုတ်ပါတယ်လို့သာ ပြောလိုက်တော့ အကြည်ရေ"

အားလုံး ပွဲဆူသွားသည်။

"ဟုတ်တယ်တဲ့"

"ဟုတ်ရင် . . အဲဒါလောက်နဲ့တော့ ဘယ်ရမလဲ . . နော် . . အငယ်မ"

မြတ်နိုးက ခတ္တာကို အဖော်စပ်နေတုန်း နေနေလေးက စမူဆာတစ်ခုကို ကောက်ကိုင်ကာ ထက်ထက်မိုးဦးတို့မိသားစု ကြော်ပြောနေတဲ့ ငါးသေတ္တာကြော်ငြာထဲက စစ်လွန်းဝတီထက်ရဲ့လေသံလေးနဲ့ ဝင်ပြီး ပြောလိုက်သည်။

"ဒါပဲ ရွှေးလိုက်တော့မယ် မေမေ"

"တွေ့လားဟေ့ . . တို့သားအငယ်ဆုံးလေးက အလိမ္မာဆုံးပဲတော့"

ဒေါ်ကြည်ဝင်းက နေနေ့ပါးကို နမ်းလိုက်သည်။

*ဆောင်း ညပြာ သိုစာပေ*



ခြူးပွင့်က သတင်းထူးတစ်ခုကို ကြားဖြတ်ပြီးပြောပြလိုက်၏။

"ဒီလောက်ကလေးနဲ့ မတင်းတိမ်တဲ့ 'ကြည် - ညို FC' က ဘောလုံးသမားတွေအတွက် ဒီကနေ့ ဝက်သားတစ်ပိဿာ ဝယ်ပြီး သရက်သီးသနပ်နဲ့ ချက်ကျွေးဖို့ အစီအစဉ်ရှိပါတယ်"

"ဝေး . . ."

ခြူးပွင့်ပြောတဲ့ ကြည်-ညို FC ဆိုတဲ့ အသုံးအနှုန်းကို ခြံရံက သဘောကျပြီး ပြုံးနေသည်။

"ကိုကို . . ညတုန်းက ဘာတွေယောင်နေတာလဲဟင်၊ အမေသိလား . . ကိုကိုလေ . . ညတုန်းက သားကို ဦးဦးရအောင် ကယ်မယ်ဆိုပြီး အော်နေတာ"

နိုင်နိုင်ပြောပြတော့မှ ညက သူ့အိပ်မက်ထဲက ကလေးလေးကို သတိရသွားပြီး -

"အဖေနဲ့အမေ . . အိပ်မက်ဆိုတာ တကယ် မှန်တတ်လားဟင် . . ဒါမှမဟုတ် အိပ်မက်က ရှေ့ပြေးနိမိတ်လား . . ညက သားအိပ်မက်ထဲကို ကလေးသေးသေးလေး ရောက်လာတယ် . . ပြီးတော့ သူ့အမေ ဒီနေ့ ဆေးသောက်လိမ့်မယ်လို့ ပြောတယ် . . သူ့ကို ကယ်ပေးပါတဲ့ . . သူ သာသနာပြုဖို့လာတာလို့ ပြောတယ် အမေ . . အရမ်းထူးဆန်းနေတယ်"

*ဆောင်း ညပြာ သိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ခြံရံ့စကားကြောင့် အားလုံးအံ့သြနေကြသည်။

"အေးဟယ်. . ငါ့သားအိပ်မက်က ထူးဆန်းလိုက်တာ၊ ဒါဆို ဒီကလေးလေးက အင်မတန်မှ ဘုန်းတန်ခိုးကြီးမယ့်ကလေးပဲ"

ဒေါ်ကြည်ဝင်းစကား ဆုံးတော့. . ဦးညိုက ဆက်ပြောလာသည်။

"ဟုတ်တယ် သားကြီး. . သူပြောတာအမှန်ဆိုရင်တော့ သား ဒီနေ့ ပိုပြီး သတိထားရတော့မယ်"

"ဒါပေမဲ့ အဲဒီမိန်းမက လူရှေ့သူရှေ့မှာ ဆေးသောက်ပါ့မလား အဖေ. . သူ့ဟာသူ ကျိတ်ပြီးသောက်မှာပေါ့. . အဲဒါဆို သားက ဘယ်လိုလုပ်ပြီး ကယ်ရမလဲ"

"ဟုတ်သားပဲ ကိုညိုရယ်. . ခုခေတ်ဆေးတွေက စွမ်းက စွမ်းနဲ့၊ အဲဒီကလေးမသာ အမေ့သမီးဆိုရင် နားရင်း ဆယ်ချက်လောက် အုပ်ပစ်လိုက်ချင်တယ်. . အဟုတ်ပြောတာ"

ခြူးပွင့်က -

"ရှုပ်ပါတယ် ကိုကိုရာ. . ပြောလို့ တားလို့မရရင် ရဲစခန်းသာ သွားတိုင်ပြီး အချုပ်ထဲထည့်ထားလိုက်တော့. . ဒါဆို သူတို့ ဘယ်လိုမှ ဖျက်ချလို့ မရတော့ဘူး၊ အဲဒါအကောင်းဆုံးပဲ"

"နင် ပြောတာတောင် နောက်ကျနေသေးတယ်. . ငါ စဉ်း





စားပြီးပြီ. . သူ ထောင်ကျတာက အကြောင်းမဟုတ်ဘူး. . ထိပ်ထိပ်လေး ဒုက္ခရောက်သွားမှာပေါ့. . သူ့အမေကို သူ အရမ်းချစ်တာ"

"သူ့ကိုယ်ဝန်က အခု ဘယ်နှလလောက်ရှိပြီလဲ. . ကိုကို"

"ငါ ဘယ်သိမလဲဟ. . ဘာလုပ်မလို့ မေးတာလဲ"

"မဟုတ်ပါဘူး. . ကိုယ်ဝန် လနည်းနည်းရင့်လာရင်. . ဆေးသောက်လည်း ကလေးက ပျက်ကျချင်မှပျက်တာတဲ့၊ တစ်ခါ စာအုပ်ထဲမှာ ဖတ်လိုက်ရတယ်"

"သူက အခုတလော အင်္ကျီပွပွကြီးတွေပဲ ဝတ်တာ. . အရင်ကထက်တော့ ပိုဝလာသလိုပဲ"

ခြံရံက သူမြင်တွေ့သလို ပြောပြတော့ ဒေါ်ကြည်ဝင်းက မေးသည်။

"ဝတယ် ဆိုတာ. . လူတစ်ကိုယ်လုံး ဝလာတာလား. . ဗိုက်နေရာကပဲ ကွက်ပြီး ဝလာတာလား သား"

"သားလည်း မသိတော့ဘူး အမေရာ"

"ဟင်. . ဒါနဲ့ သားပဲ အဲဒီဗိုက်ကို တစ်ချိန်လုံး စောင့်ကြည့်နေတာဆို. . ."

"ဟုတ်တယ်. . ဒီနေ့ စောစောသွားရမယ်. . သားအိပ်မက်သာ တကယ်မှန်နေရင်တော့. . ကလေးမှာ အန္တရာယ်ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခြံရံက ထမင်းကြော်ကို လက်စသတ်ပြီး စမူဆာတစ်ခု ယူစားကာ လက်ဖက်ရည်ကို မော့သောက်ပစ်လိုက်သည်။ ပြီးတော့ . . ထမင်းစားပွဲမှထကာ -

"သား ရေချိုးပြီး သွားတော့မယ်နော်"

"ဟဲ့ . . သား၊ အကြာကြွေး စားသွားဦးလေ"

"မစားတော့ဘူး အမေ . . နောက်ကျနေမှာစိုးလို့"

ကသုတ်ကရက်နဲ့ အလောသုံးဆယ်နိုင်နေတဲ့ သားကိုကြည့်ပြီး ဦးညိုက မှတ်ချက်ချသည်။

"ဩော် . . ငါ့သား . . ငါ့သား . . သူ့ရည်းစားနဲ့ချိန်းထားရင်တောင် အဲဒီလောက် လောနေမှာ မဟုတ်ဘူး"

◆



# (၁၇)

ခြံရံ ထိပ်ဆုံးခုံကြီးကို မော့ကြည့်ပြီး သက်ပြင်းတစ်ချက်ကို ချလိုက်မိသည်။ ဦးမြင့်ဆွေက -

"မောနင်း ခြံရံ . . ဒီနေ့ စောလှချည်လားကွ"

"စောစောနိုးနေတာနဲ့ ထွက်လာခဲ့တာဗျ"

သူနဲ့စကားပြောပြီး ဦးမြင့်ဆွေက ပန်းပင်တွေ ရေလောင်းနေသည်။

ခြံရံက ကားသုတ်နေတုန်း ခြံထဲကို အယ်လီ ဆင်းလာတာတွေ့လိုက်ရသည်။

"ရှုတ် . . ရှုတ် . . အယ်လီ ခဏလာဦးဟ"

တိုးတိုးတိတ်တိတ် သူခေါ်လိုက်တော့ အယ်လီက အနားကိုကပ်လာသည်။

"ဘာလဲ ကိုကြီးခြံရံ"



www.burmeseclassic.com

www.burmeseclassic.com



ခြံရံက ဘေးဘီဝဲယာကို အကဲခတ်ကြည့်ကာ

"ဒီနေ့ . . နင်တို့ မမလေးကို သေချာစောင့်ကြည့်ထားနော်။ တကယ်လို့ ဆေးတွေဘာတွေ သောက်တာတွေ့ရင် ငါ့ကိုလာပြော . . သိလား"

"ဘာဖြစ်လို့လဲဟင်"

"နင်တို့မမလေးမှာ ကိုယ်ဝန်ရှိတယ်ဟ . . အဲဒါကြောင့် ဆေးများသောက်လို့ မရဘူး"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

အယ်လီ ဆိုတဲ့ ကရင်မလေးက အရမ်းရိုးတော့ ဟုတ်ကဲ့လိုက်ပြီး ပြီးသွားသည်။

"ဟုတ်ကဲ့ဆိုပြီး ငါ့ကို လာမပြောဘဲ မနေနဲ့ဦးနော်"

"အင်းပါ . . ဪ . . ခဏနေရင် အန်တီကြီးက သူ့သူငယ်ချင်းအိမ် သွားမလို့တဲ့"

ဒီနေ့တော့ သူ့ဆုတောင်းပြည့်ပြီ ထင်ပါရဲ့။ အန်တီကြီးနဲ့တွေ့ရင် အကြောင်းစုံပြောပြလိုက်တော့မယ်။

ဆယ့်ငါးမိနစ်လောက်ကြာတော့ အန်တီကြီးက ခြံထဲကို ဆင်းလာပါသည်။

"မောင်ခြံရံ၊ အန်တီ့ကို မိုးမိုးတို့အိမ် လိုက်ပို့ပေးပါဦး"





"ဟုတ်ကဲ့ပါ အန်တီ . . ကျွန်တော်လည်း အန်တီ့ကို ပြောစရာရှိတာနဲ့ အတော်ပဲ"

ကားထွက်လာတော့ ဒေါ်ကလျာတင်က မေးပါတော့သည်။

"ကဲ . . ပြောပါဦး . . ဘာပြောစရာရှိလို့လဲ"

"မမနေဇာမှာ ကိုယ်ဝန်ရှိတာ အန်တီသိလားဟင်"

"ဟင့်အင်း . . ဘာမှပြောသံ မကြားဘူး"

အမယ်လေးဗျာ . . ဒီလောက် နည်းပေါင်းစုံနဲ့ ကိုယ်ဝန်ဖျက်ချနေတဲ့ဟာများ မသိဘူးတဲ့။

ဘယ်သိမလဲလေ . . ကိုရိုးယားကားတွေပဲ တစ်ချိန်လုံး ထိုင်ကြည့်နေတာကိုး . . အဖော်ကောင်းရင် ပိုကာက ဒေါင်းရသေးတယ် ဆိုတော့ . . .

"ကျွန်တော် သိသလောက်ဆို မမနေဇာက ကိုယ်ဝန် ဖျက်ချဖို့ ကြိုးစားနေတယ် အန်တီ . . ကျွန်တော်တို့ ဗုဒ္ဓဘာသာလူမျိုးတွေမှာ သူ့အသက်တစ်ချောင်းကို ကယ်ကောင်းပါတယ် အန်တီရယ် . . ပြီးတော့ . . မမနေဇာမှာ တစ်ခုခုထိခိုက်သွားမှာမျိုး ကျွန်တော် မလိုလားဘူး . . ဖြစ်နိုင်ရင် အန်တီကပဲ တားပေးပါလားဗျာ"

"ခက်တော့ နေပါပြီကွယ် . . ကြောင်အိုတော့ ကြွက် မဖေး ဆိုသလိုပေါ့ . . ငါ့သမီးအကြောင်း ငါကောင်းကောင်းသိတယ် မောင်



www.burmeseclassic.com

www.burmeseclassic.com



ခြံရံ. . ဘူးဆို ဖရုံသီးတာ မဟုတ်ဘူး၊ သူ မလိုချင်ဘူးဆိုရင် သိကြား မင်း ဆင်းတားတောင် ရမှာ မဟုတ်ဘူးကွဲ့"

အားကိုးရာမဲ့သွားသလို ခံစားလိုက်ရသည်။

"လုပ်ပါ အန်တီရယ်. . . အဲဒီကလေးလေးကလေ ညတုန်းက ကျွန်တော့်ကို အိပ်မက်ပေးတယ်. . ချစ်စရာကြီး အန်တီရာ၊ သူ့ အသက်ကို ကယ်ပါလို့ပြောတယ်. . သူက သာသနာပြုဖို့ လာတာတဲ့"

ဒေါ်ကလျာတင်က ခြံရံ့ကို စေ့စေ့ကြည့်ကာ အံ့ဩနေပုံပြင်

"နင် တကယ်ပြောနေတာလား ခြံရံ"

"တကယ်ပြောတာပါ အန်တီ. . ကလေးက သနားစရာလေး ပါဗျာ"

"သူ ကလေးကို မလိုချင်တာ ထိပ်ထိပ်လေးကို ကြောက်လို့ များလား. . အေးလေ. . ထိပ်ထိပ်ကို ဖျောင်းချပြီး ပြောကြည့်ရမှာပဲ"

"အဲဒီအတွက်တော့ မပူပါနဲ့ အန်တီ. . ကျွန်တော်နဲ့ထိပ်ထိပ် ကတိလုပ်ပြီးသား၊ သူ လက်ခံသွားပြီ အန်တီ"

"တကယ်လို့များ. . အန်တီ့သမီးရဲ့ ဆုံးဖြတ်ချက်က အကျိုး အကြောင်းခိုင်လုံမှုရှိတယ်ဆိုရင်တော့ အန်တီတို့က လက်ခံပေးရလိမ့် မယ် မောင်ခြံရံ"

"ခင်ဗျာ"

ဆောင်းညပြာသိစာပေ



မမျှော်လင့်တဲ့အချိန်မှာ ရန်သူ့ဆီက ချောင်ခိုပြီး တိုက်ခိုက် ခံလိုက်ရသလို ထိချက်ပြင်းစေတဲ့ စကားမျိုးပါ။

ဘယ်လိုစိတ်ဓာတ်နဲ့ ဘယ်လိုမိသားစုမျိုးလဲဟု စိတ်ရှိလက် ရှိသာ အော် အော်ပြီး မေးလိုက်ချင်သည်။

"ပိုက်ဆံမရှိလို့ဆိုတဲ့ အကြောင်းပြချက်ကလွဲရင် ဘာများဖြစ် နိုင်မလဲ အန်တီ. . မမနေဇာတို့အနေအထားမျိုးက ကလေးတစ်ဒါဇင် လည်း မွေးနိုင်ပါတယ်"

မခံနိုင်လို့ ပေါက်ကွဲထွက်လာတဲ့ စကားသံတွေက နည်းနည်း တော့ ရိုင်းချင် ရိုင်းသွားလိမ့်မည်။ ပမာမခန့်နိုင်ချင်နိုင်နေလိမ့်မည်။ အဲဒါကို ဒေါ်ကလျာတင်ကလည်း သည်းမခံနိုင်တော့။

"တော်ပြီကွယ်. . မင်းစကားတွေက စည်းတွေ ဘောင်တွေ ကျော်လာပြီ. . ငါ ဒီထက်ပိုပြီး နားထောင်မပေးနိုင်တော့ဘူး၊ ငါတို့ ရဲ့အိမ်တွင်းရေးကို ဒီလောက်ပဲ စွက်ဖက်ချင်ရသလားကွယ်"

"စွက်ဖက်သလိုဖြစ်သွားရင် sorry ပါ အန်တီ. . ကျွန်တော် လူသားတစ်ယောက်အနေနဲ့ တန်ဖိုးရှိတဲ့ အသက်တစ်ချောင်းကို ကယ် တင်နေတာပါ"

အဘွားကြီးဆီက ဘာစကားမှ ထပ်ထွက်မလာပေမဲ့ မျက်နှာ ထားက တင်းမာနေတော့ သိပ်ပြီး ကျေနပ်ပုံမရပါ။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအကျိုးဆက်က ဒီမှာတင် ရပ်မနေပါ။

ပြဿနာက ရက်မဆိုင်းဘဲ သူ့ဆီကို တည့်တည့်ကြီးရောက်လာခဲ့သည်။

မမနေဇာက ခေါ်ခိုင်းလို့ဆိုပြီး အယ်နီက လာခေါ်လို့ သူ အိမ်ကြီးထဲ လိုက်သွားခဲ့သည်။

နေဇာမင်းခေါင်က ဆိုဖာပေါ်မှာ ခြေချိတ်ပြီး ထိုင်နေရာမှ သူ့ကို မြင်လျှင် ခနဲ့တဲ့တဲ့လေသံဖြင့် ကလိသည်။ စကားနာထိုးသည်။

"လူဝင်မှုကြီးကြပ်ရေးက အရာရှိကြီး ရောက်လာပြီကိုး. . . ကဲ. . ဆိုစမ်းပါဦး၊ ငါ့ကွယ်ရာမှာ ငါ့အကြောင်းပြောလိုက်ရတာ တော်တော်မှ အားရရဲ့လား"

ဒါ ဒေါ်ကလျာတင်ရဲ့စနက်မှန်း သူသိလိုက်ရပြီ။

"အန်တီ သိသင့်တယ် ထင်လို့ ကျွန်တော်က အသိပေးပြီး အကူအညီတောင်းကြည့်တာပါ. . ကျွန်တော့်ကို ကလေးလေး တစ်ယောက်က အကူအညီတောင်းထားတယ် မမလေး. . သူ့အသက်ကို ကယ်ပါတဲ့. . သူ သာသနာပြုဖို့ လာတာလို့ ပြောပါတယ်"

သူ့စကားဆုံးတော့ မမနေဇာက တဟားဟားဖြင့် ခွက်ထိုးခွက်လန်ရယ်ပါသည်။

"မင်းက တော်တော် ယုံတမ်းစကားပြောတတ်တဲ့ ချာတိတ်





ပါလား. . ကဲ. . ဘာတွေ ဆက်ရှိဦးမလဲ. . လုပ်ပါဦး၊ ငါနားထောင်ကြည့်ရအောင်"

ခံလည်း ခံပြင်းပါသည်။ ရင်လည်း နာရပါသည်။ မေတ္တာခြုံပြီး လုံနေတဲ့ သူတို့လို ဆင်းရဲသားတွေရဲ့အိမ်နဲ့ မေတ္တာပျက်လို့ စိတ်ဓာတ်တံခါးပါ ပျက်နေတဲ့ မမနေဇာတို့လို သူဌေးတွေရဲ့အိမ်က အကွာကြီး ကွာပါလိမ့်မည်။

"ခုချိန်မှာ ယုံတမ်းပြောဖို့ ကျွန်တော် စိတ်မဝင်စားဘူး မမလေး. . ကျွန်တော်က ဒဲ့တိုးပဲပြောချင်တာ၊ ဒီကလေးလေးကို မသတ်ပါနဲ့. . ဘယ်လိုနည်းနဲ့ပဲ ဖျက်ချဖျက်ချ ဒါဟာ လူသတ်မှုဆိုတာ မမေ့ပါနဲ့. . ကျွန်တော် ဒါပဲ ပြောချင်တယ်"

အံကြိတ်ပြီး သွားကြားက ထွက်လာတဲ့လေသံနဲ့ သူပြောလို့ အပြီးမှာ နေဇာက ရင့်သီးစွာ စိန်ခေါ်လာလေသည်။

"ဒီကလေးဟာ မင်းပိုင်တဲ့ကလေး မဟုတ်ဘူး ခြံရဲ့ ငါ့ကလေး၊ ငါပိုင်တဲ့ ကလေးမို့လို့ ငါလိုချင်ရင် ခေါ်မယ်. . မလိုချင်တဲ့အခါ နှင်မယ်. . ဒါပဲ၊ ခုနက မင်းပြောတယ်နော်. . လူသတ်မှုဆိုလား. . ငါ့ကိုလာပြီး ဖြဲခြောက်မနေနဲ့. . ဟောဒီမှာ တွေ့လား. . ဆေး၊ သောက်ချလိုက်တာနဲ့ ဒီကလေးက ငါ့ဆီ လာစရာအကြောင်းမရှိတော့ဘူး၊ ငါဆိုတဲ့ ကောင်မက သိပ်ရွှတတ်တာ. . မလုပ်နဲ့လို့ ပြောလေ လုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လေပဲ. . ကဲ. . အဲဒီဆေးကို မင်းမျက်စိရှေ့မှာကို သောက်ပြဦးမှာ. . မြင်အောင် ကြည့်သွားလိုက်ဦး. . မနက်ဖြန် ဒီအိမ်ရိပ်ကို မင်း လာနင်းစရာမလိုတော့ဘူး. . မင်းကို ငါ အလုပ်ထုတ်လိုက်ပြီ၊ ရော့. . ဒီမှာ မင်းလုပ်အားခ. . ယူသွား"

ခြံရှံက နေဇာ ဘာပဲပြောပြော စိတ်မဝင်စားပါ။ သိမ်းငှက်တွေလို အလွန်ရှင်တဲ့မျက်လုံးတွေနဲ့ နေဇာ့လက်ထဲက ဆေးကိုသာ စောင့်ကြည့်နေပါသည်။

ပိုက်ဆံတစ်အုပ်ကို နေဇာက ပစ်ချပြီး ပေးပေမယ့် သူစိတ်မဝင်စားပါ။

သူ့လက်တွေကို အဆင်သင့်ပြင်ထားမိသည်။ ပြောပြောဆိုပင် နေဇာက သူမလက်ထဲက ဆေးကို ပါးစပ်ထဲထည့်မလို့ ပြင်ပါသည်။ ရေခွက်ကိုလည်း လက်တစ်ဖက်က လှမ်းယူနေပြီ။

လျှင်မြန်တဲ့အရှိန်နဲ့ နေဇာ့လက်ကို သူ ပုတ်ချလိုက်သည်။ ဆေးက အောက်ကိုလွင့်ကျသွားစဉ် အမြန်ကောက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ပစ်ချလိုက်သည်။

"ဟဲ့. . နင်. . နင်. . ဒါ ဘာလုပ်တာလဲ. . အတင့်ရဲလှချည်လား. . ဟင်. . သွား. . ထွက်သွား. . ငါ့အိမ်ထဲက အခုထွက်သွား"

နေဇာက ကျားရဲမလေးတစ်ကောင်လို မာန်ဖီပြီး သူ့ကို နှင်





ထုတ်နေသည်။ သူကလည်း ခြင်္သေ့တစ်ကောင်လို အားမာန်အပြည့်ဖြင့် –

"မသွားနိုင်ဘူး. . ကျွန်တော့်အသက်ရှင်နေသရွေ့ ဒီကလေးမသေစေရဘူး. . ကျွန်တော် သစ္စာဆိုထားတဲ့အတွက် ဒီကလေးကို ရအောင်ကယ်မှာ၊ နောက်တစ်ခါ. . ဒီကလေးကို ဖျက်ချရင် မမလေးလည်း ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံရမယ်ဆိုတာ မြဲမြဲမှတ်ထား. . ကျွန်တော် ရဲမတိုင်ဘူးလို့ အာမ မခံနိုင်ဘူး. . မမလေးရဲ့လုပ်ရပ်အပေါ်မှာပဲ မူတည်တယ်. . အဲဒီငွေတွေ ပြန်သိမ်းထားလိုက်ပါဦး၊ ဒီကလေး မမွေးသေးသရွေ့ ကျွန်တော် ဒီအိမ်က ခွာမှာ မဟုတ်ဘူး. . အလုပ်မရှားပေမယ့် ကျွန်တော့်ယုံကြည်ချက်တစ်ခုကြောင့် ခဏတော့ တွယ်ကပ်နေပါရစေဦး"

ပြောချင်ရာ ပြောပြီး ချာကနဲ သူ လှည့်ထွက်လာခဲ့မိသည်။ ဒီနေ့လည်း ဒီကလေးလေးကို သူကယ်လိုက်နိုင်ပြီဆိုပြီး ရင်ထဲမှာ ပီတိတွေ ဖြာနေသည်။ နေဇာဆိုတဲ့ မမ ဘီလူးဆိုင်းတီးပြီး ကျန်ခဲ့မယ်ဆိုတာ ပြောစရာကို မလိုပါ။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ညကိုးနာရီမှာ သူတို့တစ်မိသားစုလုံး ဘုရားရှိခိုးပြီး အိပ်ရာဝင်ကြပါသည်။

ဆယ့်နှစ်နာရီကျော်လောက်မှာ ခြံရုံရဲ့ဟန်းဒ်ဖုန်းက အသံမြည်လာသည်။

ခြံရုံက အိပ်ချင်မူးတူးနဲ့ ဖုန်းကိုင်လိုက်စဉ် တစ်ဖက်မှ ဒေါ်ကလျာတင်က အသံတွေ တုန်ကာ -

"မောင်ခြံရုံ . . မင်း အခုချက်ချင်း အန်တီတို့အိမ် လာခဲ့နော်။ အရမ်းအရေးကြီးလို့ပါကွယ် . . Taxi နဲ့သာ လာခဲ့ပေးပါ . . အန်တီ ပိုက်ဆံပြန်ပေးပါ့မယ် . . ထိပ်ထိပ်အမေကို ဆေးရုံတင်မှရမယ် . . သူ . . သူ အခြေအနေမကောင်းဘူးကွယ့် . . ဟင့် . . ဟင့်"

"ခင်ဗျာ"

ခြံရုံက ဝေါက်ခနဲ ထထိုင်မိသည်။

ဆောင်းညပြာသိစာပေ



ဒီမိန်းမ ရအောင် လုပ်ချလိုက်ပြန်ပြီ။ ကလေးလေး ဘာဖြစ်သွားပြီလဲ။

"ဟုတ်ကဲ့ အန်တီ . . ကျွန်တော် ခုချက်ချင်းထွက်လာပြီ"

ဖောကပ်နေပြီမို့ ညဝတ်အကျီပင် သူ မလဲအားဘဲ ပိုက်ဆံအိတ်ကိုယူကာ ပြေးဆင်းလာခဲ့မိသည်။

ဘုရားသိကြားမ,လို့ ကလေးလေး အသက်ချမ်းသာပါစေ . .

လမ်းထိပ်မှာ Taxi တစ်စီးတားပြီး စီးကာ ဒေါ်ကလျာတင်ဆီ သူဖုန်းပြန်ခေါ်လိုက်သည်။

"အန်တီ . . ကျွန်တော် နာရီဝက်အတွင်းရောက်မယ် . . လောလောဆယ် မိသားစုဆရာဝန်ဖြစ်ဖြစ် ခေါ်ပြီး ကုထားတာ ပိုပြီးစိတ်ချရမယ် ထင်လို့"

"ပြပြီးပြီ . . သူက ဆေးရုံတင်ခိုင်းတာကွဲ့"

ဘုရား . . ဘုရား . . အခြေအနေက တော်တော် ဆိုးနေလို့လား . .

အဲဒီအိမ်ကို သူ ရောက်သွားတော့ နေဇာမင်းခေါင်က ကားပေါ်မှာ အဆင်သင့်ရောက်နေပြီ။

သွေးတွေလည်း ဆင်းနေသည်။

မျက်နှာက ဖြူဖပ်နေပြီး သွေး မရှိတော့။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



သတိလစ်နေပြီ။

ခြံရှံက ကားပေါ်ခုန်တက်ပြီး -

"ကဲ. . ဘယ်သူလိုက်မှာလဲ. . မြန်မြန်တက်ကြ. . . အရေးကြီးတယ်"

ဒေါ်ကလျာတင်၊ ကြီးစိုးနဲ့ မိလှိုင်တို့ ကားပေါ်တက်ကြသည်။ ခြံရှံက ကားစက်နှိုးကာ ကားကို ခြံထဲမှ တရကြမ်း မောင်းထွက်လာခဲ့သည်။

ခုအချိန်မှာ လူနှစ်ယောက်ရဲ့အသက်နဲ့ ဆိုင်နေပြီ။ သိပ်ကို အရေးကြီးနေပြီ။

ထိပ်ဆုံးခြံနဲ့အနီးဆုံးဖြစ်မည့် ( . . . . . . ) အထူးကုဆေးခန်းသို့ သူ မောင်းလာခဲ့သည်။ Emergency Room မှ တာဝန်ကျ ဆရာဝန် ဆရာဝန်မများက နေဇော့ကိုစမ်းသပ်ကြပြီး

"အားလုံးပဲ ကျေးဇူးပြုပြီး အပြင်ထွက်ပေးကြပါ"

သူတို့ နေဇော့ကို ကုသမှုတွေ စပြီး လုပ်နေကြပြီ။ ခြံရှံက သူရသမျှ ဘုရားစာတွေ အကုန်လုံးကို ရွတ်နေမိသည်။

ဒေါ်ကလျာတင်က အခုမှ မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့

"အန်တီ့သမီးလေး ဘာမှမဖြစ်ပါဘူးနော်၊ သူ. . သူ သတိပြန်ရလာမှာပါနော်"





ခြံရှံက အကွက်ဝင်လာတုန်း

"အဲဒါကြောင့် ကျွန်တော် တားတာပါ အန်တီရယ်. . အခန့်မသင့်ရင် ကလေးရော လူကြီးပါ အသက်ဆုံးရှုံးသွားနိုင်တယ်. . အခုတော့ ဘယ်လိုလာမလဲ မသိသေးဘူး"

အဘွားကြီးလည်း သူ့အပြစ်နဲ့သူမို့ ခုံတစ်ခုံမှာ ငြိမ်ငြိမ်လေး သွားထိုင်ပြီး ပါးစပ်ကလည်း ပွစိပွစိလုပ်နေသည်။

တစ်နာရီလောက် ကြာတော့ ဆရာဝန်မလေးတစ်ယောက် ထွက်လာကာ -

"နေဇာမင်းခေါင်ရဲ့လူနာရှင်တွေ ရှိပါသလား"

သူ့ရှင်တွေ တုန်သွားသည်။ ဒေါ်ကလျာတင်က -

"ရှိပါတယ်ရှင်"

"လူနာ သတိရနေပါပြီ"

"ကလေးရော. . အထဲက ကလေးလေး ဘာဖြစ်သွားသေးလဲဟင် ဆရာမ"

သူ့ရဲ့အလောသုံးဆယ်မေးခွန်းကို ဆရာဝန်မလေးက-

"ကလေးက ပျက်ကျမသွားပါဘူး. . သူ့ကိုယ်ဝန် လရင့်သွားတာလည်း ပါတယ်. . နောက်ပြီး ဒီကလေးရဲ့ဘုန်းကံက ကြီးနေလို့လည်း ဖြစ်နိုင်တယ်. . ဒါပေမယ့် မွေးလာတဲ့အခါ တစ်ခုခု ချို့ယွင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်လည်း ချိုးယွင်းသွားနိုင်တယ်. . ဒါကတော့ ကလေးရဲ့ကုသိုလ်ကံပဲ. . အမေ ဖြစ်သူက မလုပ်သင့် မလုပ်အပ်တဲ့ ကိစ္စကို လုပ်ခဲ့တယ်လေ. . . အန်တီက သူ့အမေဆိုရင် နောက်တစ်ခါ ဒီလိုကိစ္စမျိုး ထပ်ပြီး မဖြစ်အောင် တာဝန်ယူပေးပါ"

ဒေါ်ကလျာတင်နဲ့ ဆရာဝန်မလေး ဘာတွေဆက်ပြီး ပြောနေသလဲဆိုတာ သူ မကြားတော့။

ကလေးလေး အသက်ရှင်နေသေးတယ် ဆိုတဲ့ အသိနဲ့ အူမြူးနေရပြီ။

ဒီအခြေအနေလောက်ဆို နေဇာမင်းခေါင် ဆိုတဲ့. . အသိတရားမရှိတဲ့မိန်းမလည်း မှတ်လောက်သားလောက်တော့ ရှိသွားရောမည်။ စိတ်ထင်တိုင်း ကြဲရမည် မထင်တော့။

နောက်ဆက်တွဲ သူ ကြားလိုက်တာကတော့. .

"ဒီကို အချိန်မီရောက်လာလို့ တော်သေးတာပေါ့. . မဟုတ်ရင် အမေရော ကလေးပါ ဒုက္ခရောက်တော့မှာ"

သား တာဝန်ကျေပါတယ်နော် အဖေ. . အခုဆို သား လူ့အသက်နှစ်ချောင်းကို ကယ်တင်လိုက်နိုင်ပြီ။

အဖေ ပြော. . ပြောနေသလို သားလည်း လူပီသတဲ့ လူတစ်ယောက် ဖြစ်လာပြီထင်ပါရဲ့။





စိတ်နှလုံး ဖွံ့ဖွံ့ချပြီး နောက်နေ့ညတွေမှာ သူ အိပ်လို့ပျော်ပါပြီ။

ကျန်းကျန်းမာမာနဲ့ ရှိနေသေးတဲ့အတွက်. . . ကျေးဇူးတင်ပါတယ် မမနေဇာ. .

ဒါမှ ဗိုက်ထဲက ကလေးလေးကို မွေးပေးနိုင်မှာလေ. .

◆



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ခြံရုံပြောပြတာတွေ ကြားပြီး အမေက သုံးသပ်ပါသည်။

"ဖြစ်တည်လာတဲ့ သတ္တဝါတိုင်းမှာ . . သူ့ရဲ့အကြောင်းကံက ပါလာပြီးသားပါ သားရယ် . . သူတို့ ဘယ်နည်းနဲ့ပဲ ဖျက်ချဖျက်ချ . . ကလေးရဲ့ဘုန်းကံက ကြီးလွန်းတော့ ဘယ်ရမလဲလေ . . ကြည့်နေပါ သားရယ် . . ကံကြမ္မာက သူတို့ကို ဘယ်လိုဒဏ်ခတ်မလဲဆိုတာ"

ဒေါ်ကြည်ဝင်းက အကျီကြယ်သီးတပ်နေရင်း

"အဆိုးထဲက အကောင်းပေါ့ ကိုညီရယ် . . . ကလေးလေး အသက်ရှင်နေသေးတာပဲ ကျေးဇူးတင်ရမယ်"

"သားကတော့ အပြည့်အဝ မပျော်နိုင်သေးဘူး အမေ . . ဒီ ကလေးလေးက တစ်ခုခုချို့ယွင်းပြီးလည်း မွေးလာနိုင်ဘယ်တဲ့ . . အဲဒါ ဆို သား ကယ်ထားရတာ ဘာအဓိပ္ပာယ်ရှိတော့မလဲ . . လူ့ဘဝထဲကို လာလို့တော့ ရပါရဲ့ . . သူ့ကို ဒုက္ခပေးသလိုဖြစ်နေမှာပေါ့"





"အဲဒါကတော့ . . သူ့ဘဝအကျိုးပေးလို့ပဲ ဆိုရမှာပေါ့ သား ရယ်"

ဒေါ်ကြည်ဝင်းက ခြံရုံ့ကို နှစ်သိမ့်စကား ဆိုနေစဉ် ခြူးပွင့် က -

"ကိုကို . . ဒီနေ့ ဘာနေ့လဲ သိလား"

ဟု မချိုမချဉ်မျက်နှာပေးဖြင့် မေးလာသည်။

"ဟင့်အင်း . . ဘာနေ့လဲဟ"

"ကိုကို့မွေးနေ့လေ . . စိတ်ညစ်တာတွေ၊ စိတ်ပျက်တာတွေ ခဏ ဘေးဖယ်ထားပြီး မွေးနေ့ပါတီလေး ကျင်းပလိုက်ရအောင် . . . ဘာပဲပြောပြော နောက်ဆုံးတော့ ဒီကလေးလေးကို တို့အစ်ကိုကြီးက ကယ်နိုင်လိုက်ပြီပဲ . . အဲဒီ အောင်မြင်မှုအတွက်လည်း ဂုဏ်ပြုပေးရ မှာပေါ့"

♫ Happy Birthday To You...

Happy Birthday To You... ♫

ကိတ်မုန့်ဝိုင်းလေးကိုင်ပြီး မွေးနေ့ဆုတောင်းသီချင်းကို သံ ပြိုင်ဆိုလာကြတဲ့ ညီလေး ညီမလေးတွေကြောင့် သူ့ရင်မှာ ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ချမ်းမြေ့ရပါသည်။ ရင်ထဲမှာ အပူတွေ များလွန်းတော့.. စိတ်ဖိစီးပြီး ကိုယ့်မွေးနေ့ ကိုယ်မေ့နေသည့်အဖြစ်။

မွေးနေ့ကိတ်ပေါ်က ဖယောင်းတိုင်လေးတွေကို မီးမှုတ်ပြီး နောက်မှာတော့ ခြူးပွင့်က -

"ဒီနေ့တော့ ကိုကို့အတွက် အိမ်မှာ အုန်းထမင်းနဲ့ကြက်သားဟင်း ချက်ထားတယ်.. ငပိကြော်နဲ့ ချဉ်ပေါင်ရွက်ဟင်းချို။ ဘယ်လိုလဲ.. ကိုကို့အကြိုက်တွေပဲ မဟုတ်လား"

"ငါ့ညီမလေးက အလိုက်သိလိုက်တာကွာ.. နေဦး ထမင်းမစားခင် အဖေနဲ့အမေ့ကို ကန်တော့ရဦးမယ်"

ခြံရဲ့နောက်မှာ အငယ်ကိုးယောက်ကပါ ဝိုင်းထိုင်ပြီး ကန်တော့မလို့ ပြင်ကြသည်။ ခြံရံက လက်အုပ်ကလေးချီကာ အရှေ့မှတိုင်ပေးသည်။

"အဖေနဲ့အမေတို့ရဲ့ဂုဏ်ကျေးဇူးကိုရည်စူး၍ ပထမအကြိမ်မြောက် ကန်တော့ပါသည်"

ထိခြင်းငါးပါးဖြင့် ဦးတစ်ကြိမ်ချကြသည်။ ဆက်ပြီး ခြံရံက

"ဘဝသံသရာအဆက်ဆက်မှ ယခုအချိန်ထိ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်ခဲ့သည်ရှိသော် ခွင့်လွှတ်ပါရန် တောင်းပန်၍ ဒုတိယအကြိမ်မြောက် ကန်တော့ပါသည်"





ဒုတိယအကြိမ် ဦးချကြပါသည်။

"သားတို့ သမီးတို့ကို ဘယ်အချိန်မဆို ဘယ်နေရာမှာမဆို ဆုံးမသွန်သင်ပေးပါရန် အပ်နှံ၍ တတိယအကြိမ်မြောက် ကန်တော့ပါသည်"

တတိယအကြိမ် ဦးချကြသည်။

'ဂုဏ်၊ တောင်း၊ အပ်'ဆိုတဲ့ ကန်တော့နည်းဟာ အစိပ္ပာယ်ပြည့်ဝလွန်းလို့ ဗုဒ္ဓဘာသာဝင်တိုင်း ကန်တော့အပ်တဲ့နည်း ဟု ခြံရံထင်သည်။

ဦးညိုနဲ့ဒေါ်ကြည်ဝင်းက ကန်တော့မနေတဲ့ သားသမီး ဆယ်ယောက်ကိုကြည့်ပြီး မျက်ရည်များဝဲကာ ဆုတွေပေးကြသည်။ ဦးညိုက ဆုံးမစကား ပြောသည်မှာ -

"အဖေ့သားသမီး ဆယ်ယောက်မှာ နောင်တစ်ချိန် ဆင်းရဲသူ ရှိနိုင်သလို ချမ်းသာတဲ့သူတွေလည်း ရှိလာနိုင်တယ်၊ အဲဒီအချိန်ကျရင် အဖေက အခုလိုမျိုးစကား ပြောလို့ မရတော့ဘူး၊ အဲဒါကြောင့် အခု.. အားလုံး တစ်ပြေးညီတည်းရှိတုန်းမှာ အဖေ ပြောချင်တယ်.. မေတ္တာတရားနဲ့ နေပါ.. ကိုယ်ချင်းစာစိတ်လေး ထားပါ.. အပြိုးအတေးမထားပါနဲ့၊ ဖြတ်လမ်းက မတက်ချင်ကြနဲ့.. ရိုးရိုးသားသားနဲ့ ကြိုးစားကြပါ.. တစ်နေ့ကို ထမင်းနှစ်နပ်ပဲ စားကြရတာလေ.. ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူတွေ လောဘတက်ကြတယ်၊ တချို့ဆို. . မိသားစု၊ မောင်နှမချင်းတောင် သတ်မယ်၊ ဖြတ်မယ် ဖြစ်နေကြတာ. . ကဲ. . . ဘယ်လောက် ကြောက်ဖို့ကောင်းသလဲ. . သေရင် ကိုယ့်နောက် မပါတာလည်း ဒီငွေပဲ. . ဒါလေးတစ်ခုတော့ အမြဲတမ်း ခေါင်းထဲ ထည့်ထားကြကွယ့်"

"ဟုတ်ကဲ့ပါ အဖေ"

"အဖေ. . ငွေဆိုလို့ ပြောရဦးမယ်. . သားကို အလုပ်ထုတ်မယ်လို့ပြောပြီးကတည်းက လစာမထုတ်ပေးတော့ဘူး. . အဲဒါကြောင့် ဒီလ သား အဖေတို့ကို မကန်တော့နိုင်တာပါ"

သူ တကယ် စိတ်မကောင်းဖြစ်မိတာမို့. . ခုလိုမျိုး ဖွင့်ပြောလိုက်ရတာပါ။

သူ့ရဲ့ဝင်ငွေဟာ ဒီအိမ်အတွက် တစ်ထောင့်တစ်နေရာကနေ ပံ့ပိုးနိုင်မှန်း သူသိတာပေါ့။

"ဒီမယ်. . သား၊ သားကို အဖေ ဘာပြောထားလဲ. . ပိုက်ဆံမရရင် နေပါစေ. . ဒီကလေးလေး အပြင်မရောက်မချင်း သားအလုပ်က မထွက်ရဘူး. . ငွေအတွက် သား စိတ်မကောင်း မဖြစ်နဲ့. . တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သူတို့ နားလည်လာလိမ့်မယ်. . အဲဒီနေ့ကိုတော့ ငါ့သား စိတ်ရှည်ရှည်နဲ့ စောင့်ပေတော့"





"သား. . နားလည်ပါပြီ အဖေ"

"ကဲ. . ကဲ. . အားလုံး ဗိုက်ဆာနေကြပြီ. . ထမင်းစားကြရအောင်"

မွေးနေ့မှာ သူက အဖေနဲ့အမေ့ ပန်းကန်ထဲကို. . အသည်းအမြစ်တွေ ထည့်ပေးကာ ဦးချပြီး၊ အငယ်လေးတွေက သူ့ပန်းကန်ထဲကို ဦးချကြသည်။

ဒီလိုနွေးထွေးမှုမျိုးကို ဘယ်လိုစည်းစိမ်နဲ့မှ သူ မလဲနိုင်တာ သေချာနေပါပြီ။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

နောက် ခြောက်လခန့်ကြာသော် . . . .

သူဌေးမ ဒီနေ့ ကလေးမွေးပြီဆိုတော့ သူ့စိတ်တွေ လှုပ်ရှားနေသည်။

ကလေးလေး အခြေအနေကောင်း မကောင်း သူ အရမ်းသိချင်နေသည်။

ထမင်းချိုင့်ပို့တဲ့အချိန်ကျမှ သူသွားရမှာဆိုတော့ ဆေးရုံက ပြန်လာမယ့် တစ်ယောက်ယောက်ကိုသာ မျှော်နေရတော့သည်။ ဦးမြင့်ဆွေကို မေးတော့လည်း သူ ဘာမှမသိဘူးတဲ့။

နှစ်နာရီလောက်အကြာမှာတော့ ကြီးစိုးနဲ့ ထိပ်ထိပ်လေး ပြန်ဆင်းလာပါသည်။

ထိပ်ထိပ်က သူ့ဆီ ပြေးလာပြီး

"ဦးဦး၊ မောင်လေးက ခြေတိုတိုလေးနဲ့ချစ်စရာကြီး သိလား"





ထိပ်ထိပ်စကားကို ရုတ်တရက် သူ နားမလည်ပါ။

ကြီးစိုးက မျက်နှာမကောင်းစွာနဲ့ဘဲ သူ့ကို မျက်ရိပ်ပြကာ ခေါင်းခါပြနေပြီမို့ -

"သမီးလေး မောလာပြီပေါ့. . အယ်နီတို့နဲ့ သွားဆော့လိုက်ဦးနော်. . . သမီး"

ထိပ်ထိပ်ထွက်သွားတော့မှ ကြီးစိုးက မျက်ရည်လေး ဝဲကာ ပြောပြလာသည်။

"ကလေးက အသက်တော့ ရှင်ပါရဲ့. . ခြေထောက်ကလေး တစ်ဖက်က ဒူးအထက်က ပြတ်နေတယ် သားရယ်. . ခြေတိုလေးဖြစ်နေတာပေါ့. . ကြီးစိုးဖြင့် စိတ်မကောင်းလွန်းလို့ ဆက်ပြီး မကြည့်ရက်တော့ဘူး"

ကြီးစိုးစကားကို ကြားပြီး ခဏမှာ ယူကြုံးမရတဲ့စိတ်တွေနဲ့

"သိတယ်. . ဒီလိုဖြစ်မယ်ဆိုတာ သိနေလို့ ကျွန်တော် လိုက်မြီးတားပါသေးတယ်. . အခုတော့ဗျာ. . ဘာမှအပြစ်မရှိတဲ့ ကလေးလေးတစ်ယောက် ကမ္ဘာမြေပေါ်မှာ လွတ်လွတ်လပ်လပ် ပြေးလွှားနိုင်ပါတော့မလား၊ တော်တော်ရက်စက်တဲ့ အမေပဲဗျာ. . အခု သူ့ကလေးကို သူတွေ့ပြီးပြီလား ကြီးစိုး"

ကြီးစိုးက မဲ့ကာရွဲ့ကာဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



"သူ့ယောက်ျား ဆိုတဲ့ဟာကြီးက ကလေးကို နို့ဗူးပဲ တိုက်ခိုင်းပြီး တခြားအခန်းမှာ ခွဲပြီးထားခိုင်းတယ် တော်ရေ့. . အံ့ရောပဲ. . သူ့ဘဝမှာ သူ့မိန်းမက နံပါတ်တစ်ဆိုပဲ. . ဒီကလေးကို မြင်ရင် သူ့မိန်းမ သေသွားလိမ့်မယ် တဲ့. . တော်ကြာ ရုပ်ရှင်ကားတွေထဲကလို စွန့်မျှား ပစ်ဦးမလား မသိပါဘူး. . ကလေးအပေါ်မှာ ဧွေးထွေးမှုဆိုတာ တစ်စက်မှမရှိဘူး. . ကလေးက nurse နဲ့ပဲ နေနေရတာ"

ကြားရတာ စိတ်ချမ်းသာစရာ တစ်ကွက်မှမရှိပါလား။

"ကျွန်တော် သွားကြည့်ချင်တယ် ကြီးစိုး. . အခု သွားကြည့်လို့ရလားဟင်"

"ခဏလေး စောင့်ပါ မောင်ခြံရံရယ်. . ကြီးစိုး ထမင်းချိုင့်ယူပြီး ပြန်လိုက်ခဲ့ပါရစေဦး. . တစ်နာရီတော့ စောင့်ကွယ်. . ထိပ်ထိပ်လေးအတွက် စီစဉ်ပေးခဲ့ချင်လို့"

ထိပ်ထိပ်လေးက ကံကောင်းတာလား. . ကံဆိုးတာလား. . မိဘတွေရဲ့ ချစ်ခြင်းမေတ္တာကို မရပေမဲ့ အထိန်းတော်တွေက သဲသဲလှုပ်ချစ်နေကြတာ. . .

ပြီးတော့. . သူ့လို driver တစ်ယောက်က ထိပ်ထိပ်လေးကို ကိုယ့်ညီမလေးအရင်းလိုမျိုး ချစ်သေးတာပဲ။

လောကကြီးမှာ စိတ်က အရာရာဦးဆောင်တယ်ဆိုတာ. .

*ဆောင်းညာပြာ သိုစာပေ*



အမှန်ပါပဲ။ လူသတ်သမားတွေ ဘာကြောင့် လူသတ်မိသလဲ၊ တခဏလေး စိတ်လွတ်သွားရုံနဲ့. . ဒီလိုကြေကွဲစရာအဖြစ်ဆိုးတွေ ဖြစ်ပေါ်လာတာ. .

စိတ်ရိုင်းကလေးကို သတိလေးကပ်ပြီး ချုန်းအုပ်နိုင်မှ ဘဝဘဝတွေ လှကြမှာ. . ငြိမ်းကြမှာ. .

ကြီးပြင်း ရှင်သန်ရာ၊ တည်မှီရာ ဝန်းကျင်ကလည်း အရေးကြီးတာပဲ။ ပဲ့ပြင်ထိန်းကျောင်းပေးမယ့်သူ မရှိရင် ဒေဝဒတ်နဲ့ အဇာတသတ်လို ဖြစ်ကုန်မှာပေါ့။

သာသနာပြုဖို့ လာတဲ့ ကလေးလေးတစ်ယောက်ဟာ သူ့အမေအရင်းရဲ့ ရက်ရက်စက်စက် လုပ်ကြံမှုကြောင့် အသက်ကလေး ရှင်သန်ခွင့်ရပေမဲ့ ဒုက္ခိတ လူစဉ်မမီတဲ့ဘဝနဲ့ တစ်သက်လုံး နေသွားရတော့မယ်. .

ပက်ပက်စက်စက်ယုတ်မာတဲ့ ခင်ဗျားကြီးမျက်နှာကို ကျွန်တော် လာကြည့်ဦးမယ်။ အခု ကံကြမ္မာက ခင်ဗျားကို ဒဏ်ခတ်လိုက်ပြီ။

ဘယ်လိုလဲ ခင်ဗျား ပြုံးနိုင်သေးရဲ့လား။

တစ်သက်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ နောင်တကြီးစွာ ရပေဦးတော့။

*

*ဆောင်းညာပြာ သိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို ထမင်းချိုင့်ဆွဲပြီး သူဝင်သွားချိန်မှာတော့ နေဇာမင်းခေါင်က ကုတင်ပေါ်မှာ သတိကောင်းကောင်းရနေပြီဖြစ်သည်။

ဒေါ်ကလျာတင်က သူ့ကိုမြင်တာနဲ့ -

"အတော်ပဲ မောင်ခြံရံ . . မင်း ဒီမှာ ခဏစောင့်ပေးဦး . . . အန်တီနဲ့ မောင်ဂုဏ်ရှိန် . . အိမ်ခဏပြန်ပြီး ရေမိုးချိုးလိုက်ဦးမယ် . . မစိုးလည်း ဒီမှာ ခဏနေခဲ့"

ပြောပြီး သူ့သမက်နဲ့ အတူတူ ပြန်လိုက်သွားခဲ့သည်။ ခြံရံက နေဇာ့အနားကပ်ပြီး မေးသည်။

"မမနေဇာ . . နေကောင်းတယ် မဟုတ်လား . . ကလေးရော တွေ့ပြီးပြီလားဟင်"

"အဲဒီကလေးကို နင် သိပ်တွေ့ချင်နေတယ် မဟုတ်လား . . နင်ပဲ သွားကြည့်လေ"

နေဇာက ဒေါသမျက်နှာနဲ့ သူ့ကိုရန်တွေ့လာတော့ မီးနေသည်ပါလားဆိုတဲ့ အသိနဲ့ အလျှော့ပေးကာ အာရုံလွှဲလိုက်သည်။

"ကလေးလေးကို ကျွန်တော့်အစ်မက နို့တိုက်ချင်လို့တဲ့ . . သွားခေါ်ပေးပါလား ဆရာမ"

နေဇာ ကြောင်ပြီး ကြည့်နေစဉ် ဆရာမက ကလေးခေါ်ဖို့ ထွက်သွားလေပြီ။





ကဲ . . ဒေါ်နေဇာမင်းခေါင် . . သတ္တိရှိရှိနဲ့ ရဲရဲကြည့်လိုက်ပါဦး . . ခင်ဗျား သွေးမတက်သွားဖို့ပဲ လိုတာ . .

"ဟဲ့ . . ငါ ကလေးကိုနို့တိုက်မယ်လို့ နင့်ကို ဘယ်သူပြောလဲ"

ခြံရံက ရယ်ကျဲကျဲလုပ်ကာ

"အဟီး . . မမနေဇာလည်း ကြားဖူးရဲ့သားနဲ့ . . နို့ဦးရည်က ကလေးတွေအတွက် ဆေးပဲ၊ ရောဂါတွေကို ကာကွယ်ပေးနိုင်တယ်လေ . . နောက် မတိုက်ရင် နေပါစေ၊ နို့ဦးရည်လေးတော့ တိုက်လိုက်ပါဗျာ . . သူလည်း အမေနို့လေး သောက်ခွင့်ရသွားတာပေါ့"

ခဏကြာတော့ ဆရာမက ကလေးလေး ချီပြီး ပြန်ဝင်လာသည်။

"ဒီမှာ အစ်မ . . အစ်မရဲ့သားလေးက ချစ်စရာ . . တစ်တုံးတစ်ခဲကြီး၊ သူ့အဖေနဲ့တူတယ် တွေ့လား . ."

နေဇာက မသိမသာ မျက်လုံးလေးစွေပြီး ကြည့်သည်။

ခဏလေးကြည့်လိုက်ပေမယ့် သူမမျက်နှာမှာ ကျေနပ်သွားတဲ့ အရိပ်အယောင်တွေ တွေ့လိုက်ရသည်။

သူမယောက်ျား ဂုဏ်ရှိန်နဲ့တူနေလို့လား . .

ဆရာမလေးက ကလေးကို နေဇာ့နံဘေးမှာ တစောင်းလေး ချပေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရင်ငွေ့ကို ကလေးလေးက သိပုံရသည်။ ပါးစပ်လေး တရမ်းရမ်းနဲ့ နို့လိုက်ရှာနေပုံလေးက သနားစရာလေး။

သူ့အိပ်မက်ထဲက ကလေးလေးနဲ့ ဘာလို့ တစ်ပုံစံတည်းတူနေရတာလဲ. . .

ဒါ. . တော်ရုံတိုက်ဆိုင်မှုမှ မဟုတ်တာ. .

နေဇာ လွတ်လွတ်လပ်လပ် နို့တိုက်နိုင်အောင် တစ်ဖက်ခန်းမှာရှိသည့် ဧည့်သည်ထိုင်ဆိုဖာခုံမှာ သူသွားထိုင်နေမိသည်။

နေဇာက ဆရာမ လာချပေးတဲ့ ကလေးလေးကို နို့တိုက်နေရင်း ကလေးလက်ကလေးတွေကို ကိုင်ကြည့်မိသည်။

ပြီးတော့. . တင်ပါးလေးနဲ့ ပေါင်လုံးလေးတွေကို စမ်းရင်း တစ်နေရာအရောက်မှာတော့. . .

"ဆရာမ. . ကလေး. . ကလေးခြေထောက်တစ်ဖက်ရော"

အလန့်တကြား မေးလိုက်တဲ့ နေဇာ့အသံကြောင့် သူဆက်ပြီး နားစွင့်နေလိုက်သည်။

ကြီးစိုးက စိုးထိတ်စွာဖြင့် -

"မောင်ခြံရံ. . နေဇာ တစ်ခုခုဖြစ်ရင်တော့ မင်း တရားခံဖြစ်တော့မှာပဲ"

သူ လက်ကာပြလိုက်သည်။ ဆရာမလေးက -

ဆောင်း ညပြာ သိစာပေ



"စိတ်မပူပါနဲ့ အစ်မရယ်. . သူလမ်းလျှောက်တတ်တဲ့အချိန်ကျရင် ခြေတုတပ်ပေးထားလို့ရပါတယ်. . ဘာမှ လျှောက်တွေးမနေနဲ့နော်. . တော်ကြာ. . သွေးတက်လာဦးမယ်"

"ဆရာမ ပြောတာက. . ဒီကလေး ကြီးလာရင် ခြေတုတစ်ဖက်နဲ့ ချိုင်းထောက်နဲ့လမ်းလျှောက်ရမယ်ပေါ့. . ဒီလိုလား"

သူ လှည့်ကြည့်လိုက်တော့ ဆရာမလေးက ခေါင်းညိတ်ပြလိုက်တာ တွေ့ရသည်။

ပိုပြီးထူးဆန်းတာက နေဇာဟာ ကလေးမျက်နှာကိုစိုက်ကြည့်ပြီး ရှိုက်ကြီးတငင်ငိုကြွေးနေတာပါပဲ။

မမနေဇာက အခုမှ မျက်ရည်ကျတာပါဗျာ. . ဒါပေမဲ့ ခင်ဗျားငိုတာကိုတော့ ကျွန်တော် မသနားဘူးဗျ. . ဒီကလေးက ကျွန်တော့်အိပ်မက်ထဲမှာ လာငိုနေတာ. . တကယ်သနားဖို့ကောင်းတယ်။

ခြံရံက နေဇာ့အနားမှာ သွားရပ်လိုက်ပြီး

"မမနေဇာ. . မတရားဘူးလို့ ခံစားနေရတယ် မဟုတ်လား၊ သားသမီး နှစ်ယောက်မှာ သူက ထိပ်ထိပ်လို ကိုယ်အင်္ဂါမပြည့်စုံဘူးလေ"

နေဇာ ဘာမှ ပြန်မပြောနိုင်ပါ။ ဒီကလေးလေးကို ကြည့်ပြီး သူမ ငိုချင်နေတာပဲ သိသည်။

ဆောင်း ညပြာ သိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးက သူ့အမေ ဘာဖြစ်ဖြစ် သိပုံ မပေါ်ပါ။ အမေနို့ကို စို့ပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေလေပြီ။

ခံနိုင်ရည်ရှိအောင်သာ အားမွေးထားပါ မမနေဇာ. .

ဒီကလေးလေးကြောင့် ခင်ဗျားတို့လင်မယား ဒီ့ထက်ပိုပြီး ထိရှရဦးမယ်. . နာကျင်ရဦးမယ်. . ခံစားရဦးမယ်။

'ထိပ်ဆုံးခ'ခြံကြီးထဲမှာ ကားမောင်းလာတဲ့ သက်တမ်းတစ်လျှောက်မှာ နေဇာမင်းခေါင် မျက်ရည်ကျတာ ဒါ ပထမဆုံး မြင်ဖူးတာပဲ။

◆



## (၂၁)

BURMESE CLASSIC

ခြံရံက ကားရေဆေးရင်း ခြံထဲမှာ ပြေးလွှားနေတဲ့ ထိပ်ထိပ်လေးကို ကြည့်လိုက်၊ သူ့အစ်မပြေးနေတာကို ဝိုးခဲ့လေးပေါ်မှာ ထိုင်ပြီး ငေးကြည့်နေတဲ့ လမင်းခလေးကို တစ်လှည့်ကြည့်လိုက်နဲ့ ဘယ်လိုမှ စိတ်မကောင်းနိုင်ပါ။

ကလေးချင်း တူပေမယ့် တစ်ယောက်က ပြေးနိုင်ပြီး တစ်ယောက်က လမ်းလျှောက်ဖို့တောင်မှ အနိုင်နိုင်ပါ။ ရေဆေးနေတာကို လက်စသတ်လိုက်ပြီး လမင်းခအနားကို သူလျှောက်သွားမိသည်။

"သားလေး. . မမနောက်ကို လိုက်ချင်လို့လား"

"လိုက်ချင်တယ်. . ဦးဦး"

"လိုက်ချင်ရင် လိုက်ရမှာပေါ့ကွ. . လာထား"

ခြံရံက ဝိုးခဲ့လေးကို အရှိန်ဖြင့်တွန်းပေးရင်း ထိပ်ထိပ်နောက်ကို မီအောင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းခက သဘောတွေကျပြီး ရယ်နေသည်။

ဘယ်ဘဝက ရေစက်လဲတော့ မသိ. . ကလေးနှစ်ယောက် လုံးက သူ့ကိုတော့ အသေခင်လေသည်။

ဒါကြောင့်လည်း သူ ဒီအိမ်မှာ မြဲနေတာပေါ့။

ဆယ်မိနစ်လောက် ဆော့ကစားပြီးတော့ လမင်းခလေးက သူ့မျက်နှာကို အားနာတဲ့ ပုံစံလေးနဲ့ လှည့်ကြည့်လာပြီး

"ဦးဦး မောနေပြီ၊ သား မဆော့တော့ဘူးနော်. . တော်ပြီ"

အလိုက်သိရာမှာ၊ လိမ္မာရာမှာ နှစ်ယောက်မရှိတဲ့ ကလေး လေးပါ။ အင်မတန်မှ ချစ်စရာကောင်းတဲ့ ကလေးလေးမို့ သူ့ရင်ထဲ မှာ မချိအောင် ခံစားရသည်။

"ဦးဦးလား. . မောမှာ၊ ကျောင်းမှာတုန်းက ဦးဦးက အပြေး ချန်ပီယံကွ. . ဒီလောက်တော့ အပျော့ပဲ"

"သားလည်း ဦးဦးတို့ မမတို့လို ပြေးချင်လိုက်တာ. . သား မှာ. . သားမှာ. . မမလို ခြေထောက်နှစ်ဖက်မှမရှိတာ"

သူ့ခြေထောက်လေးတစ်ဖက်ကို ငုံ့ကြည့်ပြီး ဝမ်းနည်းစွာ ပြောလာတဲ့ လမင်းခလေးကို သူ့ရင်ထဲ ဆွဲပွေ့ထားရင်း -

"သားခြေထောက်လေးက သိပ်မကောင်းလို့ ခဏဖြုတ်သိမ်း ထားတာပါ သားရယ်. . သိပ်မကြာပါဘူး၊ ဆရာဝန်ကြီးတွေက ဟင်





ချလောင်းဆိုပြီး တပ်ပေးလိုက်ရင် သားခြေထောက်လေး ပြန်ကောင်း သွားမှာ"

"ဦးဦး တကယ်ပြောတာနော်"

"တကယ်ပေါ့ သားရဲ့. . လူကြီးက လိမ်ပါ့မလား"

"ဦးဦး"

"ဗျာ"

"သားလေ. . ရွှေရောင်ကြီးနဲ့ဘုရားကို ဖူးချင်တယ်. . သား ကို လိုက်ပို့ပေးနော်"

ဘုရား. . ဘုရား. . ဒီအိမ်က လူတွေထဲမှာ ဘုရားဖူးချင်လို့ လိုက်ပို့ပေးပါဆိုပြီးပြောတဲ့သူက လမင်းခလေး ဖြစ်နေတာ မထူးဆန်း ဘူးလား။ ကြက်သီးတဖျန်းဖျန်းထသည်အထိ သူခံစားလိုက်ရသည်။

"ပို့ပေးမှာပေါ့ သားရယ်၊ ကြီးစိုးတို့ပါ ခေါ်ပြီးသွားရအောင် လေ. . သားကို ဘုရားမှာ ခေတ်လှေကားပေးစီးမယ်နော်"

"ခေတ်လှေကားဆိုတာ ဘာလဲဟင်"

"ခြေထောက်နဲ့ တက်စရာမလိုဘူးလေ. . သူ့အလိုလို ဟိုး အမြင့်ကိုတက်သွားတာ၊ သားက အသာလေးထိုင်ပြီးလိုက်သွားရုံပဲ"

"ဦး ပြောတာနဲ့ သားစီးချင်လာပြီ. . မနက်ဖြန်ကျရင် ပို့ပေး နော်. . မမလည်း လိုက်မယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးသွားရင် မမ လိုက်မှာပေါ့"

"လိမ္မာလိုက်တာကွာ"

တံငါနားနီး တံငါ တဲ့။ သူနဲ့ပဲ အနေများလို့လား မသိ. . . ထိပ်ထိပ်လေး တဖြည်းဖြည်းနဲ့ ပြောင်းလဲလာပါပြီ။

သူကျေနပ်တာ နောက်တစ်ခုက ထိပ်ထိပ်မှာ အစ်မကြီးဆိုတဲ့စိတ် လုံးဝ ဝင်နေပြီ။ သူ့မောင်လေးကို အရိပ်တကြည့်ကြည့်နဲ့ကို ချစ်နေတာ။

မောင်လေးက ထိပ်ထိပ်လို မဟုတ်တော့ သနားလိုက်တာ တဲ့လေ. . .

ခြံထဲကို နေဇာမောင်းလာတဲ့ ကားလေး ဝင်လာသည်။

အမေ ပြန်လာတာတွေ့တော့ လမင်းခလေးက ဒိုးချဲလေးကို ကိုယ်တိုင်တွန်းကာ သူ့အမေ ကားရပ်တဲ့နေရာမှာ သွားပြီး စောင့်နေသည်။

နေဇာ ကားပေါ်က ဆင်းလာတော့ လမင်းခက ပြုံးပြုံးလေး မေးသည်။

"မာမီ. . သားမှာတဲ့ ဘောလုံးပါလာလားဟင်"

နေဇာ မျက်နှာ ကွက်ခနဲပျက်သွားသည်။

"အဲဒီဘောလုံးကို ဘာဖြစ်လို့လိုချင်တာလဲ"





နေဇာက မာဆတ်ဆတ်လေး မေးတော့ လမင်းခ မျက်ရည်လေး ဝဲသွားသည်။

"သား ကြီးလာရင် ဘောလုံးကန်ချင်လို့ပါ မာမီ"

"ဘာ"

အသံအကျယ်ကြီး ထွက်သွားပြီး ဒေါသတွေ ထွက်လာတဲ့ နေဇာဟာ အသက်ကို ဝအောင် ရှူသွင်းနေပုံရသည်။

ရင်ဘတ်အစုံက နိမ့်ချည်မြင့်ချည်ဖြစ်လို့ နေသည်။

အဲဒီနောက်မှာတော့ နေဇာဟာ ရပ်နေရာမှ ဒူးထောက်ပြီး ပြိုလဲကျသွားပါသည်။ သူ့သားရဲ့ဒိုးချဲလေးကို အားပြုကိုင်ထားပြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

အင်မတန်မှမာကြောတဲ့ မမနေဇာတစ်ယောက်. .

ကံကြမ္မာရဲ့ဒဏ်ခတ်တဲ့ အလဲထိုးမှုအောက်မှာ. .

မငိုဘဲ မနေနိုင်တော့ပါလား. . .

ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပဲ ပြန်လာတာပါ. . .

ဆက်ပြီး ငိုဦးပေါ့ မမနေဇာ . . .

မှုံပိုင်နှင်းဆီ

7;20 AM

23rd, August, 2014, Saturday



www.burmeseclassic.com

www.burmeseclassic.com

## [illegible] ထွက်ရှိပြီးစာအုပ်များ

၁။ ပင်လယ်ရေချမ်းနွေမှာခန်း (DVD ဇာတ်ကားကြီး)
(နေတိုး၊ သက်မွန်မြင့်–ဒါရိုက်တာ ဝင်းထွန်းထွန်း)

၂။ ပွဲစားလူးလာအူးကာလို့မရ(ဗွီဒီယို)
(မင်းမော်ကွန်း၊ ရဲအောင်၊ ဇေလုဝ၊ စိုးမြတ်သူဇာ၊ ခင်လေးနွယ်၊ ဒါရိုက်တာ ကိုဇော်–အရုဏ်ဦး)

၃။ ဒါရိုက်တာ ၂၀၀၉

၄။ စပ်မထိဘုံငေါင်

၅။ ဇေသုံးဇေ(ဗွီဒီယို)
(မင်းမော်ကွန်း၊ ရဲအောင်၊ မိုမိုမြင့်အောင်၊ မေသန်းနု၊ နိဘယ်ကျော်ကျော် ဒါရိုက်တာ ဝင်းထွန်းထွန်း)

၆။ တူညီ..ဝိုးလ်..မိုက် (ဗွီဒီယို)

၇။ နောက်ကြည့်အစိတ်..ရှေ့ကြည့်လေးဆယ်(ဗွီဒီယို)
(မင်းမော်ကွန်း၊ မိုးဟေကို၊ ဒါရိုက်တာ ကိုဇော် – အရုဏ်ဦး)

၈။ ဖွံ့ရှစ်(ရုပ်ရှင်ကားကြီး)

၉။ ပင်လယ်ရေမျက်နှာပြင်ထက်ကမွန်းချယ်ရီ (ဗွီဒီယို)
(မြင့်မြတ်၊ နဝရတ်၊ မင်းဦး၊ ဒါရိုက်တာ–နေပိုင်)

၁၀။ လက်မှတ်

၁၁။ ဝုလင်းကွဲ (ဗွီဒီယို)
(မင်းမော်ကွန်း၊ မိုးဟေကို၊ ဒါရိုက်တာ–နေပိုင်)

၁၂။ အားအားယားယား (DVD ဇာတ်ကားကြီး)
(ရန်အောင်၊ ရဲအောင်၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ ခင်လေးနွယ်၊
[illegible]

၁၃။ ကျွန်တော်နဲ့ဟာသမယ်များ(ဗွီဒီယို)
(မင်းမော်ကွန်း၊ မိုမိုမြင့်အောင်၊ စိုးမြတ်သူဇာ၊ နိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်၊ ဒါရိုက်တာ – ကုသိုလ်)

၁၄။ ဘဝသောင်ယံကမ်းစပ်လှိုင်းထန်

၁၅။ ဟိုးတောင်ခြေမှာရောင်နီတွေမို့ပြီလွှာ

၁၆။ တောင်ပေါ်မြို့ရဲ့ရစ်သမ်မျိုး (ဗွီဒီယို)

၁၇။ မယားကြီး FC Vs မယားငယ် FC

၁၈။ ဘူဇွာဟိုတယ်

၁၉။ နွေထနောင်းဆောင်းသက်သေ (ဗွီဒီယို)

၂၀။ အသိုက်ဖြိုဖွက်

၂၁။ ဝိညာဉ်ဆိုတဲ့သီချင်းသံ (ဗွီဒီယို)
(ပြေတီဦး၊ ဝတ်မှုန်ရွှေရည်၊ ဝိုင်းဆုခိုင်သိန်း၊ ဒါရိုက်တာ–နေပိုင်)

၂၂။ ဝမ်းတွင်းအောင်သွယ်တော် (ဗွီဒီယို)
(ညီမြိုး၊ စိုးပြည့်သဇင်၊ ဇေလုဝ၊ ဒါရိုက်တာ–နေပိုင်)

၂၃။ သေတွင်းဝက IVY (အိုင်ဗီ)

၂၄။ မိုးကုပ်စက်ဝိုင်းရဲ့ နံနက်ခင်းနေရောင် (ဗွီဒီယို)

၂၅။ ပေရယ်ညွန်းစာဖွဲ့ (ဗွီဒီယို) (ဇေရဲထက်၊ နန်းခင်ဇေယျာ၊ မေသန်းနု၊ မေသဉ္ဇာဦး၊ ဒါရိုက်တာ နေပိုင်)

၂၆။ ဟိုင်းဝေးလမ်းကလိပ်ပြာဖြူ (ဗွီဒီယို)
(မြင့်မြတ်၊ စံရတီမိုးမြင့်၊ ဒါရိုက်တာ သားကြီး)

၂၇။ ဆရာမကြီးလို့ တံဆိပ်လာမတပ်နဲ့ (ဗွီဒီယို)
(ဇေရဲထက်၊ စံရတီမိုးမြင့်၊ ဒါရိုက်တာ နေပိုင်)

www.burmeseclassic.com